
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မြပုလဲသွယ်

နှလုံးသားနုနု

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၆၁၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၉၁၀၄၁၂ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း။<br>မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း။<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၃၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

နှလုံးသားနုနု / မြပုလဲသွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) နှလုံးသားနုနု


BURMESE CLASSIC .com

## အခန်း (၁)

"သူနာမည်က ခင့်ကိုကိုတဲ့"

"ဘာ"

"ဟယ်…ဖြည်းဖြည်းအော်ပါ ခင်ရယ်၊ ဒီမှာ လန့်သွားတာပဲ"

"မဟုတ်ပါဘူး…နာမည်ကိုက တင်စီးလွန်းလို့ပါ"

"ဘာဖြစ်လဲ ခင်ရဲ့၊ ရှင် မခေါ်ချင်ရင်နေပေါ့၊ တခြားလူတွေအားလုံး ကိုကို့ကို ခေါ်ချင်လွန်းလို့"

"သွားစမ်းပါ၊ အဲဒီအားလုံးထဲမှာ ခင် မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ခင့်မျက်နှာလှလှလေးက တင်းသလို လေသံကလည်း မာ၍ သူငယ်ချင်းတွေအကြည့်က ခင့်ထံ စုပြုံရောက်လာ၏။ အားလုံးက ကျောင်းသားအသစ်အကြောင်း အသည်းအသန် စိတ်ဝင်စားနေချိန်မှာ ခင်က စိတ်မဝင်စားဘူးဆိုတော့ နည်းနည်းတော့ ထူးဆန်းသလိုလို ဘာလိုလို။

"ခင်က ကွင်းဆိုတော့ ပြောအားရှိမှာပေါ့"

ပိုးပိုးစကားကြောင့် ခင်က မျက်ခုံးလေးတွန့်ပြီး ပိုးပိုးကို လှမ်းကြည့်သည်။

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ခင်က ကွင်းဘွဲ့ရထားတော့ ကိုကို့ကို ဂရုစိုက်စရာလား၊ ပိုးပိုးတို့က ခင့်လောက်မလှတော့ ကိုကို့လိုလူချော တစ်ယောက်ကို ဂရုစိုက်ရ၊ စိတ်ဝင်စားရ ဖြစ်ကြရတာပဲလေ ဟုတ်တယ်မဟုတ်လား ယမင်း"

"ပိုးပြောတာ ဟုတ်တယ်၊ ကိုယ်က ရုပ်မလှတော့လေ"

"တော်ပါ ယမင်းရယ်၊ ရှင်ပြောတဲ့ အတိုင်းသာဆို ရုပ်ဆိုးတဲ့မမတွေ ဘယ်သူမှ ယောကျ်ားရမှာ မဟုတ်ဘူး"





"သဘောပြောတာပါ ခင်"

"ကိုကိုက သူ့မြို့မှာ ဘောလုံး၊ ရေကူး၊ ကြက်တောင် အားလုံးမှာ ချန်ပီယံတဲ့"

"ကျောင်းစာမှာလည်း လူရည်ချွန်ရထားတယ်ဆိုတာ ထည့်ပြောဦးလေ၊ ဒါပေမဲ့ စာကြမ်းပိုးပုံကျတော့ မပေါက်ဘူးနော် ပိုးပိုး"

ခင့်ပခုံးကိုကွယ်ရင်း ယမင်းက ပိုးကို လှမ်းပြောတော့ ပိုးပိုးက ခေါင်းညိတ်သည်။

"သူက ချောတာကိုး"

ဘာမှမဆိုင်ဘဲ ရုပ်ချောတာကို ထည့်ပြော၍ ခင် မျက်စောင်းရွယ်လိုက်၏။

"သွားစမ်းပါ၊ သူရုပ်ချောတာ ဘာလုပ်ရမှာလဲ၊ သူ ချန်ပီယံဖြစ်တာ သူ့မြို့မှာ၊ အခု ဒီမြို့မှာ ခင်က ချန်ပီယံ၊ မယှဉ်နဲ့ မရဘူး"

"ဘယ်သူကရော ယှဉ်မယ်ပြောလို့လဲ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားရာသို့ အားလုံးအကြည့်တွေ ပြိုင်တူရောက်သွားချိန်မှာ မြင်လိုက်ရတာက တင်းမာခက်ထန်သော မျက်နှာတစ်ခု။ စူးရဲသောမျက်ဝန်းအစုံက ခင့်မျက်နှာရှေ့တည့်တည့်မှာ။ ချောမောခန့်ညားစွာ ယောကျ်ားပီသသော မျက်နှာမှာ မျက်ခုံးနှစ်ခုက ထိစပ်လုနီးပါး တွန့်ကုတ်လျက်။

နှာတံပေါ်ခြင်း၊ နှုတ်ခမ်းပါးရဲခြင်းတို့ကြောင့် ဘယ်လိုပဲကြည့်ကြည့် လူချောတစ်ယောက်ဆိုတာ ငြင်းပယ်၍မရတာ လုံးဝအထင်အရှားဖြစ်၏။ မျက်ဝန်းချင်းအဆုံမှာ ခင်ကလည်း တစ်ဖက်လူကို သူ့ပုံစံအတိုင်း တင်းမာခက်ထန်စွာ တုံ့ပြန်ကြည့်လိုက်တော့ မျက်ဝန်းနှစ်ခု အားပြင်းစွာ ဆုံသွားသည်။ ဘယ်သူကမှ အကြည့်ကို မလွှဲ။

"ရှင်က ဘယ်သူလဲ"

"မင်းပြောနေတဲ့လူ"

"ဘာရှင်"

"ကိုကို…ခင့်ကိုကို"

စကားကို ရိုးရိုးပြောတာမဟုတ်။ ခင်နဲ့ကိုကိုကြားမှာ အဓိပ္ပာယ်အများကြီးပါသည့် အကြည့်အပြောတွေက ဘာလိုလိုဆိုတော့။

ခင့်မျက်နှာလှလှလေး ဖြန်းခနဲ နွေးသွားသလို မျက်နှာထားကလည်း ပိုတင်းသွား၏။

"ဘာ ခင့်ကိုကိုလဲ၊ ယောက်ျားဖြစ်ပြီး ယောကျ်ားနာမည် မှည့်ပါလား"

"စကားကို ဆင်ခြင်ပြော အမိ၊ ကျုပ်နာမည် ခင့်ကိုကိုဖြစ်တာနဲ့ မင်းနဲ့ဘာဆိုင်လို့လဲ"

"မဆိုင်လို့ပေါ့၊ ဆိုင်ရင် ပွဲသိမ်းပစ်တာ ကြာလှပြီ"

"ဟဲ့…ခင်"

"သြော်…ဟော် မင်းနာမည်က ခင်ကိုး"

အခုမှ သူက သဘောပေါက်သွားသလို ခင့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပခုံးတစ်ချက်တွန့်လျက် ခင့်ကိုကိုဆိုသည့် သူ့နာမည်အပေါ်မှာ ခင် ဘာဖြစ်လို့ စိတ်ဆိုးဒေါသဖြစ်နေရတာလဲဆိုတာ ပိုသဘောပေါက်သွား၏။

"မင်းနာမည်ကရော ခင်တစ်လုံးထဲပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဘာဖြစ်လဲ"

ခင့်လေသံက မကျေနပ်ခြင်းတွေနှင့် ဂျစ်ကန်ကန်။ ဒါပေမဲ့ ဒေါသဖြစ်နေသည့် ခင့်ပုံစံလေးက သိပ်လှတာကိုတော့ ကိုကိုကိုယ်တိုင် ငေးခနဲ ကြည့်ဖြစ်သည်။

"မင်းက ခင်၊ ကိုယ်က ကိုကို၊ နာမည်နှစ်ခါပေါင်းတော့ ခင့်ကိုကို"

"ရှင် ဘာစကားပြောတာလဲ"

"နားမကောင်းရင် ဆေးရုံသွားပြ"

"ဘာ"

"သိပ်ဒေါသကြီးမနေနဲ့"

ဆတ်ခနဲ ပြန်လှည့်လာသော ခင့်မျက်နှာမှာ မျက်လုံးတွေက မီးကျီခဲတွေ ရဲရဲတောက် အရောင်လက်ဖြာနေပုံက ကြောက်စရာ။

"ရှင်ဘာပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ"

"ယောကျ်ားဖြစ်ပြီး အလကားလူ"





"ဘာ"

မေးပြီး ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပုံက လေတိုက်လိုက်သလို ခင့်နားသို့ ချက်ချင်း ရောက်လာသည်။ ရန်ပွဲကြဲတိုင်းသားကနေ ဖျန်ဖြေဆွဲရင်း အခြေအနေမဟန်ပါက ဝေးရာသို့ပြေးရန် ဟန်ပြင်တတ်သော ပိုးပိုးနဲ့ယမင်းက ဖျတ်ခနဲ မတ်တတ်ရပ်၍ သတိအနေအထားဆွဲသည်။

ခင်ကတော့ အေးဆေးပင်။ နောက် စာရေးခုံရှည်ပေါ် ဇာတောင်ဆစ်နှစ်ဖက် နောက်ပြန်ပစ်ထောက်ရင်း အထပ်ထပ်ဖြစ်အောင် တမင်ညှပ်ထားသည့် ဆံပင်တိုတွေကို ဆတ်ခနဲ ခါထုတ်ကာ...

"ငါပြောတာ နင်မကြားဘူးပေါ့၊ ဒီအကွာအဝေးလောက်နဲ့ မကြားရင် နောက်ထပ် ဘွဲ့တစ်ခုထပ်တိုးမှာပဲ၊ အပွန်း...ငထိုင်းလို့ခေါ်ရင် ကောင်းမလား"

"နားလေးလို့ခေါ်ရင်..."

"နင်"

"ခင်"



www.burmeseclassic.com

www.burmeseclassic.com



ခင်က လက်အမြောက် ဘေးကနှစ်ယောက်လည်း ခင့်နာမည်ကို သံပြိုင်အော်ကာ မျက်နှာလွှဲပစ်တော့ပြိုင်တူ။

"ဒုန်း"

ခန် အသံကြီးကြားမှ အလန့်တကြား ဒီဘက်ပြန်လှည့်တော့ ခင်က ထိုင်နေပုံတောင်မပျက်။ မထီတရီပြုံးကာ ဒူးနန့်လျက်ရှိရင်း ဟိုတစ်ယောက်က စားပွဲခုံပေါ် လက်သီးဆုပ်ကြီးနှင့် ထိကာသေတော့ သတ်တော့မတတ် မျက်နှာနှင့်…

"တွေ့လား၊ သူ ငါ့ကို မထိုးရဲပါဘူးဆို"

"နင်"

ကိုကို့ဒေါသက အမြင့်ဆုံး ရေချိန်မှတ်သို့။ မိန်းကလေးမို့ ကိုယ်က ရှောင်ချင်ပေမဲ့ ဒီလောက်တည့်တည့်ကြီး မငြိငြိအောင် လိုက်ချိတ်နေခြင်းကို သည်းမခံနိုင်တော့ဘဲ အဲဒီအပိုးမကျိုးသော မျက်နှာကြီးဆီ လက်သီးချက် မိမိရရ ပစ်သွင်းရန် အရွယ်မှာပဲ…

"ဟော…ဟော့ ကိုကို"

"မင်းကွာ…စိတ်တန်းကျတယ်ဆိုလို့ ရှာလိုက်ရတာ"

မိုးပေါ်က ပြုတ်ကျလာသလို ဘေးဘယ်ညာရောက်လာ





သည့် နှစ်ယောက်က ကိုကို့လက်မောင်းကို ဆွဲခေါ်လာတာ အတန်းဝရောက်တဲ့အထိ။

"နေစမ်းပါ…မင်းတို့က"

ကိုကိုက ဆွဲခေါ်သည့်ကြားမှ နောက်လှည့်လည်ပြန်ကြည့်ခဲ့တာ။ ဒီရုပ်ပိုင်ရှင်အား ကြည့်မဝရှုမဝလို့ မဟုတ်ပါ။ သတ်ချင်ဖြတ်ချင်သော ဒေါသက လူကို ဘီလူးစီးသလို စီးထားလေပြီ။ သူမကတော့ သူ့အကြည့်ကို လျှာထုတ်ကာ ပြောင်ပြသေးတာမို့…

"ကျစ်…ဖယ်စမ်းကွာ"

"လာပါ ကိုကိုရာ၊ မင်းဒေါသတွေ ဘရိတ်အုပ်လိုက်စမ်းပါ"

"မင်းကို ညကတည်းက သူ့အကြောင်းပြောပြဖို့ ငါတို့မေ့သွားတာပါကွ၊ ငါတို့အပြစ်"

"မင်းတို့နဲ့ မဆိုင်ပါဘူး၊ ငါ့ကို သက်သက်ရန်စတာ"

"အဲဒါ သူ့အကျင့်ပဲ ကိုကို"

"ဘာ"

ကျောင်းရှေ့ ကုက္ကိုပင်ကြီးအောက်ရောက်မှ တွဲထားသော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို ဖြုတ်ချသဖြင့် ကိုကိုမှာ လွတ်လွတ်လပ်လပ်ကြီး ခါးထောက်ခွင့်ရသွားသည်။ ဥက္ကာက ဒေါသအရှိန်နှင့် နီမြန်းမြန်း ဖြစ်နေသော ကိုကို့ပခုံးအား သိုင်းဖက်ရင်း…

"ဟုတ်တယ်ကွ၊ သူက ငါတို့တစ်ကျောင်းလုံးရဲ့မြွေ"

"ဥက္ကာ…တစ်ကျောင်းလုံးဆိုတာ နည်းသေးတယ်၊ တစ်မြို့လုံးရဲ့ မြွေ"

တင်ကိုက ဝင်ပြောတော့ ဥက္ကာက ခေါင်းညိတ်ထောက်ခံရင်း…

"အေးလေ…သူက နာမည်ကိုက တင်စီးနေတော့လဲ"

"တင်စီးရအောင် သူ့နာမည်က ဘာမို့လို့လဲ"

ဒေါသအရှိန်မပြေတာမို့ မေးတဲ့လေသံကိုက ဘုဆတ်ဆတ်။ တင်ကိုနဲ့ ဥက္ကာက ဟိုဒီဝေ့ဝဲကြည့်ရင်း ပခုံးတွေ သိုင်းဖက်ကာ ခေါင်းသုံးလုံး ပူးသွားပြီးနောက်…

"သူ့နာမည်က…"

❖ ❖ ❖



အခန်း (၂)

"ဝေး…ခင်…ခင်ကွ…ခင်"

"ခင်…ဆွဲပြေးထား"

"ခင် သတိထားဟော့၊ နောက်မှာ ညောစ်ကြီးပါလာတယ် ဟော့၊ လိမ်…လိမ်…လိမ်ပြီးပြေး"

"ဦးတိုင်ဝက ငမဲကြီးကို အပိတွယ်ဟော့…ခင်"

"ပြေးပါဟ"

"ဟိုအကောင် ဘာလို့ ရှေ့ကအတင်းပိတ်နေတာလဲ၊ ငါ ပြောင်းဖူးရိုးနဲ့ ပေါက်ပစ်ရ မကောင်းပဲရှိတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘဲ အသံတွေသာကြားရလျှင် လူရှိန်ဖွယ်ရာတွေရှိသည်။ မြန်မာနေရှင်နယ်လိဂ်ထဲက တစ်သင်းသင်း လာကန်နေသယောင်။ တကယ်တမ်း သွားကြည့်မှ ဟိုဘက်ဒီဘက် ရပ်ကွက်နှစ်ခုကြားက မညီမညာ ဘောလုံးကွင်းမှာ နှစ်ဖက်ရပ်ကွက်က လူတွေ ချိန်းကန်ကြတာမျိုး။ ဘောလုံးကွင်းဘေးပတ်ပတ်လည်မှာတော့ ကိုယ့်ရပ်ကွက်ကိုယ် အားပေးသူတွေက ကွင်းလုံးညွတ်နေ၏။

"ငါတို့ရဲ့ ရှာဆော်ကြီးကွ"

ဥက္ကာက လူကြားထဲတိုးဝင်ရင်း နောက်လှည့်သတင်းပို့သည်။ သုံးယောက်သား တစ်ယောက်ပခုံး တစ်ယောက်ကိုင်၍ မီးရထားတွဲကြီးလိုမို့ သူ့ရှေ့ရှိ တင်ကိုက သူ့ထံလှည့်ပြီး...

"ခင် ပါတယ်တဲ့"

"ဒီလောက်အော်ဟစ်ပြီး အားပေးနေတာ မင်းမကြားဘူးလား"

အဲဒီနာမည်ကြားလျှင် ဒေါ်သက အစိုးမရဘဲ နီးရာလူဆီမဲချင်သည်။ ကိုကို့ကို နှပ်ပစ်သွားတာ ပူပူနွေးနွေးမို့ ပြန်တွေးတိုင်း





အခဲမကျေ။ မိန်းကလေးတန်မဲ့ ပါးစပ်ကပြောထွက်တာများ စက်သေနတ် မွေ့ယမ်းသွားသလို တရစပ်။ ကိုကို့ကို ပြောသွားတာ တစ်ထိုင်တည်းမှာပဲ အီးပေါ်လောတွေ၊ ကြောက်တွေနှင့် နားပါလေးပေးလိုက်ရတဲ့ သူ့အဖြစ်က သူ့မပါးစပ်ထဲရောက်မှ ဘဝပေါင်းစုံတော့သည်။ ထို့ကြောင့် ဒီအမည် ဒီအသံကြားတိုင်း ခဲထားရသော ဒေါ်သက လစ်မစ်မရှိဘဲ ခေါင်းထောင်ထချင်လာ၏။

"လာကွ...ဒီဘက်ရှေ့ကို၊ ထိုင်ကြည့်လို့တောင် ရတယ်"

တိုးရင်းနှင့် ဘောလုံးကွင်းနားအထိ ရောက်သွားတာ နီးနီးကပ်ကပ်။ ဥက္ကာနဲ့တင်ကိုက မြောင်းဘောင်လိုဖြစ်နေသည့် မြေသားမို့မို့ပေါ် ထိုင်ချပြီး ကြည့်ပေမဲ့ သူကတော့ နောက်နားမှာ မတ်တပ်ပဲရပ်နေမိသည်။

"ခင်က ဒီရပ်ကွက်တွေက မဟုတ်ဘဲနဲ့ ဘယ်လိုလုပ်ပြီး သူက ကိုယ်စားပြု ဝင်ကန်တာလဲ"

ထုံးစံအတိုင်း တင်ကိုက မအူမလည်နှင့် မေးခွန်းစထုတ်သည်။ ဥက္ကာက ဆရာကြီးစတိုင်အပြည့်နှင့် မရှည်သော အင်္ကျီသက်တွေကို လက်မောင်းရင်းနားအထိ ဆွဲတင်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်း ကြေးစားလုပ်တာလား၊ ဒါမှမဟုတ် တစ်ဖက်ရပ်ကွက်က ကောင်တွေလို လူချချင်လို့ ဝင်ကန်တာလည်း ဖြစ်နိုင်တာပဲ၊ ဟော...ဟော ပြောရင်းဆိုရင်း"

ဥက္ကာက စကားကို ပြီးအောင်မဆက်နိုင်။ ကိုကိုလည်း တွေ့နေရပါသည်။ ရပ်ကွက်ဘောလုံးကွင်းမို့ ဖြစ်သလို ဝင်ကန်ကြသည့်အထဲ ကိုကို့ရဲ့မေတ္တာတုံးက အနီရောင်တီရှပ်၊ ဂျင်းပင်(န်)ကို ဒူးနားအထိ လိပ်တင်ထားပြီး နဖူးမှာ အနီရောင် သားရေပတ်ကြီး စည်းထားသဖြင့် တစ်ကွင်းလုံးမှာ သူမက အထင်ရှားဆုံး။ ထင်ရှားပါသည်ဆိုမှ နောက်မှဖြတ်တက်လာသော တစ်ဖက်အသင်းသားကို ကိုယ်လုံးနှင့် ဝင်တိုက်ပစ်ကာ သူမဆီးမှ ဖြတ်တက်ကာ ဘောလုံးသယ်သွားသူရဲ့ အင်္ကျီစကို လှမ်းဆွဲထားကာ ဘောလုံးကို အတင်းဝင်လုံးကာ လုသည်။

"ဟေး...ခင်ကွ"

ကွင်းထက်ဝက်ခန့်က သူမကို အော်ဟစ်အားပေးသလို

"ဘာ ခင်လဲ၊ ဒိုင်လူကြီး မျက်စိမမြင်ဘူးလား၊ ဗလိုင်းကြီး လူချနေတာ"





"ဟော့...ဘောလုံး သူ့ခြေထဲရောက်သွားလည်း ကန်ခွင့်မပေးနဲ့"

"ညစ်တာဟော့၊ အားကစားစိတ်ဓာတ်မရှိဘူး"

ဥက္ကာကပါ မနေနိုင်မထိုင်နိုင် ထအော်တော့...

"ဘာ အားကစားစိတ်ဓာတ်မရှိဘူးလဲ"

ဘေးနားက ကပ်ကပ်လေးထွက်လာတာက ခင့်ရဲ့အပေါင်းအဖော်တွေ၏အသံ။

"အဟဲ...ပိုးပိုး"

"ပိုးပိုးတွေ ဒိုးဒိုးတွေ လုပ်မနေနဲ့၊ ကိုယ့်ကျောင်းသားဘက်မပါဘဲ နင်က ဟိုဘက်သွားနာနေရအောင် အဲဒါ နင့်ယောက်ျားမို့လား"

ညီမ ပိစိကွေးလေးရှိသော ဥက္ကာမှာ ဘာမှမပြောနိုင်ဘဲ ပါးစပ်ပိတ်သွားသည်။ တစ်ယောက်က စခန်းငြိမ်းတော့ ကျန်တစ်ယောက်က ဖျန်ဖြေရေးဝင်သလိုနှင့်...

"လာပါ မိပိုးရာ၊ ပြောမနေနဲ့၊ ဒင်းတို့ကို စကားပြောရတာ နွားကို မှန့်ဟင်းခါးကျွေးရတဲ့အတိုင်းပဲ၊ ကိုယ်က ငါးအရသာ



www.burmeseclassic.com

www.burmeseclassic.com



သိစေချင်လို့ ကျေးပါတယ်၊ သူတို့က မြက်သာအကောင်းဆုံးဆို တာလိုမျိုး”

ကြည့်…ကွင်းထဲကတစ်ဦး သွင်းရန် ကြိုးပမ်းနေချိန်မှာ ကွင်းပြင်က သူတို့အဖြစ်ဟာ တစ်ဂိုးပြီးတစ်ဂိုး အသွင်းခံနေရတာမျိုး။

ဥက္ကာနှင့် တင်ကိုက မအီမလည်ရုပ်ကြီးတွေနှင့် သူ့ကို လှည့်ကြည့်သည်။ သူက ‘မင်းတို့ အရှက်မရှိသွားရောတာ’ လို့ ပြောချင်သည့် စကားတွေကို မျက်လုံးမှာ ပေါ်စေလျက်က…

“ဟော့…ဟော့ ဝိုး”

ဝမ်းသာအားရ အော်သံနှင့်အတူ သူ့အကြည့်တွေ ကွင်းထဲ ပြန်ရောက်သွားသည်။ အနီရိပ်က ဂိုးတိုင်ရှေ့ဘောလုံးကို ဆွဲယူပြီး ကန်သွင်းရန် ခြေထောက်အပြင်…

“ဟာ”

အနောက်မှ တစ်ယောက်က သူမကို ခါးဆီမှ သိမ်းဖက် သည်။

“အယ်…ဒါ…သက်သက်အသားယူတာ”





“ကြည့်စမ်း…ငမဲကြီး၊ ချိုပြီး ဒီဘက်ကို လှည့်ရယ်ပြနေတာ တွေ့လား”

ခင့်ရဲ့ မိန်းကလေးပရိသတ်တွေက ဆွေ့ဆွေ့ခုန်နေသလောက် ယောကျ်ားလေး ပရိသတ်တွေက တဟေးဟေးနှင့် ပွဲကျကုန်၏။ ပွဲမကျဘဲ မခံနိုင်။ နောက်မှ ချီမထားသူကြောင့် သူမက ဘောလုံးထက် မြင့်နေသော ခြေထောက်တွေ ယက်ကန်ကန်နှင့်မို့ ရယ်ချင်စရာ။

ဘောလုံးပွဲကလည်း ရုတ်ခြည်း ဘာပွဲအဖြစ် ပြောင်းလဲသွားလည်း မသိတော့ဘဲ တဟီးဟီး တဟားဟား ဖြစ်ကုန်ချိန်မှာပဲ

“ကဲဟာ”

ခင်က နောက်စေ့နှင့် နောက်မှ သိမ်းဖက်ထားသူထံ အားပါးတရ ပစ်တိုက်တာမို့…

“အား”

နှာခေါင်းဆီမှ သွေးတွေ ဖြာခနဲထွက်ကာ ခင့်ခါးဆီချုပ်ထားသော လက်တွေပါ ပြေကျသွား၏။ ခြေထောက်တွေက မြေသို့ ထိထိချင်းပဲ ခင်က ဘောလုံးကို ဂိုးတိုင်ဆီ တန်းတန်းမတ်မတ်



www.burmeseclassic.com

www.burmeseclassic.com

ကန်သွင်းပစ်လိုက်သည်။

"ဝေး…ခင်ကွ"

တစ်ကွင်းလုံး အော်သံတွေ လျှံထွက်လာတာကို ကြည်နူး မနေအားဘဲ သူမနောက်နား၌ ရပ်လျက်ရှိသော ငမဲကြီးဆီ တည့်တည့်လှည့်ရပ်တော့…

"ခင်…ငါက စတာပါဟ၊ အဟဲ ကျေပြီနော်၊ ငါ့နှာခေါင်းသွေးလျှံသွားပြီ"

အတင်းကြီး မျက်နှာချိုသွေးကာ ကျောခိုင်းနေသော ငမဲကြီးအား ခင်က နှုတ်ခမ်းတွေ ကော့တက်အောင် ပြုံးပြရင်း…

"ငါက အခုမှ ကျေမှာ"

ခင့်ရဲ့ ခြေကန်ချက်သည် ငမဲကြီးရဲ့ ပေါင်လည်နေရာ တည့်တည့်သို့ အရှိန်ပြင်းစွာ ပင်ရောက်သွားပြီးနောက်…

"အား"

မချိမဆန့်အော်သံကြားမှ မျက်လုံးကြီးပြူးထွက်လာသော ငမဲကြီးဆိုသူအား မကြည့်ရက်စွာ ကိုကိုက မျက်နှာလွှဲရင်း လုပ်ရက် သူ သူမအား လက်လန်ပါသည်…ဒေါ်ခင်။

❖ ❖ ❖



## အခန်း (၃)

"ရှေ့မှာ ဘာပိတ်ရပ်နေတာလဲ၊ လမ်းဖယ်ပေး"

ကိုကိုက ခပ်ထန်ထန်အော်တော့ ယမင်းနဲ့ ပိုးပိုးက ယောင် တောင်တောင်နှင့် လမ်းဖယ်ပေးရန် စက်ဘီးခေါက်တွေဖြုတ်သည်။ တခြားသော အရွယ်တူ ကောင်လေးတွေကို ခင့်အားကိုးနှင့် စွာရဲ ဆဲမယ့် အမြဲတမ်း သုန်မှုန်သော မျက်နှာမျိုးနှင့် ရှိတတ်သော ဘိုကို့ကိုတော့ နည်းနည်းရှိန်လေသည်။

"ဟွဲ…ဘာလို့ဖယ်ရမှာလဲ"

စက်ဘီးကို ခွရပ်လျက် ခင် ပြန်အော်မှ ယမင်းနှင့် ပိုးပိုး


www.burmeseclassic.com

www.burmeseclassic.com

က သံပတ်ပေးထားသလို ခပ်တောင့်တောင့် ပြန်ဖြစ်သွားတာ။ ကိုကိုကတော့ ရှပ်အင်္ကျီကွက်စိပ်ကို တံတောင်ဆစ်နားအထိ လက်ခေါက်ထားကာ ဂျင်းဘောင်းဘီကျတော့ ထုံးစံအတိုင်း ဒူးနား အထိ လိပ်တင်ထားတာက ပြေကျနေတာလည်းရှိကာ နှစ်ဖက်က အတိုအရှည် မညီ။ ဖိနပ်က သူတို့ယောကျ်ားလေးတွေ စီးသလို ကွင်းထိုးဖိနပ်နှင့် ယောကျ်ားလေးဒီဇိုင်း အဝီအပြင် ဖမ်းထားသော သူမအား ကြည့်ကာ ကိုကိုက မချိုမချဉ်ပြုံး၏။

"ရှပ်ကတော့ ကွိုင်ရှာမဲ့ရှပ်ပဲ ကိုကို၊ မင်း သတိထား တော့"

တင်ကိုက အနားကပ်ကာ သတိပေးသည်။

"နှင် ငမဲကြီးကို ဘာစကားပြောထားလဲ"

သတိပေးချက်မဆုံးခင် မေးခွန်းက စလာပြီ။ ကိုကိုက စက်ဘီးကယ်ရီယာပေါ် နောက်ရွှေ့ထိုင်တော့ လူက ခပ်ကိုင်းကိုင်း ဖြစ်သွားသည်။ ဟန်ဒယ်(လ်)ကို ဟိုဒီယိမ်းကစားရင်း…

"နှင်ကြားထားတာ ပြောကြည့်လေ၊ ငါပြောတာမှန်ရင် ငါ မငြင်းပါဘူး"





"နှင်မြှောက်ပေးတာ နှင်သိမှာပေါ့"

ရှတ်ခြည်း ရဲတွတ်လာသော မျက်နှာနှင့် ခင်က ကြုံးအော် သည်။ ဒင်း မဖွယ်မရာစကားနှင့် မြှောက်ပေးထားတာကို ခင်က ပြန်ပြောရမည်တဲ့။ ဒေါသကြောင့် လူထက် လက်က ပိုမြန်ချင် သည်။ ဒင်းကတော့ ခင် ဖြစ်ပျက်သမျှကို တစိမ့်စိမ့် အရသာခံ ကြည့်ရင်း…

"ငါ ငမဲကြီးကို ပြောပြတာတော့ အများကြီးပဲဟ၊ အယွန်း ကိုယ့်အသက်ကို ရန်ရှာတဲ့သူကို ဘယ်လိုသင်ခန်းစာပေးရမလဲဆို တာလောက်ပါ၊ ဟုတ်တယ်နော် ယောကောင်တွေ"

"အေး…ဟုတ်တယ်"

"ဘာဟုတ်တာလဲ"

မိုးမိုးက ဖြတ်အော်တော့ ဥက္ကာမှာ မျက်နှာလေးငယ်ကျ သွား၏။

"သူတို့ပြဿနာ သူတို့ရှင်းပလေ့စေ၊ နှင်တို့ ဝင်မပါနဲ့"

"အေးပါ…အေးပါ"

ကိုကို့နောက်က နှစ်ယောက်က ချက်ချင်း ဝစီပိတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ခင်ကတော့ စက်ဘီးကို အကျအန ဒေါက်ထောက်ရပ်ပြီး သင်းအနားသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ နှုတ်ခမ်းတွေကို ခပ်မဲ့မဲ့ပြုံးထားတာက သင်းကို ပြင်စေချင်၍ဖြစ်သည်။ ဒီမဲ့ပြုံးတစ်ချက်က သင်းအတွက် မမေ့လောက်တဲ့ အမှတ်တရတစ်ခု ဖြစ်သွားစေချင်သည်။

ကိုကိုကလည်း မျက်ဝန်းချင်း စစ်ခင်းလျက် မေးဖျားတစ်ချက်လှုပ်ကာ ပြုံးပုံက နာခေါင်းတစ်ဖက်ပါ တွန့်၍ မချိုမချဉ်။ ကိုယ်ပြောထားတဲ့စကား မမှတ်မိဘဲ ရှိပါ့မလား။

ဘောလုံးကွင်းမှာ ဖြစ်ခဲ့တဲ့ ပြဿနာကြောင့် သူက ငမဲကြီးဆီ ရောက်အောင်သွားခဲ့တာ ယောကျ်ားချင်း စာနာတာထက် သူမကို သင်ခန်းစာပေးချင်လွန်းသော ရည်ရွယ်ချက်နှင့်။

"ကျွန်တော် ကျော်သူရ"

ပါလို့ မိတ်ဆက်လာခဲ့သူကို ကိုကိုက နာမည်ပြောင်အကြောင်း မေးတော့ ငမဲကြီးက...

"အသားမဲလို့တဲ့ဗျာ၊ အဟီး...အသားမဲပေမယ့် နှလုံးသားက ဖြူတာ သူမသိသေးလို့ပါ၊ ကျွန်တော်က သူ့ကိုချစ်လာ





တာ ဟိုးမူကြိုကတည်းကဗျ၊ တင်ကိုတို့ ဥက္ကာတို့ အသိဆုံးပါ"

သက်သေတွေ ဘာတွေ ဆွဲထုတ်သေးသည်။ တင်ကိုနဲ့ ဥက္ကာကတော့ အသံတိတ်မဲ့ရွဲ့ရင်း...

"သူ့ရုပ်ကြီးမှ အားမနာ"

တီးတိုးဂုဏ်ပြုရှာသည်။ ကိုကိုကတော့ အသားအရေနှင့် မလိုက်အောင် ချစ်တတ်သူ ငမဲကြီးအား...

"မိန်းကလေးဆိုတာ အလျှော့ပေး ခေါင်းငုံ့ခံတိုင်း သူတို့ကို ချစ်လို့ဆိုတာ မသိကြဘူး"

"ဒါဆို ကျွန်တော့်အချစ်သိအောင် ဘယ်လိုလုပ်ရမလဲဟင်၊ စာပေးတာတော့ ကျွန်တော်လုပ်ပြီးပြီ၊ ခင်က ကျောင်းအုပ်ကြီးရုံးခန်းအထိရောက်အောင် တိုင်လို့လေ၊ အဲဒါ ကျောင်းဝင်းထဲက မြက်တွေနုတ်ရတဲ့အထိ ကျွန်တော် ဒဏ်ပေးခံရတာလည်း ဥက္ကာနဲ့ တင်ကိုတို့"

"သိပါတယ် ငါတို့"

သက်သေမခေါ်ခင်ကတည်းက ဟိုနှစ်ကောင်က ခေါင်းညိတ်ထောက်ခံသည်။ ကိုကိုကတော့ ဆရာကြီးအထာနှင့် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တညိတ်ညိတ်လုပ်ကာ…

"ဒီတစ်ခါ မြက်မနုတ်ရတော့ပါဘူး"

"မသကာ တစ်ကျောင်းလုံးက အိမ်သာတွေပဲ ဆေးရင် ဆေးရမှာ အဟီး"

"ဟော့ကောင် တင်ကို၊ စကားကောင်းပြောနေရင် ဝင် မနှောက်နဲ့၊ ဒီမှာ ကျော်သူရ တချို့မိန်းကလေးတွေက ရှိမန့်(စ်) သိပ်ဖြစ်တာမျိုး မကြိုက်ဘူးကွ၊ ဒီတော့ ခပ်ကြမ်းကြမ်းလေး"

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ ကိုကို"

ယောကျ်ားချင်း ကိုကိုလို့ခေါ်သံကြောင့် သူနားထဲ ကြားမ ကောင်းပေမဲ့ အရေးတော်ပုံအောင်ရန် အစီကမို့…

"ဒီတစ်ခါ သူ့ကိုတွေ့ရင် လက်ဆွဲပြီး ချစ်တယ်ပြော ပြီးတာနဲ့ ဖက်သာနမ်းပစ်လိုက်"

"သူ…သူက ပါးရိုက်ရင်ရော"

"ဩော်..သူ တစ်ချက်ဆို ကိုယ်တစ်ချက် ပြန်သာရိုက် ဘာဖြစ်လဲ"

ရုပ်တည်ကြီးနှင့် ဖြေကြားပေးခဲ့သည်။ သူ့စကားကို





ယုံသွားသော ကျော်သူရလည်း တကယ်လက်တွေ့ စမ်းသပ်ခဲ့ပုံ ပေါ်သည်။ ဟိုက ဘယ်လို ဆော်လွှတ်လိုက်လဲမသိ ရှေ့သွား တစ်ချောင်း ကျွတ်ထွက်၍ နှုတ်ခမ်းကွဲသွားသတဲ့။ ဒီသတင်းကြား တော့ ဥက္ကာနဲ့တင်ကိုမှာ နေစရာမရှိအောင် တုန်လှုပ်ရင်း…

"အခြေအနေ သိပ်မကောင်းဘူးနော် ကိုကို"

"ခင်က ငါတို့လက်ချက်မှန်းသိရင် ငါတို့ကို"

ပြောစကားပင် မဆုံးပေ။ ကျုရှင်အပြန်လမ်းမှာ လမ်းပိတ် ဆားခြင်းခံရပြီ။ ကိုကိုကတော့ အနားသို့ရောက်လာသော သူမကို ငိုက်ကြည့်နေတာက ချောလွန်းလှလွန်း၍ မဟုတ်ပါ။ အလစ်မပေး ရဲသောကြောင့်။

"ငမဲကြီးသတင်းကို နင်ကြားပါတယ်နော်"

"အေး…ခွေးကိုက်တယ်ဆိုလားပဲ"

"ကိုကို"

ခေါ်သံကြောင့် ခင်က ဆောင့်အော်တော့ သင်းက မချို့ ချဉ်ရုပ်နှင့် မျက်နှာကို ရှေ့သို့မော့ကာ…

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအကောအကွယ်မဲ့သော မျက်နှာကြီးအား ခင်က ချဉ်ချဉ်တူးတူးစိုက်ကြည့်ကာ…

"ကဲဟာ"

လေကိုခွင်း၍ ရိုပ်ခနဲဝင်လာသော လက်သီးချက်။ ကြိုတင်တွေးထားခဲ့တာမို့ ကိုကိုက ခေါင်းငုံ့ရှောင်ရင်း အဲဒီလက်ကောက်ဝတ်ကို ဆွဲဖမ်းကာ ချက်ချင်းလိမ်ရင်း သူမကို တစ်ပတ်လည်၍ ကျောနောက်မှာ ဖိကပ်ထားတော့…

"အ"

"ခင်"

ရှုံ့မဲ့ကာအော်တော့ စိုးရိမ်တကြီး ရှေ့သို့ပြေးလာမည့် ခြေလှမ်းတွေအား…

"ဟော့…ရပ်စမ်း"

ဥက္ကာက ထအော်သည်။ တင်ကိုက ခါးထောက်ရင်း

"သူတို့ပြဿနာ သူတို့ရှင်းပလေ့စေ၊ နင်တို့ ဝင်မပါနဲ့"

"အောင်မယ် ပါတော့ဘာဖြစ်လဲ"

"ပါတော့ ပြန်ကျုံးရမှာပေါ့"





"ဟဲ့…နင်"

ဟိုဘက်က ဇွာမနှစ်ယောက် ဆွေ့ဆွေ့ခုန်ကုန်၏။ ကိုကိုကတော့ သူချုပ်ထားသည့်ကြားမှ ရုန်းရင်းကန်ရင်း မာန်မလျှော့သေးသော သူမမှာ…

"နင် သတ္တိရှိရင် လွှတ်ပေးစမ်း"

"တော်စမ်းပါ၊ နင့်ကို လွှတ်ချင်မှဖြင့် အစောကြီးကတည်းက ချုပ်မထားဘူး၊ မေကြီး အကောင်အထည်မဖော်ဖြစ်တဲ့ နင့်ပါးပေါ်"

"နင်"

ပခုံးစွန်းမှာ မေးဖျားထောက်ပြီး မထိတရိပြောသောအခါ သူ့ရဲ့ထွက်သက်နွေးက ခင့်ပါးကို လာရောက်ရိုက်ခတ်သည်။ ရှက်စိတ်၊ ဒေါသစိတ်တွေနှင့် သွေးခုန်နှုန်းတွေ မြန်လာကာ ရင်တစ်ချက် ဆောင့်ခုန်တိုင်း ခေါင်းတွေမူးကာ မျက်လုံးတွေပါ ပြာလာရသည်။ ကိုကိုက သူမပါးပြင်တည့်တည့်ကို ပွးခနဲ လေပူတစ်ချက်မှုတ်ရင်း…

"ဒါပေမဲ့ ငါက ဟိုမရောက် ဒီမရောက်တွေကို စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားတော့လဲ''

ဆောင့်တွန်းလွှတ်တဲ့ အရှိန်ကြောင့် ခင်က ရှေ့သို့ အရှိန်မထိန်းနိုင်ဘဲ လဲကျသွားရသည်။ နောက်ပြန်လှည့်ကြည့်သောမျက်ဝန်းတွေထဲမှာ နာကြည်းခြင်း၊ မုန်းတီးခြင်းတွေအကြားမျက်ရည်ကြည်တွေပါ ဝေ့ခနဲ တက်လာ၍ ဒင်းမျက်နှာက ခင့်အကြည့်ထဲမှာ မှုန်ဝါးဝါး။

''မကြေပွဲ ထပ်နွှဲချင်တယ်ဆို အချိန်မရွေးပဲ ခင်၊ နင်သိထားဖို့က အနိုင်ဆိုတာ ဘယ်တော့မှ အမြဲမရှိဘူးဆိုတာပဲ''

အနားက ဖြတ်နင်းသွားတဲ့ စက်ဘီးတာယာတွေရဲ့အောက်မှာ ကျောဆန့်ပေးထားတာ ကမ္ဘာမြေကြီးမဟုတ်ခဲ့ဘဲ ခင့်ရဲ့မာနတရားတို့ ဖြစ်ခဲ့လျှင်…

ငါ မရှုံးသေးဘူး ကိုကို။

❖ ❖ ❖



## အခန်း (၄)

''ဟွန့်…တွေ့ပါပြီ၊ မမြင်ချင်တဲ့မျက်နှာ''

ရှေ့ကနင်းသွားတဲ့ စက်ဘီးမှ ငြီးငြူသံထွက်လာသည်။ ပိုးပိုးက နောက်ကယ်ရီယာမှာ ထိုင်နေသူမို့ ယမင်းပခုံးဆီ ခါးဆန့်ကျော်ကြည့်ရင်း…

''ဟဲ့…ရှေ့မှာ နင့်ချစ်ချစ်ကြီး''

ဒီအသံကြားတာနှင့် ခေါ်သက ပါးပြင်းထောင်တတ်သည့်မြွေတစ်ကောင်လို ရှူးခနဲ ခေါင်းထောင်ထလာ၏။

''သူတစ်ယောက်တည်း မဟုတ်ဘူးတော့၊ မိုးမခမြိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘာညာဘာညာ''

နောက်ကယ်ရီယာမှာ ထိုင်နေတဲ့ ပိုးပိုးက လက်ညှိုး နှစ်ချောင်းပူးပြရင်း ပြောသည်။ ခင်တို့သုံးယောက်မှာ စက်ဘီး မစီးတတ်သူက ပိုးပိုးပင်ဖြစ်ကာ ခင့်စက်ဘီးက တစ်ယောက်စီးမို့ ယမင်းကသာ တင်ခေါ်ရတာ ထုံးစံတစ်ခုလို။

အခုလည်း ခင့်ရှေ့သို့ ယမင်းတို့က ရောက်နေတာမို့ မြင်ကွင်းက သူမထက် ဦးစွာမြင်ရမည်သာ။ ခင်က စက်ဘီးကို တမင်ပင် ခပ်ဖြည်းဖြည်းနင်းပြီး ထိုနှစ်ယောက်အနောက်က ဖြတ်သည်။

ချစ်သူလမ်းကြားလို့ အမည်ကျော်သည့် ဒီလမ်းက ဘေး နှစ်ဖက်မှာ သစ်ပင်အုပ်အုပ်လေးတွေနှင့် မြေနီလမ်းမို့ ကားအသွား အလာလည်း မရှိပေ။ စက်ဘီးစီးသူတွေတောင် တော်ရုံမသွားကြ။ မြို့ပြင်ဘက်ထွက်သော နေရာမျိုးမို့ တကူးတက မသွားကြသည့် အထဲ စုံတွဲတွေနှင့် ခင်တို့လိုဗရုတ်တွေသာ ရောက်တတ်သည့် လမ်းမျိုး။

တွေ့ပါပြီ။ သစ်ပင် ပင်စည်ကိုမှီ၍ မိုးမခမြိုင်က ရပ်နေ ပြီး ဒင်းက ပင်စည်ကို လက်တစ်ဖက်ထောက်၍ အသည်းအသန်





ကြွေပြနေပုံဝင်။ ခင်တို့လာရာလမ်းကို ကျောခိုင်းထား၍ ခင်တို့ကို မြင်ပုံမပေါ်။ သူတို့နား ရောက်တာနဲ့ ခင်က ဘရိတ်ကို ဆွဲညှစ် ရင်း နားစွင့်တော့…

''တကယ်ပြောတာ၊ ကိုယ် မင်းကိုပဲ…''

''မယုံဘူးနော်…အာရှိုး''

အကျယ်ကြီး ခင်က ထအော်တော့ သူက ဖျတ်ခနဲ လှည့်ကြည့်သည်။ ခင်မှန်းသိသွား၍ မျက်လုံးတွေက ချက်ချင်း အေးစက်သွားတာကို ကြည့်ရင်း ခင်က ပခုံးတွန့်ပြကာ…

''ယမင်း…စက်ဘီး ပြန်ကွေ့လာခဲ့''

''ဘာလုပ်မလို့လဲ ခင်ရဲ့၊ အဲဒီနားက မြေမသန့်ဘူး''

''မိန်းမ…မြေမသန့်ဘူးဆိုပြီးတော့ စက်ဘီးကို ဒုန်းစိုင်း ပြန်နင်းတာ၊ ငါတောင် ပြုတ်ကျတော့မယ် အဟုတ်''

ပိုးပိုးက အနောက်ကထိုင်ရင်း အော်သည်။ ခင်က သူတို့ စုံတွဲနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက် သစ်ပင်ရိပ်မှာ ဝင်ထိုင် ရင်း မြေကြီးကို တမင်ပြူးပြဲကြည့်ကာ…

''မြေက သန့်ပါတယ်ဟဲ့၊ မသန့်တာက လေ''


www.burmeseclassic.com

www.burmeseclassic.com



ခင်က ခါးဆန့်ကာ လေကို တမင်ရှူပြရင်း ပြောတော့ ယမင်းက စက်ဘီးခေါက်ထောက်ရင်း…

"လေမသန့်ဘူး"

"အေးလေ…လေထဲ ဘာတွေပါလဲမသိဘူး၊ ဒီမှာ နှာမွှန် ချင်လာပြီ"

"ဟဲ့…အဲဒါ လေနှာရောဂါ"

ပိုးပိုးက လည်ချောင်းထဲက အသံကို ညှစ်ပြီး တမင်အော်တော့ ယမင်းနဲ့ခင်က ဝါးခနဲ ထရယ်သည်။ ဒါ တမင်လုပ်နေမှန်း ကိုကို သိသည်။ မိုးမခမြိုင်ကတော့ ပါးပေါ်တင်ထားသည့် သနပ်ခါးပါးကွက်ကျော်အောင် အရောင်တွေရင့်ကာ…

"ဒီနားက သွားကြပါစို့ ကိုကိုရယ်၊ ကိုကိုနဲ့သူနဲ့က မတည့်ဘူး မဟုတ်လား"

အသံတုန်တုန်နဲ့ ပြောရှာသည်။ ကိုကိုက ခေါင်းယမ်းကာ ပြုံးပြပေမဲ့ အပြုံးက ခေါသကြောင့် အသက်မဝင်။ အရုက်အကြောက်ကြီးသော မိုးမခမြိုင်ကို အားနာတာသပ်သပ်၊ မခံချင်စိတ် ကြီးကျယ်ပြန့်ကားလာတာက တစ်စိတ်နှင့် ဒီနားက ခြေလှမ်းကို ရွှေ့ဖို့





မစဉ်းစားဘဲ…

"ထားလိုက်ပါ၊ မနာလိုတဲ့သူတွေ တိုက်ခိုက်တိုင်း ထွက်ပြေးနေရရင် မင်းနဲ့ကိုယ် ခြေချစရာတောင် ရှိမှာမဟုတ်ဘူး"

"ဝါး…ရယ်ရတယ်ဟော့၊ အဲဒါမျိုးဆို မေတ္တာကိုမရှိဘူး"

ခင်က လှုပြက်တွေအော်သလို အသံကို ညှစ်အော်၏။

"သွားရအောင် ကိုကိုရယ်"

မျက်ရည်တွေပါ ဝဲတက်လာသော မိုးမခမြိုင်ကြောင့် သူ့ခေါသတွေကို ဒီမှာပဲ လက်စသိမ်းရတော့မည်။ မိုးမခမြိုင်ရဲ့ လက်ဖျားလေးကို ဆွဲပြီး ဒီဘက်လှည့်ရပ်တော့ သူမက လှျာထိုးဦးထုပ်ကို နောက်ပြန်ဆွဲလှည့်ရင်း…

"မြင်ကွင်းကတော့ လှတယ်၊ ဒါပေမဲ့ ဘီလူးက အချစ်တွေ အနှစ်တွေ ရွတ်ပြနေတာမျိုးလိုပဲ၊ ယုံချင်စရာမရှိ"

ပခုံးတွန့်ပြီး ရေရွတ်ပုံက ပြေးကန်ပစ်ချင်စိတ်တောင် ပေါက်သွားရသည်။ ကိုကိုက စက်ဘီးခေါက်ဖြုတ်ရင်း မိုးမခမြိုင် ကယ်ရီယာပေါ် ထိုင်တဲ့အထိ ခြေထောက်ထောက်ထိန်းပေးထားကာ

"ခင်"



www.burmeseclassic.com

www.burmeseclassic.com



မခေါ်စဖူး အခေါ်ခံရတာမို့ ခင် မျက်လွှာတွေ ပင့်ကပ်သွားတဲ့အထိ မော့ကြည့်သည်။ မနှစ်မြို့စရာ အပြုံးသည် ခင့်ထံ မြှားတစ်စင်းလို ပြေးဝင်ဆောင့်ပြီးမှ…

"အိမ်ရောက်ရင် ရင်ဘတ်ပေါ်လက်တင်ပြီး စဉ်းစားလိုက်"

"ဘာကိုလဲ"

မျက်မှောင်ကျုံ့ပြီး ပြန်မေးမိတာ ဘုဆတ်ဆတ်။ မမေးဘဲ မျက်နှာလွှဲပြီး ငြိမ်မနေနိုင်ခဲ့။

"ငါ့ကို ရင်ခုန်နေသလားလို့"

"ဘာ"

ဒေါသကြောင့် လူက ဆတ်ခနဲဖြစ်သွားသည်။ သူက တော့ ခင်မုန်းသော အပြုံးမျိုးနဲ့ပင်…

"ရင်ခုန်နေရင်တောင် ဒီဘဝတော့ မဖြစ်နိုင်တော့ဘူး၊ ငါက နှစ်ကိုယ့်တစ်စိတ်တွေကို မစဉ်းစားဘူး၊ နင်ခံစားနေရမှာစိုးလို့ သတိပေးတာ၊ စေတနာနဲ့ အသည်းကွဲနေမှာကို သနားလို့"

ဝါကျဆုံးတာနှင့် စက်ဘီးက အနားမှ လျှောခနဲဖြစ်သွား





တာကို လေဟာပ်တာမို့ သိလိုက်ရသည်။

"တောက်…သေနာ"

ဒေါသကြောင့် နှုတ်ထွက်စကားတွေလည်း ရှိန့်ရင်းကြမ်းတမ်းကုန်၏။ ရင်ခုန်နေတာလည်း မှန်သည်။ သို့သော် ညင်သာသိမ်မွေ့ခြင်းကင်းသော စစ်ချီဗုံမောင်းများပမာ။

တဒိန်းဒိန်း တိုးဆောင့်နေသော နှလုံးသားကြားက စိမ့်ထွက်လာသော ဆန္ဒက ငါ နင့်ကိုသတ်ချင်တယ် တကယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဒါပဲနော် သား၊ ဒီနှစ်က ဆယ်တန်း၊ အရေးကြီးတယ်၊ ကိုးတန်းတုန်းကလို ဘာဘာညာညာအသံတွေ မေမေ မကြားချင်ဘူး"

ထမင်းပန်းကန်တွေထဲ ထမင်းခူးထည့်ပေးရင်း မေမေက မျက်နှာထိ မျက်နှာထားနှင့်ဆိုတော့ ဖေဖေက ပြုံးစစနှင့် မျက်စပစ်ပြသည်။

"မေမေကလဲ"

"ဘာ…မေမေကလဲလည်း၊ မေမေ အိမ်ထဲနေပေမယ့်

နိုးနိုး၁၁၀၀

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကြားတယ်နော်”

“ကြားတာတွေက တလွဲတွေဆိုရင်ရော”

“ဘာမှလွဲစရာမရှိဘူး၊ နာမည်တောင် အတိအကျသိပြီး သား၊ မိုးမခမြိုင်တဲ့”

အတိအကျကြီး မေမေပြောတော့ ကိုကိုက ဘာတစ်ခွန်းမှ မပြောဘဲ ရယ်ကျဲကျဲနှင့် ထမင်းချည်းငုံ့စားနေ၏။ ဒါ အထက်တန်း ကျောင်းသားတိုင်း ဖြစ်ခဲ့ဖူးမည့် ရင်ခုန်တိမ်တိုက်လို့ တင်စားရင် တောင် ရတဲ့အဖြစ်မျိုး။ အရွယ်တွေက သစ်ရွက်လှုပ်တာတောင် ဒန့်(စ်)ကပြနေတယ်ထင်ပြီး မတည်ငြိမ်သော စိတ်ကလေးနှင့် ရယ်ချင်ရယ်မည်။ ပန်းတွေ ကြွေပြန်တော့ သနားစရာအဖြစ်လို့ တွေးကာ မျက်ရည်ဝဲချင်ဝဲမည့် အနေအထားမို့ ရှိခဲ့ဖူးတဲ့ မိုးမခမြိုင် က ကိုကို့အတွက် ပြန်တွေးတိုင်း ရယ်စရာပုံပြင်တစ်ပုဒ်။

တစ်ကျောင်းလုံးမှာ အချောအလှထိပ်ခေါင် အပေါင်း အသင်းတွေကလည်း ဟိုဟိုဒီဒီ မြှောက်ပေးကြတဲ့အခါ အတွဲလို ဖြစ်သွားတာ အဆန်းတော့မဟုတ်။ ဆန်းသွားတာက ထိုသတင်း ကျောင်းအုပ်ဆရာမကြီးထံ ပေါက်ကြားသွားခြင်းပင်။





ဆရာမကြီးက ဒါမျိုးတွေ ခွင့်မလွှတ်တတ်သော အပျိုကြီး မို့ သူနှင့် မိုးမခမြိုင်ကို မိဘကိုယ်စီခေါ်ခိုင်းသည်။ ဖေဖေ အိမ်မှာ ရှိလျှင် နားလည်မှုယူပြီး ခေါ်သွားလို့ရပေမဲ့ မေမေနဲ့တော့ ဘယ်လို မှ နားလည်မှုရမှာမဟုတ်။ ထို့ကြောင့် ဥက္ကာ အကူအညီနှင့် သူ့ဦးလေးအား အဖေအဖြစ် အယောင်ဆောင်ခေါ်သွားဖူးသည်။ ဥက္ကာ့ဦးလေးကလည်း ရယ်ရယ်မောမောနှင့် ကူညီပါသည်။ ဒါတောင် အကန့်အသတ်နှင့် ကူညီတာမျိုး။

“ကျောင်းပြေးတာ၊ ဆေးလိပ်သောက်တာဆိုရင်တော့ ငါက ကူညီမှာမဟုတ်ဘူး၊ မင်းမိဘတွေကိုတောင် သွားတိုင်ဦးမှာ၊ ဒီလိုကိစ္စကျတော့ ငါက လူပျိုကြီးပေမဲ့ ကိုယ်ချင်းစာတတ်တယ် ကွ၊ ငါငယ်ငယ်ကလည်း ဒါမျိုး ခဏခဏဖြစ်ဖူးတယ်၊ မင်းလို ကူညီမဲ့သူမရှိတော့ ငါ့အဖေက ဆိုက်ကားသမားဖြစ်လိုက်၊ အရက် သမားဖြစ်လိုက်နဲ့”

နောက်ကြောင်း ရာဇဝင်တွေ ရှင်းပြကာ ဆရာမကြီးနှင့် လိုက်တွေ့တော့မှ သူနဲ့မိုးမခမြိုင်ကိစ္စကို တို့ထောင်သူတရားခံအား သိရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆံပင်နဲ့ ကောင်မလေးကွ၊ မင်းတို့အတန်းက ပဲ၊ သူက ဆရာမကြီးကို တိုင်တာ၊ အဲ မိုးမခမြိုင်က မပါဘူးတဲ့၊ မင်းက ဖွတ်ကြီးမို့လို့ဆိုပြီး ဆရာမကြီးကို တိုင်တာ၊ ဆရာမကြီးက တော့ ကျောင်းစာမှာ လစ်ဟင်းသွားမှာစိုးလို့ ထိန်းပေးဖို့ ခေါ်သတိ ပေးတာတဲ့၊ မင်းပြောတော့ နှစ်ဦးသဘောတူဆို"

"အဲဒါ ဟိုတစ်ယောက် ဝင်မွှေတာ"

ကိုကိုက မခံမရပ်နိုင် ပြောရုံမှတစ်ပါး ဘာမှမတတ်နိုင် တော့။ ကိုယ်က ခြေထိုးခံပြီးခဲ့ပြီကိုး။ တင်ကိုနှင့် ဥက္ကာတို့ကတော့ ဦးလေးဖြစ်သူကို အစအဆုံး ဇာတ်ကြောင်းပြန်ပြသည်။ ကိုကို့မှာ သာ ဒေါသတွေ တလိမ့်လိမ့်နှင့် အဲဒီတစ်ယောက်ကို အမှုန့်ချေပစ် ချင်စိတ်တွေ ကြီးမားလာရပေမဲ့…

"မင်း ဘာမှ လက်တုံ့မပြန်နဲ့တော့၊ အဲဒီကောင်မလေးက ဒီရက်ပိုင်းအတွင်း သူတစ်ခုခုဖြစ်ခဲ့ရင် မင်းလက်ချက်ပဲတဲ့၊ ဇကန္တ မင်းလုပ်ကြံမှာ ကြောက်တယ်နဲ့တူတယ်"

ဩော်…ဖြစ်ရလေခြင်း။ သူက လုပ်ကြံပြီး ကိုကို့ကို တပြန်စီး ကြောက်ပြနေတာ တရားကျဖို့တော့ ကောင်းသေးသည်။





အဲဒီတုန်းက ကိုကို့မှာ ခံဝန်နှင့် ခြေချုပ်မိသွားသလို ဖြစ်ကာ လက်တုံ့မပြန်ရဘဲ အံတကြိတ်ကြိတ်ရှိခဲ့ရာမှ…။

"တွေ့လား ကို၊ ကို့သား အတိတ်ကို စမြုံ့ပြန်သွားတာနဲ့ ထမင်းတောင် မစားနိုင်တော့တဲ့အဖြစ်"

မေမေ့အသံကြားမှ စိတ်က ထမင်းဝိုင်းဆီ ပြန်ရောက် သည်။ ဖေဖေကတော့ အရယ်အပြုံးမပျက်ဘဲ…

"ရှိပါစေကွာ၊ မင့်သားက ကလေးမှမဟုတ်တော့တာ"

"ဒါပေမဲ့ လူကြီးမဟုတ်သေးဘူးလေ"

"ဟ…နိုင်ငံခြားမှာဆိုရင်"

"အို…ကို့ရဲ့ ကမ္ဘာပတ်လာတဲ့ အတွေးအခေါ်ကြီးကို သဘောပေါ်မှာပဲ ထားခဲ့လိုက်၊ အိမ်မှာ ပြန်နားတဲ့နှစ်လလောက်မှာ ရွှေစင်နဲ့ ရန်မဖြစ်ချင်နဲ့၊ ကို သားကိုလည်း မဖျက်ဆီးနဲ့၊ ဒါပဲ"

"မဖျက်ဆီးပါဘူး၊ ဒါပေမဲ့ သားက ယောက်ျားလေးပဲ ကို"

"ကို…နော်၊ ယောက်ျားလေးဆိုတာနဲ့ အသက်မစေ့ဘဲ ရည်းစားထားချင်နေတာကို ပြုံးကြည့်နေရမလား၊ မရဘူး၊ ဒီနှစ်



www.burmeseclassic.com

www.burmeseclassic.com

အတွက် အခုကတည်းက ဝိုက်(ဒ်)ငှားပြီး စာကျက်ချိန်ကအစ သတ်သတ်မှတ်မှတ်"

"ဝိုက်(ဒ်)ငှားမယ်ဆိုရင် သားငှားချင်တဲ့ဝိုက်(ဒ်) ရှိတယ် မေမေ"

တစ်ချိန်လုံး ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ပြုံးကာငြိမ်နေတဲ့ ကိုကိုက အခုတော့လည်း အမောတကော ဝင်ပြောတာ ထမင်းသီးတော့မတတ်။ မေမေက မသင်္ကာသလို မျက်မှောင်ကုတ်ကြည့်ရင်း...

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ "ပညာအရည်အချင်း ဘယ်လောက်အထိရှိလဲ"

"အဟွန်း...နာမည်က မှူးပန်းချီတဲ့၊ သားတို့ကျူရှင်က ဝိုက်(ဒ်)"

"မှူးပန်းချီ၊ ဒါဆို မိန်းကလေးပေါ့"

"ဆယ်တန်းကို မနှစ်ကမှ အော(လ်)ဒီထွက်ပြီး အောင်ထားတာ"

"ဟဲ့...ဒါဆို မင်းနဲ့ မတိမ်းမယိမ်း"





မေမေက ထမင်းစားပွဲကို လက်ဝါးနဲ့ ဖျတ်ခနဲပုတ်ပြီးပြောတော့ ဖေဖေက ထရယ်ကာ...

"သြော်...မိန်းမရယ် သားနဲ့ စာကျက်ရမယ့်သူပဲ၊ သားစိတ်ကြိုက်ဖြစ်တော့ ပိုကောင်းတာပေါ့၊ ပညာအရည်အချင်းက အဓိကပဲ၊ မနှစ်ကမှ အောင်ထားတော့ စာတွေနဲ့လည်း မစိမ်းဘူး၊ အိုကေ...သား၊ ငှားလိုက်"

ဖေဖေက ဦးအောင်ပြောတော့ မေမေ့မှာ ဘာမှမတတ်နိုင်ဘဲရှိလျက်က တစ်ခွန်းတော့ ပြောဖြစ်အောင် ပြောသွားတာက...

"နှာဘူး သားအဖ"

ပြောချင်တာ ပြောပါတော့။ ကိုကိုက ခေါင်းငုံ့ခံရန်ဆုံးဖြတ်ပြီးသား။ ဘယ်သူတွေ ဘယ်လိုထင်ထင် ဂရုမစိုက်တော့။

ဒီမှာက ကိုယ့်အကြောင်းနဲ့ကိုယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဝိုး…မိုက်လိုက်တာ၊ ဆိုင်ကယ်က တကယ်လန်းတယ်"

အိမ်ထဲကျွေ့ဝင်တာနှင့် ပိုးပိုးနှင့်ယမင်းက ထအော်သည်။ ခင်က ဆိုင်ကယ်ကို စက်သပ်ပြီး တမင်တကာ စတိုင်ထုတ်ဆောင်းလာသော လျှာထိုးဦးထုပ်အား နောက်သို့ ဆွဲလှည့်ဆောင်းရင်း ပိုးပိုးတို့ ထိုင်နေသော ဒန်းဆီ သိမ့်ခနဲပစ်ထိုင်ကာ…

"မမရော…မလာသေးဘူးလား"

"မလာသေးဘူး၊ အန်တီနဲ့တော့ တွေ့ပြီးပြီ၊ ဒီနေ့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျမယ်တဲ့"

"အဲဒီလိုမှန်းသိရင် ငါ ကျူရှင်ကို သွားကြိုပါတယ်"

"ဟွန်း...မိန်းမ၊ သိပ်ပြီး မဏ္ဍာပ်တိုင်တက်ပြချင်နေတယ် အဟုတ်"

ယမင်းက မဲ့ရွဲ့ပြီး ပခုံးချင်းပစ်တိုက်ကာ ပြောတော့ ခင်က ထောက်ထားသော ခြေထောက်ကို လွှတ်ပြီး ဒန်းကို ဆောင့်လွှဲ သည်။ မဏ္ဍာပ်တိုင်တက်လည်း တက်ပြချင်စရာ။ မှူးပန်းချီဆိုတာ ဒီမြို့ရဲ့ အလှပဂေး။

မနှစ်ကမှ ဆယ်တန်းကို အော(လ်)ဒီနဲ့ အောင်ထားပြီး ဆေးကျောင်းတက်ရန် စောင့်နေသူ။ မိဘမျိုးရိုးက စိန်ကုန်သည် ပြောဖွယ်ရာမရှိသော အဆင်းအချင်းတွေနဲ့ ပြည့်စုံသူမို့ ပိုင်းပိုင်းလည် အငမ်းထူသူတွေထဲ ဟိုမေတ္တာတုံးက ထိပ်ဆုံးမှ။

"ဒီကျူရှင်မှာတက်ပြီး ဒီကအောင်တော့ တို့ အော(လ်) ထွက်ခဲ့တာလေ၊ အဲဒါကြောင့် လုပ်အားပေးအနေနဲ့ ဒီမှာ ဂိုက်(ဒ် ပြန်လုပ်တာ၊ ဒီမှာတက်တဲ့သူတွေထဲက ထူးချွန်တဲ့သူဆို တို့ အိမ်တိုင်ရာရောက် ဂိုက်(ဒ်)လုပ်ပေးမှာဆိုပေမဲ့ အလွန်ဆုံ





သုံးယောက်ပဲ၊ အဲဒီထက် ပိုလက်မခံဘူး"

မှူးပန်းချီက ကြော်ငြာထားခဲ့သည်။ ထို့ကြောင့် ခင်တို့ သုံးယောက် ဂိုက်(ဒ်)လုပ်ပေးရန် သူမက ဦးအောင်တောင်းဆိုခဲ့ ခြင်းဖြစ်၏။

"မမက ငွေကြေးထက် နာမည်ကောင်းလိုချင်တာမျိုးဟာ၊ ငါတို့နဲ့ ဖြစ်ပါ့မလား"

"အေးလေ...ငါတို့သုံးယောက်က အိမ်စောင့်နတ်နဲ့ မတည့်၊ စာရေးစားပွဲနဲ့ ရန်ဖြစ်ထားတာတွေ၊ အဟီး...ဖင်မြဲမြဲထိုင် လို့မရရင် ဒုက္ခ"

သနားစရာ။ ပူပူပင်ပင်ပြောရှာတာက ကောင်းကွက် တစ်ကွက်မှမပါ။ ခင်ကတော့ ဆုံးဖြတ်ပြီး အတည်လုပ်မဲ့ရုပ်နှင့်

"လုပ်မနေနဲ့၊ ငါ စုပါဂလူးပါ ကဒ်လိုက်ဝယ်ပေးမယ်"

"ဟမ်...ဘာလုပ်ဖို့"

ဒါကျတော့ ပြူးတူးပြဲတဲ မေးဖော်ရရှာသား။

"မမြဲတဲ့ဖင်တွေ ခုံနဲ့ကပ်ပေးရအောင်"

လို့ပြောတော့ ဖြိုင်တူပိုင်းဆဲတာ...



www.burmeseclassic.com

www.burmeseclassic.com



"ခွေးစုတ်မ"

ခင်ကတော့ မမနဲ့ စာသင်ရမှာ ပျော်သည်။ မမကို ဆိုင်ကယ်အသစ်စက်စက်ပေါ်တင်ကာ အကြိုအပို့လုပ်မည်။ မမ မျက်နှာ တစိမ့်စိမ့်ကြည့်ပြီး မမအလှည့်ကာကို ကျူရှင်မှာ တပွဲ့တနဲ့ ပြန်ပြောပြမည်။ ထိုအခါ လိုတာမရတိုင်း ဖြစ်ပျက်သွားလေ့ရှိသော မျက်နှာခံနီနီအား သူမ အရသာခံရင်း တစိမ့်စိမ့်ကြည့်မည်။

"ဟဲ့…မိန်းမ"

"ဟာမ်"

"အတွေးထဲ မျောနေတာတောင် ရှပ်ကပြုံးစိစိနဲ့၊ ဘာတွေ သဘောကျနေတာလဲ ပြောစမ်း"

ယမင်းက တရားခံစစ်သလို စစ်သည်။ ပိုးပိုးက ကိုယ်က တစောင်းထိုင်ကာ ခင့်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ…

"ငါ သူ့ကို သိပ်မသင်္ကာချင်ဘူး"

"အောင်မာ…ဘာကိုလဲ"

ချက်ချင်း ရှုးရှုးရှားရှားဖြစ်တော့ ပိုးပိုးက အဲဒါသ ကြည့်တော့ဆိုသည့် သဘောနှင့် ယမင်းအား မေးဆတ်ပြရင်း…





"ဝတ်သမျှ ယောကျ်ားလေးဒီဇိုင်း၊ စတိုင်ကလည်း ကျားကျားလျားလျားနဲ့ နင် တကယ်ပဲ ယောကျ်ားစိတ်ပေါက်ပြီး မမ မှူးယန်းချီကို"

"ဘာစိတ်ပေါက်ပေါက် မိန်းမဟာ မိန်းမပဲ"

အသံက နောက်ပါးက ထွက်လာတာမို့ ခင်တို့ သုံးယောက် စလုံးရဲ့ခေါင်းတွေ ချာခနဲ လှည့်ထွက်သွားသည်။ ဒန်းရဲ့နောက်ပါး မှ ထိုးရပ်သော အသစ်ကျပ်ချွတ် ဆိုင်ကယ်နှင့်အတူ နောက်ခုံမြှင့် ထားသော ဆိုင်ကယ်ပေါ်မှ ဆင်းလာသူက…

"မမ"

"နော်…မမ၊ အချိန်တန်ရင် ချစ်သူရှာရမှာပဲ၊ လက်ထပ်ရ မှာပဲ၊ ပြီးတော့ သားတွေသမီးတွေ မွေးပြီး အိမ်ထောင့်တာဝန်"

"တောက်"

ဒန်းလေး သိမ့်ခနဲခါယမ်းသွားတဲ့အထိ ခင်က ဒေါသ တကြီး ထရပ်သည်။ အဲဒီမေတ္တာတုံးရဲ့ ဆိုင်ကယ်နောက်မြီးမှာ ပါလာရသလဲဆိုတဲ့ မေးခွန်းထက် ကိုယ့်အကြံ သူဦးသွားတာကို ရင်ထဲ မခံချိမခံသာဖြစ်ရတာ ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုလုပ်ပြီး မမကို ခေါ်လာရတာလဲ"

အံ့အားတသင့် ယမင်းက ထမေးသည်။ ဧည့်သည်တွေနှင့်ရေ

သော ခင်မှာ ဘာစကားမှ ထွက်မလာနိုင်ခဲ့။ မျက်ခုံးထူခြင်း၊

နှာတံပေါ်ခြင်း၊ နှုတ်ခမ်းပါးခြင်းတွေနှင့် ဖွဲ့စည်းထားသော အဲဒီ

မျက်နှာကိုသာ စိုက်ကြည့်နေမိတာ များစွာသော ဧည့်သည်တွေနဲ့ပါ၊

"ငါလည်း မမကို ပိုက်(ဒ်)ခေါ်မလို့"

"ဘာ"

ပိုးပိုးက အလန့်တကြားထအော်ရင်း ခင့်မျက်နှာကို စိုးရိမ်

မကင်း လှည့်ကြည့်သည်။ ခင်က နဖူးပေါ်ဝဲကျလာသော ဆံပင်

တွေကို ဆတ်ခနဲ ခါထုတ်ရင်း…

"အို…မရပါဘူး၊ မမ ခင်တို့က အရင်ဦးအောင်ပြော

ထားတာနော်၊ ပထမဦးစားပေးက ခင်ပဲ"

"အဟွန်း…သူငယ်လာပြန်နေသေးတယ်၊ ဒါ တိုင်ဦး

တမ်း ကစားတာမဟုတ်ဘူး၊ လာမလုပ်နဲ့၊ မရဘူး"

လက်အိတ်ကိုချွတ်ရင်း မပွင့်တပွင့် ပြောသံကို ခင်က

ဝိဝိသသ ကြားရသည်။ ထို့ကြောင့် ဒင်းရှိရာဘက် ဆတ်ခနဲ





လှည့်ရပ်ရင်း…

"ငါ လူတွေနဲ့ပဲ စကားပြောတယ်"

"ရပါတယ်၊ ငါက ခွေးစကားနားလည်တဲ့လူထဲကလူပဲ၊

ပြောပါ နင်ဟောင်သမျှ ငါ ကြိုးစားပြီး အဓိပ္ပာယ်ဖော်မယ်"

"ကြည့်စမ်း…နင်"

အသံထက် လက်ကမြန်သည်။ လက်ထဲကိုင်ထားသည့်

ဆိုင်ကယ်သော့က ဝှီးခနဲ အသံပေးပြီး ဒင်းမျက်နှာဆီ အရှိန်ပြင်း

စွာ ပြေးဝင်သည်။ ကိုကိုကလည်း ဒါကိုပဲ မျက်တောင်မခတ်

အကဲခတ်နေတာမို့ ခေါင်းကို ဘေးငဲ့ရှောင်ပေးလိုက်ပြီး ဖမ်းယူ

လိုက်တော့ သူ့လက်ထဲမှာ သူမရဲ့ အသစ်ကျပ်ချွတ် ဆိုင်ကယ်

သော့။ ကိုကိုက ခေါင်းညိတ်မျက်ခုံးပင့်ရင်း…

"မဆိုးဘူးပဲ၊ ဒီလောက် လက်တည့်တဲ့ သတ္တဝါ

ဒီတစ်ခါပဲ မြင်ဖူးသေး"

"နင်"

"ကဲ…တော်ကြပါတော့"

မှူးပန်းချီက နှစ်ယောက်ကြား ဝင်ရပ်လိုက်၍ ရန်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေငြိမ်းသွားသလိုရှိပေမဲ့ အကြည့်ချင်းကတော့ စစ်ခင်းလျက်ရှိဆဲ။ တစ်ယောက်က မခံမရပ်နိုင် ဒေါသတွေ ထပ်ပိုးထားပြီး ကျန်တစ်ယောက်က သရော်မော်ကားအပြုံးတွေနှင့်။ မှူးပန်းချီက ဒေါသဆိပ်သင့်နေသော အဲဒီနှစ်ယောက်အား တစ်လှည့်စီကြည့်ပြီး…

"ငယ်တော့တဲ့အရွယ်တွေမှ မဟုတ်တော့တာ၊ တော်ပြီ တို့က သုံးယောက်ပဲ လက်ခံမယ်ဆိုတာ တို့လည်း ဝန်မဝီအောင်၊ သုံးယောက်စလုံးလည်း ထူးထူးချွန်ချွန်ဖြစ်စေချင်တဲ့ သဘောနဲ့ပါ၊ အခုတော့ ကိုကို့ဘက်က သုံးယောက်ပါဆိုတော့"

ခင်က အလျင်စလိုခေါ်တော့ မှူးပန်းချီက လက်ကာတားရင်း…

"တရားမျှမျှတတ တို့ စီစဉ်မယ်လေ၊ ဒီလိုလုပ် မေးခွန်းယောင်းတွေထဲက သချာ်ခြောက်ပုဒ်ရယ်၊ ဘိုင်အိုခြောက်ပုဒ်နဲ့ အင်္ဂလိပ်စာအက်ဆေးတစ်ပုဒ်ဆီ တို့ မေးခွန်းထုတ်မယ်၊ ခြောက်ယောက်စလုံး ဖြေရမယ်၊ တို့ကျေနပ်တဲ့ အမှတ်ပြည့်တဲ့သူကို တို့လက်ခံမယ်"

"ခြောက်ယောက်စလုံး မှန်ခဲ့ရင်ကော"





ပြိုင်တူမေးဖြစ်သွားတာလည်း ခင်နဲ့ကိုကိုပဲ ဖြစ်ကာ မေးခွန်းဆုံးတော့ အံတကြိတ်ကြိတ်။ မဲ့ကာရွဲ့ကာနှင့် ရန်စောင်ကြတာလည်း ပြိုင်တူ။ မှူးပန်းချီကတော့ နှစ်ယောက်စလုံးကို လက်ပိုက်ပြုံးကြည့်ရင်း…

"အဲဒါဆိုရင်တော့ ပူးတွဲချန်ပီယံတွေပေါ့၊ ခြောက်ယောက်စလုံး တို့လက်ခံပါ့မယ်၊ ကဲ အိုကေပါတယ်နော်"

မေးဆတ်ပြီးမေးတော့…

"အိုခေ"

ဖြေတာတောင် မအီမလည်ရုပ်ကိုယ်စီနှင့်။ နှစ်ယောက်စလုံးက ပြိုင်တိုင်းနိုင်ချင်သော အတ္တဆိပ်သင့်နေတာမို့ ပူးတွဲတွေဘာတွေ မကြိုက်နိုင်ပေမဲ့ ကြိုးစားရမည့်တာဝန်က ရင်တွင်း၌ ကိုယ်စီ။

သီချင်းထဲကလို ထအော်ရရင်တော့

ပထမဆုရယူဖို့ပဲပေါ့…ဆိုတာမျိုးလိုလား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မမရဲ့တပည့်အဖြစ် ခံယူခွင့်ရလို့ ဝမ်းသာတဲ့အထိမ်း အမှတ်နဲ့"

"မမမျှားအတွက်"

မျက်စိရှေ့ကို ထပ်ရောက်လာတာက ပန်းရောင်နှင်းဆီ ပွင့် နောက်ထပ်တစ်ပွင့်။ ခင်က သတ်ခနဲ ဘေးသို့ငဲ့ကြည့်တော့ ကိုယ်နဲ့ ပန်းချင်းတူ၊ အရောင်ချင်းအတူတူကို ကိုင်ထားသောသူက မျက်နုံးတစ်ဖက် ပင့်ပြရင်း...

"ဘာကြည့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင် ဘာလို့ ငါနဲ့အတူတူ လိုက်လုပ်နေတာလဲ"

"မတူချင်ဘူးလား၊ ရပါတယ်၊ လွယ်လွယ်လေး"

ဘယ်ကတည်းက သူ့လက်ထဲ ပါပြီးသားမှန်းမသိတဲ့ စတီးကတ်ကြေးသေးသေးချွန်ချွန်လေးက မျက်လှည့်ပြသွားတာများ ထောက်ခဲ့ မြည်သံနှင့်အတူ ခင့်လက်ထဲမှာ ရှိးတံချည်းသာ ကျန်ခဲ့၏။ အညှပ်ခံလိုက်ရသော ပန်းဖူးဟာ ကြမ်းပြင်ပေါ် ဒလိမ့်ခေါက်ကွေး။

"ကိုကို…နင်"

အံကြိတ်သံနှင့်ခေါ်သော သူမကို ဂရုစိုက်စရာမလိုသည့် အလား တစ်ချက်မှ လှည့်မကြည့်တော့ဘဲ…

"ရော့…မမမှူး၊ အခု တူတာတွေမရှိတော့ဘူး၊ ကျွန်တော့်ပန်းပဲ ပန်လို့ရပြီ"

"ကြည့်…အဲဒါနဲ့ပဲ ရန်ဖြစ်ကြတော့မယ်၊ ကိုကိုကလည်း တအားအစသန်၊ ခင်ကလည်း ဆတ်ဆတ်ကြဲနဲ့၊ ကဲ တော်ပြီ ရန်မဖြစ်ကြနဲ့တော့၊ စာအုပ်ထုတ်၊ မနေ့ကအိမ်စာတွေ စစ်မယ်"

မမက ပြေရာပြေကြောင်း ပြောပေမဲ့ ခင်စိတ်ထဲ ဘယ်လို

မိုးမိုး ၀၁၄၀



မှ မပြေနိုင်။ မငြိမ်းနိုင်သော ဒေါသမီးက အားကောင်းလျက် သူ့ကို စိုက်ကြည့်တော့ ဒင်းက ခင် မုန်းတီးသော ရယ်သံသွဲ့သွဲ့ နှင့် လှောင်သည်။

"တောက်…နင် ကြပ်ကြပ်သတိထား"

ခပ်ကြိတ်ကြိတ် ကြိမ်းဝါးသော နှုတ်ခမ်းပါးတွေကို ကိုကို ကကြည့်ရင်း ကြည့်ရင်း ပိုပျော်လာသလို ခံစားရသည်။

"ကဲ…ကိုကိုနဲ့ခင် နေရာချိန်းနော်၊ စားပွဲဟိုဘက်ထိပ် ဒီဘက်ထိပ် သွားထိုင်၊ သွား၊ နို့မို့ စာမသင်ရဘဲ သူတို့ နပန်းလုံး နေမှဖြင့်"

"လုံးချင် လုံးပါစေ၊ ပိုက်ဆံမကုန်ဘဲ အလကားကြည့် ရတာပေါ့"

ဥက္ကာက သွားအဖြီးသားနှင့် ထပြောတော့ ယမင်းက "အချောင်သမား"

မျက်စောင်းထိုးရင်း ကောင်းချီးပေးသည်။ ပိုးပိုးကတော့ "ကြည့်စမ်းပါ၊ နပန်းပဲလုံးလုံး၊ လက်ဝှေ့ပဲထိုးထိုး ငါတို့ ခင်က အပေါ်စီးကပဲ မှတ်ထား"

မိုးမိုး ၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"သူ့အပေါ်တက်တော့ ငါတို့ကိုကိုက သက်သာတာပေါ့ နော် ဥက္ကာ"

"ဟဲ့...ဘာပြောတာလဲ"

ခင်က စားပွဲကို လက်ဝါးနဲ့ပုတ်ပြီး ဟောက်ပစ်တော့ နှစ်ယောက်သား မအူမလည်ရှုပ်နှင့်...

"သြော်...ကိုကိုက ခံစစ်ဆိုတော့ တိုက်စစ်လောက် မပင်ပန်းဘူးလို့ ပြောတာပါဟာ၊ ခင်ကလဲ"

"ပါးစပ်ပိတ်ထားနော်၊ မဟုတ်တရုတ် ထပ်ပြောလို့က တော့ ဒီမှာမြင်လား ထောက်ချုန်၊ ဟွန်း...ငါ တကယ်ပေါက်မှာ မပြောမရှိနဲ့"

တကယ်ထောက်ချုန်ကြီး တကားကားနဲ့ ခြိမ်းခြောက်တော့ နှစ်ယောက်သား ဇက်ပုကာ ငြိမ်ကျသွားသည်။ ကိုကိုကတော့ စားပွဲပဲ့ကိုဘက်ဒီဘက်သော နေရာမှာ အကျအနဝင်ထိုင်ပြီးမှ...

"ပြောမနေနဲ့၊ သူ အောက်ကနေချင်တယ်ဆိုလည်း နေပါ စေ"

ကြိမ်းဝါးထားတာထက် လက်ကမြန်သည်။ ပျော်ခဲ့



ကောက်ပေါက်တာ ထောက်ချုန်မဟုတ်ဘဲ ကွန်ပါဘူးဖြစ်နေတာ ကြောင့် ကိုကိုက ခေါင်းငုံ့ပြီးအရှောင်...

"ဒေါင်"

"ခွမ်း...ဂလွမ်း"

"အောင်မလေး...ကုန်ပါပြီတော်"

"အဲတော်"

အသံတွေ အမျိုးစုံသွားသည်။ ပိုက်ဘုတ်မှာ စာလှည့်ရေး ပြီး ဒီဘက်လေး ကျောခိုင်းလိုက်တာ စက္ကန့်ပိုင်းပဲရှိသေးသည်။ အသံဆူဆူတွေကြောင့် ဒီဘက်ပြန်လှည့်တော့...

"ဟင်...ဒေါ်လေး"

"ဒေါ်လေး...ကန်တော့...ကန်တော့"

ခင်က အမြန်တောင်းပန်သည်။ အအေးဖန်ခွက်တွေက ကွဲတချို့၊ ကျန်တချို့နှင့် ဒေါ်လေးကိုင်ထားသော ဗန်းထဲမှာ ခင့် ကွန်ပါဗူးကြီးက ခေါင်းစိုက်ကျလျက်သား။

"ကွန်ပါဗူး အအေးဆင်းသောက်တာ ကြည့်ထား ဥက္ကာ၊ ထူးထွေဆန်းပြားတွေ"

www.burmeseclassic.com

www.burmeseclassic.com



တင်ကိုက MP4 ထဲက ကင်မရာနှင့် မှတ်တမ်းတင်ထားဟန် ပြင်နေသေးသည်။ ခင်မှာ ခေါသလည်းထွက်၊ ခေါ်လေးကိုလည်း အားနာကာ…

"ခင် ပြန်ကောက်ပေးပါ့မယ် ခေါ်လေးရဲ့၊ အားလုံးခင် ရှင်းပေးပါ့မယ်"

စားပွဲခုံအား ကွေ့ပတ်သွားရင်း ခုံအောက်မှ ထွက်နေသော ခြေချောင်းသွယ်သွယ်တွေ၏ပိုင်ရှင် ထိမထင်ရပ်နှင့် ဒင်းအား တည့်တည့်စိုက်ကြည့်ရင်း အဲဒီခြေချောင်းတွေဆီ ခင်က အပြေးတကြီး တက်နင်းပစ်လိုက်တာမို့…

"အား"

အသံပြဲကြီးနှင့် ကိုကိုက ထအော်ကာ…

"ခင်…နင် ငါ့ကိုနင်းတယ်"

"နင်းတော့ ဘာဖြစ်လဲ၊ နင့်ခြေထောက်က အပြင်ကို ထွက်နေတာကိုး"

"ဟာ…နင့်မျက်စိ ကန်းနေလား"

"မကန်းဘူးဟေ့၊ မြင်တယ်၊ တမင် သင်ခန်းစာပေးလိုက်



တာ"

"ဩော်…နင်က ဒီလိုလား၊ ငါက မိန်းကလေးမို့ ညှာနေတာနော်"

"နင် လေကျယ်မနေစမ်းပါနဲ့၊ မညှာတော့ နင်က ဘာလုပ်ချင်လဲ"

ရင်ဘတ်ချင်း ပြေးတိုက်ကာ အင်္ကျီလက်မောင်းတွေ ကိုယ်စီဆွဲပင့်လျက် ပွဲကြမ်းတော့မည့် ထိုနှစ်ယောက်ကြောင့်…

"ဟဲ့…ဟဲ့ တော်ကြစမ်း"

"ဟေ့…ခင် နောက်ဆုတ်စမ်း"

မှုန်နဲ့ခေါ်လေးမှာ လက်ထဲရှိသမျှတွေ ရောက်ရာပေါက်ရာ ပစ်ချပြီး လူစုခွဲပစ်ရတာ အမောတကော။ ဒါတောင် မကျေလည် ခြင်းများစွာနှင့် မျက်လုံးချင်း အသံတိတ် စစ်ခင်းနေကြတာက ပြီးမစီး။

"နင်တို့နှစ်ယောက်က အရွယ်တွေလည်း ငယ်ကြတော့ ဘာမဟုတ်ဘူး၊ တစ်ယောက်ကလည်း မိန်းကလေးဆို လျှော့ပေး သယ်မရှိဘူး၊ . တစ်ယောက်ကလည်း ယောကျ်ားလေးဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အကြောက်အလန့်မရှိနဲ့"

"ဈေးပေးစရာလား၊ မမမျိုးဟာလည်း ပြန်ကြည့်ဦး၊ ကိုယ့်ကိုယ်ကို ဘာမှန်းမသိတဲ့ နှစ်ပိုင်းတစ်ပိုင်းကို"

ကိုကိုက ခုံကျောမှီမှာ ကိုယ်ကိုကပ်ပြီး လက်ပိုက်ကာ မထိတရိပြောတော့ ဟိုအကျီအိပ်ပြောဘိုင်သော ခင်က စားပွဲခုံကို လက်သီးနှင့် စုံထုကာ…

"အေး…အဲဒီ နှစ်ပိုင်းတစ်ပိုင်းက နင့်အသက်ကို နုတ် ပြမယ်၊ ထမင်းဝဝစားထား"

"လာလေ…နင် သတ္တိရှိရင်"

"အောင်မလေး…ယောကျ်ားကြီးတန်မဲ့ စိန်ခေါ်နေတ လိုက်တာ၊ ကြိုက်တဲ့နေရာချိန်းလိုက်၊ အဲဒီနေရာရောက်မှ နင့် ကောင်းကောင်းဆုံးမပြမယ်"

"ကဲ…တော်ကြစမ်းဟယ်"

မျိုးမှာ အသံပြာတဲ့အထိ ကုန်းကျုံးအော်ကာ တားရသည်

"ဒီလောက် ပြောမရဆိုမရ ဖြစ်နေတဲ့ဟာတွေ သွား သွားကြ၊ ငါ စာကူမကျက်ပေးနိုင်တော့ဘူး၊ နင်တို့ကို လက်





တာ ငါ့အမှား၊ သွား…တခြားဝိုက်(ဒ်)သွားရှာကြ၊ သွား"

စိတ်ပေါက်ပေါက်နှင့် နှင်ထုတ်မှ စကားစစ်ထိုးပွဲ ချုပ်ငြိမ်း သွားရသည်။ ဒါတောင် ပါးစပ်ကဖွင့်ပြီး ရန်မဖြစ်ရတော့ တစ်ယောက်နှင့်တစ်ယောက် အသံတိတ် ပညာစွမ်းတွေ ပြကြသေး တာ မျိုး ကြုံရသေးသည်။

ကိုကိုက အပေါ်မှာ သချ်ာပုစ္ဆာကို မဲသည်းပြီးတွက်နေ တုန်း ခင်က ဘောပင်ခုံအောက်ကျတာကို ဆင်းကောက်ရင်း ကိုကို့ ဘောင်းဘီအဖျားနှစ်စအား ပူးပြီး စုပါဂလူးနဲ့ ကပ်သွားတာမျိုး။

"ဒါ…မစိုမခြောက်ရဲ့လက်ချက်၊ တွေ့လား မမမျိုး ကျွန်တော့်ကို ဒုက္ခသက်သက်ပေးသွားတာ"

စာကျက်ချိန်ပြီးတာနဲ့ ခင်တို့က အရင်လစ်ထွက်သွားတာ မို့ ကိုကို့မှာ ခြေထောက်ခွဲရပ်၍မရဘဲ စုံရပ်ကာ ခုန်သွားရသည်။

"ငါ့ဘောင်းဘီအသစ်ကြီးကိုကွာ၊ ဒါ ဖေဖေသင်္ဘောက အပြန် ဝယ်လာတာ၊ ၅၀၁ ကွ"

ကိုကိုက နှမြောလွန်း၍ စုတ်တသပ်သပ်ဖြစ်ကာ ဘောင်းဘီကြီးကိုလည်း ခွဲမညှပ်ရက်။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ဆီလောင်းရင်ရော ကွာသွားမလား"

"မထင်ပါဘူးကွာ၊ ဒီမှာ ဒွန်းနားလောက်အထိ ကပ်နေတာ ကိုး"

"မင်းကလည်း ကိုကိုရာ၊ ဒီလောက် လုပ်ကြံနေတာကို မသိရဘူးလို့"

"ဟ...ငါလည်း သချာထဲ ရောနဝင်သွားတာကိုး၊ တွေ့မယ် ဒင်းနဲ့ငါနဲ့"

နောက်ဆုံးတော့ နမြောခြင်းကြီးစွာနှင့် ဘောင်းဘီကို ဒွန်းနား လောက်မှ ဖြတ်ပစ်လိုက်ရသည်။ ဥက္ကာကတော့ အားပေးသား။

"အတိုအရှည် စတိုင်(လ်)နှစ်မျိုး ဝတ်ရတာပေါ့"

ဘာတွေဘယ်လို နှစ်သိမ့်နှစ်သိမ့် မကျေသောရင်မှာ လက်တုံ့ပြန်ရန် စဉ်းစားရင်းက သူမရဲ့ ကျောပိုးကြိုးတွေကို သူက ဓားနှင့် ခိုးဖြတ်ထားဖူးသည်။ ကျောင်းစာအပြီး အိမ်ပြန်ရန်ပြင်တော့ ကြိုးတွေပြုတ်ကျကုန်တာကြည့်ပြီး ကိုကိုတို့ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ခဲ့ဖူး၏။

သူမက ကိုကို့ဆိုင်ကယ်ဘီးကို လေလျှော့ထားတော



သူ့မှာ ကျောင်းနဲ့အိမ် အဝေးကြီးကို ဆိုင်ကယ်အလေးကြီး တွန်းပြန်ရဖူးသည်။ ဒီတော့ ကိုကိုက မိုးဦးကျမှာ ဖားတွေဖမ်းပြီး သူမ အိတ်ထဲ ပြန်ထည့်ကာ...

ဖားနှိုက်မိ၍ မျက်ဖြူလန်ကာ သတိလစ်သွားသော သူမ ကိုကြည့်၍ တိုးတိုးကျိတ်ကျိတ်ရယ်ရင်းမောရင်း...

အငြိုးတွေပိုး၍ မုန်းပင်စိုက်ကာ ကလဲ့စားချေခြင်းက သူတို့နှစ်ယောက်ကြား မထူးဆန်းသော အဖြစ်များလို တည်ရှိခဲ့ရာမှ...။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟယ်...ဟိုမှာ ဖားတွေ"

"အေးဟယ်...ဝိုးလိုးပက်လက်လေးတွေနဲ့ သနားစရာ လေးတွေတော်၊ ဟဲ့ ခင်"

မတွေ့ချင်မမြင်ချင်၍ မျက်နှာလွှဲနေကာမှ ပိုးပိုးက ပခုံး ချင်းပစ်တိုက်ပြီး လာခေါ်တော့...

"ကျစ်...ဘာလဲဟာ"

"ဟိုမှာ ဖားတွေပါဆို"

"အေး...တွေ့သားပဲ၊ ဈေးထဲမှာ ဖားတွေ့တာ အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းလား”

“မထူးဆန်းပေမဲ့ အတိတ်ကိုတော့ ပြန်သတိရသွားတာပေါ့၊ နင်ရော သတိမရဘူးလား”

“မရပါဘူး”

ခပ်ပြတ်ပြတ်ပြောရင်း ခင်က ယမင်းတို့နှစ်ယောက်ကိုထားခဲ့ကာ ရှေ့သို့ ဘောက်ဆတ်ဆတ်နှင့် ဦးအောင်လျှောက်ထွက်ခဲ့သည်။ လက်နှစ်ဖက်စလုံး မအားလပ်နိုင်အောင် ဆွဲထားသည့် အိတ်ကြီးတွေ လေးတာတမျိုး၊ ကိုယ်ခံခဲ့ရတာကို တန့်နှ ပြန်တွေးရင်း ဒေါသထွက်လာရတာသပ်သပ်နှင့် စိတ်က မကြည်ချင်တော့ဘဲ မြေကြီးကိုသာ အနိုင်ရတိုင်း ဖိနင်းပစ်ခဲ့တာ အငြိုးတကြီးနှင့်။ ဘာကြောင့်ရယ်မှန်းမသိဘဲ အရောရာ၌ သတ္တိကောင်းလှသော ခင်ကဖားဆိုရင်တော့ အင်မတန် ကြောက်လေသည်။

“ကြောက်စရာမဟုတ်ပါဘူး သမီးရဲ့၊ သူက ကိုက်လည်းမကိုက်တတ်ဘူး၊ အဆိပ်ရှိသတ္တဝါလည်း မဟုတ်ဘူးလေ၊ သေချာတွေးကြည့်ရင် အနေအထိုင်လေ... ကောင်းသေးတယ်၊ ခြေလက်လေးချောင်းပါပြီးတော့ သူ့ခမျာ အပြေးလည်းမသန်၊ လူတွေရဲ့





ခြေကြားမှာ ခုန်ဆွခုန်ဆွနဲ့ သွားနေရတာ”

ကြောက်တတ်သည့်စိတ်ကို အလိုမရှိသော ဖေဖေကသူမကို ထိုသို့ပြောခဲ့ဖူးသည်။ ဒါပေမဲ့ ခင်က လက်သင့်မခံနိုင်ခဲ့တာ ဟိုးငယ်ငယ်လေးကတည်းက။

“ဟင့်အင်း...အဲဒီ ခုန်ဆွဆွကြီးကိုပဲ ခင် ကြောက်တာဖေဖေ”

“ကြောက်တဲ့အရာလည်း ရှိပါစေဦး ကိုကျော်ရဲ့၊ နို့မို့ကိုကျော့်သမီးမှာ ဘာကိုမှ ကြောက်ရလန့်ရမှန်းမသိ မိန်းကလေးတန်မဲ့ ဂျူဒိုတွေ ပြေးတက်၊ ကရာတေးတွေ သင်ရုံအားမရဘူးအခု သိုင်းသင်ဦးမတဲ့၊ ကြည့်လိုက်ရင် ဘယ်တော့မှ နူးနူးညံ့ညံ့ဆိုတာမရှိဘူး၊ တကယ့်အံ့ဘွယ်မိန်းကလေး၊ ဝတ်စားသမျှတောင်ဘောင်းဘီနဲ့ ရှပ်အင်္ကျီကလွဲပြီး တခြားမဝတ်တတ်တော့တဲ့အဖြစ်”

မေမေက သူမနှင့် ဖေဖေ့အကြား အမြဲတမ်း အဲဒီလိုတဖျစ်တောက်တောက်ရှိရာမှ ကိုကို မြို့ကိုရောက်လာပြီး ရန်ပွဲတွေတခြိမ်းခြိမ်းဖြစ်တိုင်း ဖေဖေ့အား...

“အဲဒါ ရှင့်ကြောင့်”



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဖို့တတ်သည်။ ဆယ်တန်းနှစ်ကျမှ တစ်ယောက်နဲ့ တစ်ယောက် ပဋိပက္ခတွေ ပိုများလာသည့်အထဲ အပြင်းထန်ဆုံး အဖြစ်က သူမကျောပိုးအိတ်ထဲ ကိုကိုက ဖားပြုတ်ကြီးထည့်ထား တာက အဆိုးဆုံး။

အဲဒီတုန်းက အကြောင်းကို အခုပြန်တွေး အခုကြက်သီး တွေထကာ အခုပင် မျက်ရည်တွေ လည်လာတဲ့အထိ။ အဲဒီတုန်းက မမမှူးထံ စာကျက်ချိန် သွားရတာမို့ ဟိုရောက်တာနှင့် တယေား ယေား တဟားဟားဖြင့် ယမင်းတို့နှင့် စကားလက်ဆုံကျရင်း ကျောပိုးအိတ်ကို ရောက်ရာပေါက်ရာ ချထားခြင်းမှ ပြဿနာစခဲ့ ခြင်းဖြစ်သည်။

"ကဲ…ဒီနေ့ ကယ်မစ်စထရီ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေ စကျက်မယ်၊ ထုတ်…စာအုပ်တွေ"

မမမှူးက ပြောမှ ကျောပိုးအိတ်ကို ရင်ခွင်ထဲထည့်ရင်း ဇစ်ဆွဲဖွင့်ကာ စာအုပ်တွေ ဆွဲထုတ်သည်။ အမျှင်မပြတ်သော စကား ကလည်း ပြောနေရတာမို့ အိတ်ထဲ ငုံ့မကြည့်အား။

"နေပါဦး…ငါ့ဘောပင်အိတ် မပါဘူးလား မသိဘူး"





အိတ်ရဲ့အောက်ခြေအထိ ခင်က လက်နှိုက်မွှေတော့…

"ဟဲ့…အကြောင်းပြုပြီ၊ အိတ်မပါလည်း ငါတို့က မငှား ဘူးနော်၊ သူ ဒီလိုပဲ ညာတာပါတေးနဲ့ ဘောပင်တွေ ငှားငှားရေး နေတာ ဘယ်နှရက်ရှိပြီလဲ မိပိုး"

ယမင်းက အစထောင်တော့ ပိုးပိုးကပါ အားတက်သ ရော ခေါင်းညိတ်ထောက်ခံကာ…

"အေးလေ…ငါ့ဘောပင်တစ်ချောင်းပါ အဆစ်ပါသွား သေးတယ်၊ ရေးရုံနဲ့ အားမရဘူး၊ သင်းက အိမ်ပါအပါသယ်တာ"

"ကြီးကျယ်မနေစမ်းပါနဲ့၊ နင်တို့ဘောပင် အရုတ်ပလုတ် ကို ငါ့မှာပါတယ်"

ခင်က ပြောပြောဆိုဆို လက်ထဲဆွဲမိဆွဲရာ ထုတ်လိုက်တာ က အေးစက်စက်၊ ပျော့စိစိ အထိအတွေ့နှင့်မို့ ငုံ့အကြည့် ခင့်လက်ထဲ မိမိရရပါလာတာက ကျောပြင်မည်းမည်းပေါ် အဝါ စင်းကြီးတွေပါသော ဖားတစ်ကောင်။

"ခင်"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…လန့်လိုက်တာ၊ ဒါဘာထဖြစ်တာလဲ၊ ငါက တိုးတိုးလေးခေါ်တာကို"

ယမင်းစကားသံတွေက ခင့်ကို အတိတ်ဆီမှ ဆွဲခေါ်ထုတ်သွားသည်။ ခင်က ရင်ဘတ်ဖိရင်း…

"ငါ"

"နင် ဆယ်တန်းတုန်းက ဖားကိစ္စကို မမေ့နိုင်သေးတာ မဟုတ်လား"

"ငါတို့တောင် သေးလူအနေနဲ့ မမေ့နိုင်သေးတာ၊ သူက ကာယကံရှင်ဆိုတော့ ပိုဆိုးပေါ့၊ အဲဒီတုန်းက ကိုကို တော်တော်လွန်တယ်ဟာ၊ စာမေးပွဲဖြေခါနီးကို ခင့်မှာ လန့်ဖျားဖျားပြီး ဆေးရုံတက်လိုက်ရသေးတာလေ"

"အေးနော်"

ပိုးပိုးက ခပ်လေးလေး ခေါင်းညိတ်ရင်း…

"သူ့အဖေ၊ အမေကတော့ လာတောင်းပန်သား"

"အဲဒီတုန်းကသာ ခင် ဆေးရုံမတက်ရရင် ရိုးရိုးမေဂျာလောက်ပဲ ရမှာမဟုတ်ဘူး၊ မမရော ဆရာတို့ကရော ခင့်ကို UFL





ဝင်ခွင့်အထိ မှန်းထားတာ"

"ကဲ…တော်ပါတော့ဟာ"

ပြီးပြီးသားတွေ ဆက်မကြားချင်။ ကြားရသမျှ သာယာဖွယ်မရှိတာ အမှန်မို့ ခင်က စကားကို လက်စဖြတ်ရင်း…

"ဒီပစ္စည်းတွေနဲ့ ငါတို့ ကားဂိုးပြန်မှဖြစ်မှာပေါ့၊ နင်တို့ ဈေးထဲက မထွက်ခင် သေချာစစ်နော်၊ အိုးတွေခွက်တွေတော့ စုံပါရဲ့၊ ချက်စားစရာ ဘာမှမပါလာပဲနေဦးမယ်"

"အမလေး…အဲဒီအတွက် မပူနဲ့ မမ၊ ဒီမှာ ဟင်းရန် သုံးမျိုးလောက်ပါတယ်၊ ပုစွန်ချဉ်နဲ့ ဘဲဥလည်းပါတယ်၊ တစ်ပတ်စာ ငါ မှန်းပြီးဝယ်လာပါတယ်ဟဲ့၊ နောက်နေ့ သင်တန်းတစ်ဖက်နဲ့ဆို ဈေးကဝယ်ဖို့ နေ့တိုင်းဆို အဆင်မပြေလို့လေ"

"ကွန်ဒိုမြေညီထပ်မှာ စူပါမားကတ်ရှိပါတယ်ဟ"

ခင်တို့နေရန် ကွန်ဒိုတစ်ခန်း ဖေဖေက ဝယ်ပေးထားပါသည်။ ကွန်ဒိုရဲ့ သဘာဝအရ စူပါမားကတ်တွေ၊ မြူတီးစပါးလ်တွေပါပေမဲ့ ဒီနေ့တော့ ပတ်ဝန်းကျင်အသစ်ကို လှေလာချင်၍



www.burmeseclassic.com

www.burmeseclassic.com



အနီးအပါးရှိ ရပ်ကွက်ဈေးလေးကို တမင်ခြေရှည်ခဲ့ခြင်းပင်။

"စူပါမားကတ်ရှိတိုင်း ကိုယ်စားချင်တာ ဝယ်လို့ရတာ မဟုတ်ဘူးဟေ့၊ ချဉ်ဖတ်တို့ ငါးပိရည်တို့ဆိုတာ ဒီလိုဈေးမျိုးမှာမှ ရှိတာ"

"ယမင်းတို့က ဒီတစ်ခါ တယ်တော်နေပါလား"

"မတော်လို့ မရဘူးလေ၊ မိဘနဲ့ အတူနေသလို ဗိုက်ဆာရင် အိုးဖွင့်စားလို့ ရတာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်နေရတော့ အစာအိမ်က တွက်ပြတာ ဘယ်အချိန် ဘာစားရမယ်ဆိုတာ"

"အေးပါ…နှင့်အစာအိမ်ရဲ့ တွက်ချက်မှုနဲ့ အိုးသူကြီး တာဝန် နှင်ယူပေတော့"

မီးဖိုချောင်ဝင်ရန် ကြောက်သော ပိုးပိုးက ဦးအောင်ပြောတော့…

"အေးပါ၊ နင်ကတော့ အိမ်သန့်ရှင်းရေးနဲ့ အလျှော်အဖွပ် တာဝန်ယူ"

ယမင်းက ပြန်နှိပ်ကွပ်ရင်း အခုချိန်အထိ အသံတိတ်နေသော ခင့်ထံ နှစ်ယောက်စလုံး အကြည့်တွေ ရောက်လာတော့လည်း ပြိုင်တူ။



"နင်က ဘာတာဝန်ယူမှာလဲ ခင်"

"ငါလား၊ ငါက စားပြီးအိပ်မယ်၊ အိပ်ရာနိုးလာတော့ တစ်ခါထပ်စားမယ်၊ အဲဒီတာဝန်လေဟာယ်၊ မကောင်းဘူးလား"

ပြောင်ချော်ချော်ရုပ်လေးနဲ့ ခင်ကပြောတော့ ကျန်နှစ်ယောက်က ပြိုင်တူ နှုတ်ခမ်းလှုပ်ရှဲ့ အမည်ပေးတာက…

"ငပျင်းမ"

❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဝါး…မွေးလှချည်လား လေးလေး၊ ဘာချက်နေတာလဲ"

ရေခဲသေတ္တာကို ဆွဲဖွင့်ရင်း ဥက္ကာက လှမ်းအော်သည်။ ဖွင့်တဲ့သူက ရေပုလင်းမယူရဘဲ တင်ကိုက ကြားဖြတ်ပုလင်းငုံ့ယူကာ ကိုယ်ကို ပြန်အမတ် ကိုကိုက တင်ကို့လက်ထဲက ပုလင်းကို ယူကာ အဖုံးဖွင့်ပြီး တရှူးထိုးမော့သည်။

"ဟွန်း…ကျလည်းကျတဲ့ကောင်တွေ၊ ငါက ခြေတစ်ဖက်အရိုးအက်ထားပါတယ်ဆိုမှ မင်းတို့ကို ချက်ပြုတ်ကျွေးနေရမလား၊



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းလာတာနဲ့ ဒီခြေထောက်အခြေအနေ ဘယ်လိုနေလဲလို့ တစ်ကောင်မှ မေးဖော်မရဘူး"

"စိတ်မဆိုးပါနဲ့ လေးလေးရာ၊ ကျွန်တော်တို့မေးလည်း လေးလေးခြေထောက်က ပြန်ကောင်းလာမှာမှ မဟုတ်တာ"

"ဟိတ်ကောင် ကိုကို"

ခြေတစ်ဖက်အတွက် အားပြုထားရသော စတီးတုတ်ကောက်ကို ဦးလင်းက ဆောင့်ချမှ ကိုကိုက ခေါင်းညွှတ်အရိုအသေ ပေးရင်း...

"ဆောရီး...ကျွန်တော်ပြောတာက"

"မပြောနဲ့၊ မင်းပြောရင် ဒီထက်ပိုဆိုးမယ်၊ ကိုကို"

"ဗျာ"

"မင်း ငါ့ကို ရိုရိုသေသေ ပိုဆက်ဆံသင့်တယ်နော်၊ ငါက ဥက္ကာရဲ့ဦးလေးဆိုပေမယ့် မင်း ကိုးတန်းနှစ်တုန်းက"

ဦးလင်းက တမင်စတိုင်(လ်)ထုတ်ကာ မေးဖျားကို လက်ညှိုးလက်မနှင့် ဆွဲပွတ်ရင်း...

"မင်းအဖေ ဖြစ်ခဲ့ဖူးတယ်ကွ"





"အဟက်...လေးလေးကလည်း ဘဝဟောင်းက အဖေ ဝဲ ကြားဖူးပါတယ်"

ကိုကိုက မရယ်ချင့်ရယ်ချင်နှင့်ပြောပြီး ဒီဘက်မျက်နှာလွှဲတော့ နှုတ်ခမ်းလှုပ်ရုံနှင့်...

"ဒါဝဲ ခဏခဏပြောနေတယ်၊ အဖေရှူး ရူးနေလားမသိဘူး"

တီးတိုးရေရွတ်သည်။ ဥက္ကာနှင့် တင်ကိုကတော့ ရယ်ချင်သည့် အစအနတွေကို မျက်နှာထက်မှာ သိမ်းမရဘဲ...

"အေးလေကွာ၊ မင်းကလည်း ရန်ကုန်ရောက်တာနဲ့ ကိုးတန်းနှစ်က အဖေ့ကျေးဇူးကို မေ့သွားရသလား"

"ကိုယ့်အဖေဟောင်း ကိုယ့်သူငယ်ချင်းဟောင်းတွေနဲ့ ပြန်ဆုံတဲ့အချိန်မှာ မောင်မင်း ကောင်းကောင်းကျေးဇူးဆပ်သင့် တယ်၊ ရန်ကုန်မှာ အနေကြာလို့ ရန်ကုန်ချိုးတော့ မချိုးနဲ့"

နှစ်ယောက်ပေါင်း ဝိုင်းကျပ်တဲ့ရုပ်တွေက စပ်ဖြီးဖြီးနဲ့။

"ဟုတ်တယ် ကိုကို၊ အခု မင်းနဲ့အတူနေဖို့ ကျောင်းတက်ဖို့ ဒီနှစ်ယောက်က လိုက်လာတယ်၊ အေး မင်းတို့ကို ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ငါက လိုက်လာရတယ်''

''ထိန်းမယ့်လူကလည်း ဒုက္ခတကြီး''

ကိုကိုက မကြားတကြားပြောရင်း ညအိပ်ဝတ်ထားတဲ့ တီရှပ်ကို ခေါင်းမှ ဆွဲချွတ်သည်။ ထို့နောက် အင်္ကျီကို ပခုံး တစ်ဖက်ပေါ် လွှားတင်ကာ ထမင်းစားပွဲမှာ လက်ထောက်ရင်း…

''ကဲ…ကျေးဇူးရှိတဲ့သူတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရေခဲသေတ္တာနဲ့ ဒီမီးဖိုချောင်ကို စိတ်တိုင်းကျ သုံးခွင့်ပြုတယ်''

''ဟင်…ဒီရေခဲသေတ္တာ''

''မီးဖိုချောင်''

တင်ကိုနဲ့ ဥက္ကာက တအံ့တသြ ရေရွတ်သည်။ ဦးလင်းက ခုံမှာဝင်ထိုင်ရင်း…

''ငါက အဲဒါတွေ ဘာလုပ်ရမှာတုံး''

''သြော်…ခက်ပြီ၊ ဒီမှာကြည့်''

ကိုကိုက ရေခဲသေတ္တာကို ဖွင့်ပြသည်။ ဖရီဇာထဲမှာ အစီအရီထည့်ထားသော အသားဗူးတွေ၊ အသီးအနှံတွေနှင့် နို့ဗူးတွေ၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥပါ ပါသော အစားအစာတွေက တစ်ဖက်ဖွင့် ရေခဲသေတ္တာထဲအပြည့်။

''တွေ့တယ်နော် စိတ်ကြိုက်ယူ၊ စိတ်ကြိုက်ချက်စားကြ၊ လျော့သွားတာ မရှိစေရဘူး။ အမြဲပြည့်နေစေရမယ်''

''အာ…မင်းကလည်း ငါမှမချက်တတ်တာ''

''ဒါကတော့ ကျွန်တော်နဲ့မဆိုင်ဘူး၊ ကျွန်တော်က အိမ်ရှင်ဝတ္တရား ကျေပြီ''

ပြောပြီးတာနဲ့ ကိုကိုက လှည့်ထွက်တော့ တင်ကိုက အသည်းအသန်လိုက်ဆွဲကာ…

''မင်းက အဲဒီလိုတော့ မရက်စက်နဲ့လေကွာ၊ မင်း ဒီမှာ တစ်ယောက်တည်းနေတာ ဘယ်လိုစားသောက်လဲဟင်''

''ငါလား''

ပြန်မေးရင်း အားလုံးဆီ အကြည့်ဝေ့တော့ သူ့အဖြေကို စိတ်ဝင်တစား မျှော်လင့်နေသော မျက်ဝန်းတွေက သုံးစုံတောင်။ ကိုကိုက ပခုံးတွန့်ရင်း…

''ကြုံသလိုပဲ၊ ဆိုင်မှာစားတာများတယ်၊ အိပ်ချိန်တောင် ငါက ဒီအခန်းကို မပြန်ဖြစ်ဘူး''







www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါဆို မင်းဘယ်မှာအိပ်လဲ"

"ညလုံးပေါက် ကလပ်မှာကဲတာပေါ့"

"ကလပ်"

ဥက္ကာက မျက်လုံးပြူးပြီး မေးသည်။ လေးလေးထံမှ…

"မိုက်တယ်ကွာ၊ မဆိုးဘူးပဲ"

အသံကထွက်လာ၏။

"မင်း အဲဒီလောက် ကဲနေလို့ မင်းအမေက ငါတို့ကို လွှတ်လိုက်တာနေမှာ"

အခုမှ အခြေအနေအရပ်ရပ်ကို သဘောပေါက်သလိုမျိုး ဥက္ကာက ပြောသည်။ ဆယ်တန်းဖြေပြီးတာနှင့် ကိုကို ရန်ကုန်မှာ လာနေတာ မေမေ့ညီမအိမ်မှာ။

"ဒီအိမ်က နယ်မှာလိုမဟုတ်ဘူးနော် ကိုကို၊ အချိန်နဲ့ ထွက်၊ အချိန်နဲ့ဝင်၊ မနက်ရှစ်နာရီအပြင်ထွက်၊ ညဆိုခြောက်နာရီ ငါက ခြံသော့ခတ်မှာ၊ တက္ကသိုလ်ကျောင်းသားက ညဥ့်နက်အောင် တက်စရာမလိုမှန်း ငါသိပြီးသား"

ဒါတော့ သူပြောမှလား။ သူငယ်တန်းကလေးကအစ





သိသည်။ အဒေါ်က အပျိုကြီးမို့ ကြာတော့ စည်းစနစ်တွေ အချိန် ဇယားတွေကြားမှာ ကိုကို မနေနိုင်။

"ဘယ်လိုလုပ်မလဲ ဖေဖေ၊ ဒေါ်လေးက လက်လွှပ် လွှပ်ပြန်ပြီ၊ မျက်တောင်ခတ် ခတ်ပြန်ပြီနဲ့ သူ့အိမ်မှာနေရတာ အောက်သိကျင်တောင် ဝဝမရှုရဘူး၊ သူ့ခုံးမစကားတွေပဲ လေအဖြစ် ရှူနေရလို့ လူတောင် အသက်ရှူမဝတော့ဘူး"

သဘော်မတက်ခင် ဖေဖေ့ကို သူလှမ်းတိုင်ခဲ့သည်။ အမြဲတမ်း သူ့ဘက်က ရပ်ခဲ့သော ဖေဖေကတောင် ဖားပြဲသနှာ တက်ပြီးကတည်းက မောင့်ဘက်မှာ သိပ်မရှိချင်တော့။

"မင်းတစ်ယောက်တည်းနေပြီး ထင်ရာတွေလုပ်မှာစိုးရ တယ် ကိုကို"

"အဲဒါဆိုလည်း ဖေဖေ့တပည့်တစ်ယောက် လွှတ်ပေး၊ ကိုကိုနဲ့ အတူနေမယ်လေ၊ ပြီးတော့ ရန်ကုန်နဲ့ ဘာမှဝေးတာမှ မဟုတ်တာ၊ ချက်ကင်ဝင်ချင်ရင် မေမေ အချိန်မရွေးလာလို့ရတာပဲ၊ အဲဒါမှမဟုတ်လည်း မေမေ့သာ လွှတ်လိုက်ဖြစ်တယ်"

သူတောင်းဆိုတော့ မေမေတ ခါးခါးသီးသီး။



www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း မလာနိုင်ဘူး ကိုကို၊ ကိုယ့်မြို့ကိုယ့်ရွာမှာပဲ နားအေးပါးအေး နေချင်တာ၊ မင်းလည်း ပြဿနာမရှာစမ်းနဲ့၊ အဒေါ်နဲ့ပဲနေ"

"အာ···မနေချင်ဘူး၊ ဒေါ်လေးနဲ့ ဘယ်လိုမှ မဖြစ်ဘူး နော် မေမေ"

"ဘယ်ဖြစ်မလဲ၊ အပျိုကြီးက စည်းနဲ့ကမ်းနဲ့၊ မင်းက စည်းလွတ်ဝါးလွတ်"

"မသိဘူး မေမေရာ၊ ဒေါ်လေးဆီမှာ ဆက်နေနိုင်းရင် တော့ ကျွန်တော် အဆောင်တစ်ခုခုပဲ ပြောင်းနေတော့မယ်"

ခြိမ်းလိုက်ခြောက်လိုက်နှင့် ဖုန်းထဲမှာ အပြန်အလှန်ညှိနှိုင်းရင်း မြန်မာ့ဆက်သွယ်ရေးအား အတော်ကြီး အကျိုးပြုပြီးမှ မေမေက တိုက်ခန်းတစ်ခန်း ဝယ်ပေးဖို့ သဘောတူသည်။ ကတိကဝတ်တွေကလည်း အများကြီး။

"အရက်မသောက်ရ၊ ဆေးလိပ်မသောက်ရ၊ ရန်မဖြစ်ရ၊ စာကြိုးစားရမည်၊ သုံးနှစ်တက်ပြီးတာနှင့် ဘွဲ့တန်းရရမည်၊ နှစ်ကျတာတွေ ဘာတွေ မဖြစ်စေရ"





မှာတမ်းအရှည်ကြီးနှင့် နေစရာအိမ်၊ စီးတော်ယာဉ်နှင့် အထိန်းတော်ပါ တစ်ခါတည်း စီစဉ်ပေးသွားတာတောင် ညည်းညည်းညူညူနှင့်···

"နင်ကတော့ ဗြဟ္မာခေါင်းပဲ ကိုကို၊ ဟိုမှာထားမရလို့ ရန်ကုန်ပို့တော့လည်း အဆင်မပြေ၊ ဒါပဲနော်၊ မင်း စိတ်တိုင်းကျ စီစဉ်ပေးပြီးပြီ၊ မင်းအဖေလည်း သဘောတကျတော့မှာ၊ မေမေ ဘာဘာညာညာ မကြားချင်ဘူး၊ ကြားလို့ကတော့ ရပိုင်ခွင့်တွေ ပြန်သိမ်းမှာ ဒါပဲ"

ပြင်းထန်သော ရာဇသံနှင့် သူ့ကို ထားခဲ့သည်။ ကိုကို ကတော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ လွတ်လပ်ခြင်းအရသာကို ခံစားရင်း ကျောင်းပြီးတော့ မေမေက

"မဆိုးဘူးပဲ မေမေ့သားက၊ အဖော်အဖြစ်ထားထားတဲ့ ဗလကို ပြန်ခေါ်သွားတော့မယ်၊ သူလည်း သူ့မိသားစုနဲ့ နေချင်ရှာမှာ၊ ဥက္ကာတို့လည်း ဟိုမှာ ကျောင်းပြီးကုန်ပြီ ရန်ကုန်မှာ သင်တန်းလေးဘာလေး တက်နိုင်းမလို့တဲ့၊ အဲဒါ သားဆီ လွှတ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဖုန်းဆက်ပြောတုန်းက သူ့မှာ ပျော်လိုက်ရတဲ့ဖြစ်ခြင်း။ မကြီးမငယ်နှင့် ကျွမ်းတောင် ထထိုးချင်စိတ်ပေါက်သည်။ မိဝေးဖဝေးမှာ လွတ်လပ်ခြင်းအရသာကို ခံစားရန် အဖော်ကောင်းတော့လိုသည်ဟု ကိုကို ယူဆသည်။ ကိုယ့်စိတ် ကိုယ့်သဘောကို နားလည်နေသော ငယ်သူငယ်ချင်းဆိုတော့ အကောင်းဆုံးပေါ့ဟု မကြာခဏ တောင့်တမိသည်။

မေမေတို့ သူ့အနားတွင် ထားပေးသော ဗလဆိုတာက ကိုယ်ပေးတာယူ၊ ကျွေးတာစားနှင့် သူ့လုပ်သမျှ မျက်စိဒေါက်ထောက်ကြည့်နေတာမို့ ခံစားချက်က ကီးမကိုက်လှ။ အခုတော့ လိုချင်သူတွေ အနားရောက်လာပြန်တော့လည်း

"ဆိုင်ထမင်း ဆိုင်ဟင်းချည်းပဲ စားရမှာ သိပ်တော့ အဆင်မပြေဘူးကွ"

"အေးကွာ…ငါက အိမ်မှာဆိုရင်…"

အစားအသောက်ကောင်း မက်လှသော တင်ကိုက စကားစဖြတ်ရင်း ရုတ်ခြည်း နှာခေါင်းကို ရှုံ့ပွပွလုပ်ကာ

"ဟေ့ကောင်…အဲဒါ ဘာအနံ့လဲ သိလား"

ဝိုး၊မိုး၊စ၁၄ပ



အနီးရှိ ဥက္ကာကိုမေးတော့ ဥက္ကာကလည်း လေထဲပျံ့လွင့်လာသော ဟင်းအနံ့ကိုရှူရင်း

"သိပြီ၊ ဘဲဥချဉ်ရည်ဟင်း"

"ထွတ်…လဒ၊ ပြောလိုက်မှဖြင့် သောက်တလွဲ၊ အဲဒါ သီးစုံကုလားဟင်း"

"ဟေ့ကောင်…သီးစုံကုလားဟင်းထဲ ဘဲဥထည့်ချက်ရင်လည်း ဘဲဥချဉ်ရည်ဟင်းပဲကွ"

"ဟေ့…တော်ကြစမ်း"

လေးလေးက ဝင်အော်ရင်း ထုံးစံအတိုင်း လေထဲမော့ပြီး အနံ့ခံကာ

"ဟေ့ကောင်တွေ၊ ဒီမှာ အနံ့ခံကြည့်စမ်း၊ အဲဒါ ဘာအနံ့လဲ"

အနံ့ခံပွဲထဲ လေးလေးကပါ ပါဝင်လာတာမို့ ကိုကိုပါ မော့ပြီး ရှူရှိုက်မိသည်။

"သိကြလား ငါ့ကောင်တို့၊ အဲဒါ ပုစွန်ခြောက်ကြော်နံ့ကွ၊ ဟာ…ဟ၊ တောက်…သီးစုံချဉ်ရည်ဟင်းလေးနဲ့ ထမင်းကို နယ်ပြီး ပုစွန်ခြောက်ကြော်လေး မြုပ်စားလိုက်ရရင်…ရှလွတ်"

ဝိုး၊မိုး၊စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



လေးလးက သွားရည်ကို သိမ်းပြသည်။ ကျန်နှစ်ယောက်က တံတွေးတွေ အသံမြည်အောင် မျိုချပြတော့ သူပါ ယောရောင်ပြီး သွားရည်ကျရင်း

"အဲဒါ ဟိုဘက်ခန်းကဗျ"

"အေး…ဖြစ်နိုင်တယ်၊ မနေ့က နောက်ဖေးဝရန်တာထွက်ရပ်တော့ ဟိုဘက်ခန်းက မိန်းမရယ်သံတွေ ကြားရတယ်ကွ"

"လေးလေးက"

"ဝရန်တာထွက်ရပ်တယ်"

သုံးယောက်လုံးက ပြုံးပြီး စိုက်ကြည့်သည်။ ဦးလင်းက ထိုအကြည့်တွေကြောင့် ရှိုးတိုးရှန့်တန့်ဖြစ်ကာ

"အေးလကွာ၊ ဘာဖြစ်လဲ ထွက်ရပ်တော့"

"လေးလေး ဟိုဘက်ခန်းကို သွားချောင်းနေတာများလား"

"ဟော့ကောင်"

ပြောချင်ရာပြောပြီး လေးလေးကအော်တော့ ကိုကိုက ဇက်ကို အော်တိုပုပစ်ရင်း





"မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာက ဟင်းအနံ့ခံရင်းချက်တဲ့လူကို သွားကြည့်တာလားလို့၊ ဒီလောက်မွှေးကြိုင်တဲ့ အနံ့ဆိုရင် လေးလေး…သေချာတယ်၊ တော်တော်ဝါရင့်နေတဲ့လက်၊ အသက်အရွယ် ငယ်ငယ်တော့ မဖြစ်နိုင်ဘူး၊ ဥပမာ…လေးလေးနဲ့ သက်တူရွယ်တူဆို"

"အေး…ဖြစ်နိုင်တယ်"

ဥက္ကာက ဝင်ပင့်သည်။

"ဒီတော့ လေးလေး အိမ်ချက်လက်ရာကောင်းကောင်းစားရအောင်"

"စုံစမ်းစစ်ဆေးရေးကို လေးလေး စတော့ပေါ့"

"ကောင်းတယ်ဗျာ၊ အဲဒီ အစီအစဉ်"

အဆုံးသတ်မှာ ကိုကိုက လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံတော့ လေးလေးမှာ မျက်လုံးကြီးပြူးရင်း ဘာစကားမှ မပြောနိုင်ဘဲ နှုတ်ဆိတ်ရင်းက

ဤသို့ဖြင့်…။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"စားမယ်ဟာ၊ တစ်မနက်လုံး တလှုပ်လှုပ် လုပ်နေရတာ ဗိုက်ထဲမှာ ဟာနေပြီ"

"ငါတို့ ပြောဖို့လည်းထားပါ ခင်ရယ်၊ နင်ကပဲ လှုပ်ရတယ်ရှိသေး"

ခင်က အားလုံးထက် ဦးအောင် ထမင်းစားပွဲမှာဝင်ထိုင်ရင်း

"ငါလည်း တစ်အိမ်လုံး ဖုန်သုတ်ပေးထားတယ်"

"အေး...ပင်ပန်းရှာတယ်၊ ဖုန်စုပ်စက်လေးနဲ့ သီချင်းလေးနားထောင်ပြီး လုပ်ရတာကို"



www.burmeseclassic.com

www.burmeseclassic.com



××× မင်းတွေးသလို မဖြင်ပါနဲ့ ×××

ခင်က အစ္စဏီရဲ့ သီချင်းတစ်ပိုင်းတစ်စကို ထဆိုပြရင်း သီးစုံချည်ရည်ဟင်းကို တစ်ဖွန်းအပြည်းခပ်သောက်ရင်း

"ငါ တစ်အိမ်လုံးရဲ့ ဖန်းအိုးတွေ ထိုးထားသေးတာ"

×× နဖူးပေါ်လက်တင် စဉ်းစားလိုက်ရင် ငါလေ ရင်မော တယ် ××

ရှေသာခိုတတ်သော ခင့်ကို မျက်စောင်းရွယ်ရင်း ယမင်းက သီချင်းထဆိုသည်။ ပိုးပိုးက သူ့ဘာသာသူ ထမင်းရှူးခပ် ထည့်ရင်း

"ဒါ မယ်လိုဒီဝေါလ် မဟုတ်ဘူးနော်၊ တော်ကြတော့"

×× ဘယ်သူ ကိုယ့်လောက်ချစ်သလဲ ×× စဉ်းစား ကြည့်ပါတော့ ××

ယမင်းက ဖွန်းကို မိုက်ခရိုဖုန်းလုပ်ပြီး ထအော်တော့ ခင် အားကျမခံ

×× စကားပြောတုန်းမှာ အိပ် အိပ်မသွားနဲ့လေ ××

ဖြူဖြူကျော့သိန်းစတိုင်လ် ဖန်စီဒိုင်းသီချင်းကို ဖွန်းခက်ရင်း ခေါက်ကာ စည်းချက်ကိုက်ရင်း ခင်ကပါ ထဆိုတော့ ပိုးပိုးက





...ချစ်ပျစ်နှစ်နှစ် ကောင်းချီးပေးတာက

"ငပေါမတွေ"

တဲ့လေ။ သုံးယောက်သား ထမင်းစားခန်းထဲမှာ ဝုန်းဒိုင်း ...ကြနေတုန်းမှာပဲ

"တီ...တောင်"

လူခေါ်ဘဲလ်ကြောင့် ခင်တို့ အသံတွေ တိတ်ကျသွား ...သည်။

"တီ...တောင်"

ထပ်မံ ထွက်ပေါ်လာသော အသံကြောင့် ခင်က ခါး ...နဲ့ရင်း စားပွဲနားအထိ ရင်ဘတ်ထိအောင် ကိုယ်ကို ကိုင်းချ ...တာ

"ဟဲ့...ညွှေ့သည်လား"

"သိဘူးလေ"

ပိုးပိုးက အူကြောင်ကြောင်နှင့် ဝင်ဖြေသည်။

"ညွှေ့သည်တော့ မဖြစ်နိုင်ပါဘူး၊ ဒီကိုရောက်တာ ...တစ်ပတ်တောင် မပြည့်သေးတာ၊ ငါတို့ အဖေ အမေတွေ လိုက် ...လာတာတော့ မဖြစ်နိုင်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းတို့တော့ ဂေါက်ပြီ၊ လူကြီးတွေ လိုက်လာမယ်ဆိုရင် မက်ဆေ့ချ် ကြိုဝင်မှာပေါ့၊ ညကတောင် မေမေနဲ့ပါ စကားပြောသေးတာပဲ၊ ဘာမှမပြောဘူး"

"ဟဲ့…ဒါဆိုဘယ်သူလဲ ခင်ရဲ့"

"သြော်…သွားဖွင့်ကြည့်မှ သိမှာပေါ့"

ထိုင်ရာမှ ခင်က အရင်ထတော့ နောက်ပါးမှာ ပ[illegible] နှစ်ယောက်လည်း ကပ်ပါလာသည်။

"ခင်…ညွှန်စာရင်းတွေ ဘာတွေ စစ်တာလားမသိဘူးနော်"

"နေခင်းကြီးကို ယမင်းရာ၊ မဖြစ်နိုင်ပါဘူး"

"နင်က မဖြစ်နိုင်ဘူးပြောနေ၊ ရန်ကုန်အထာက နေ့ခင်းစစ်ရင် စစ်မှာပေါ့"

"မသိဘူးဟာ၊ ဖွင့်ကြည့်ရင် အဖြေသိရမှာပဲ"

ခင်က ကျွန်းတံခါးကို ဒုန်းခနဲ ဆွဲဖွင့်သည်။ သံဘာ[illegible] တံခါး အပြင်ဘက်မှာ ရပ်နေသူက

"ဦးက ဒီရှေ့ခန်းမှာ နေတဲ့သူပါ"

❖ ❖ ❖



## အခန်း (၁၁)

"ခင်"

"ယမင်းနဲ့ ဝိုးဝိုး"

ဥက္ကာနဲ့ တင်ကိုက နံရံကိုကျောမှီရင်း တိုးတိုးရွတ်သည်။ သူကတော့ ဟစိလေးလှပ်ထားသော တံခါးကို အသံမမြည်အောင် ပြန်ပိတ်ရင်း တံခါးရွက်ကို ကျောမှီကာရပ်သည်။

"တိုက်ဆိုင်လိုက်တာကွ နော်"

"သူတို့ ရန်ကုန်သွားတာတော့ သိတယ်လေ၊ ဒါပေမဲ့ အခန်းချင်း မျက်နှာချင်းဆိုင် ဖြစ်လိမ့်မယ်လို့ ငါ မထင်ထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး…မထင်ထားတဲ့အထဲမှာ ယမင်း ဒီလောက် ပိုလှလာမယ်လို့ မထင်ထားတာ ထိပ်ဆုံးက"

"အေးကွနော်…နဂိုတုန်းက ညိုခြောက်ခြောက်နဲ့၊ ပိုးပိုးက အခု ဆံပင်တွေ ဘာတွေ ဖြောင့်ပစ်လိုက်တော့ အဟီး… မေကဗျာနဲ့တောင် တူသွားသလိုပဲ"

"နှာဘူးတွေ၊ အရေးထဲ တဏှာလာကြီးနေပြန်ပြီ"

ကိုကိုက ခွေစောင်းစောင်းကြည့်ပြီး ပြောကာ ဆိုဖာခုံတွေဆီ လျှောက်သွားတော့ နောက်မှာ နှစ်ယောက်ကလည်း ဆပ်ကြပ်မကွာ လိုက်လာကာ

"တကယ်ပြောတာကွ၊ ငါတို့မြို့တုန်းက အထက်တန်းကျောင်းသူဘဝနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒီတုန်းက ပေတီးပေရုတ်နဲ့၊ အခုမှ လန်းလာတာ"

"မင်းရော…ဟော့ကောင်၊ ခင့်ကိုတွေ့တော့ ဘယ်လိုခံစားရလဲ"

တင်ကိုက အားတက်သရောမေးသည်။ ဆိုဖာကျောမှီပေါ် ခေါင်းမှော့တင်ရင်း ကိုကိုက ဟက်ခနဲရယ်၏။ သူမက





အရင်တုန်းကအတိုင်း၊ မပြောင်းလဲပါလို့ ပြောရမလားပင်။ ခပ်တိုတို အထပ်ထပ်ညှပ်ထားသော ဆံပင်တို့က ရွှေအိုရောင်ဆိုးထားသဖြင့် အသားတွေ ပိုဖြူလာသလို ထင်ရသည်။

စွပ်ကျယ်ချိုင်းပြတ်အကျႌ အနီရဲရဲကို ဘောင်းဘီရှည်က အနက်ရောင်နှင့်။ တံခါးဆွဲအဖွင့်မှာ နေရောင်ကြောင့် လက်သွားသော နားနှစ်ဖက်မှာ စိန်နားကပ်အကြီးကြီးတွေ ပန်ထားကာ နားတစ်ဖက်မှာ နှစ်ပေါက်စီ ထပ်ဆင့်ဖောက်ထားသော နေရာမှာ ရွှေနားကွင်းသေးသေးလေးတွေကြောင့် သူမ မျက်နှာက ပိုထင်လင်းသွား၏။

နားကပ်တွေ နားကွင်းတွေက မိန်းမဆန်လိုစိတ်ကြောင့် တပ်ထားခြင်းမဖြစ်တန်ရာ။ ဒီတစ်ယောက်ဟာ အခုထိ ယောက်ျားစိတ် ပေါက်နေတုန်းပဲလား။

"ဟော့ကောင်"

ဉက္ကာက သူ့နားရွက်ဖျားကို လက်ညှိုးလက်မနှင့် လှမ်းတောက်ရင်း ခေါ်သည်။ သူက ဘာလဲဟုမေးပုံဖြင့် မေးဆတ်ပြတော့



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မေးတာလည်း ပြန်မဖြေဘူး၊ မင်း ခင့်ကို ဘယ်လို..."

"သူ့ကိုတွေ့တော့ ငါပျော်သွားတယ်"

"တကယ်ကြီး"

"ဒါဆို..မင်းက"

အသည်းအသန်တွေ မျက်နှာရှေ့ အတင်းတိုးကပ်ကာ အားရဝမ်းသာ ဖြစ်သွားတဲ့ ရုပ်တွေကို ကိုကိုက မျက်ခုံးကျုံ့ကာ စူးစမ်းရင်း

"ဘာဖြစ်ကြတာလဲ၊ အဲဒါက"

"မင်းပဲ ခင့်ကိုတွေ့တော့ ပျော်သွားတယ်ဆို"

"အေးလေ...ငါ အပျင်းပြေတော့မယ်ဆိုတာ သိသွားလို့၊ မဆိုးပါဘူး၊ ငယ်မူငယ်သွေးတောင် ပြန်ကြွလာသလိုပဲ၊ ငယ်ငယ်က သူနဲ့ငါ အပြိုင်ပြေးခဲ့တဲ့ ရာဇဝင်တွေကို သတိရသွားလို့"

"ဟာ...မင်း အဲဒီလိုကြီးတော့ မလုပ်နဲ့လေကွာ"

တင်ကိုက ပျာပျာသလဲ တားသည်။





"ဟုတ်တယ်ကွ၊ ငယ်တော့တဲ့အရွယ်လည်းမဟုတ်ဘဲနဲ့"

"ဥက္ကာပြောတာ ငါလည်းထောက်ခံတယ်၊ မင်း နောက်ဆုံးတစ်ခေါက် လုပ်သွားတာ ခင် တော်တော်ခံလိုက်ရတာ၊ သူက ငယ်ကတည်းက ဖားဆို အသေကြောက်တာတဲ့"

"ယုံချင်စရာပဲ၊ ပုံစံကြည့်တော့ ဘာမထိနဲ့"

ပခုံးတွန့်ကာ ကိုကိုက ပြောရင်း အခုမှ ငြိမ်းချမ်းရေး စကားတွေဆိုချင်နေတဲ့ ဥက္ကာတို့အားကြည့်ကာ

"နေစမ်းပါဦး၊ မင်းတို့က အခုမှအထူးအဆန်း၊ ဘာတွေဖြစ်နေတာလဲ"

"အဟီး...ငါက ယမင်းရဲ့အလှတရားကြောင့်"

ဥက္ကာက စပ်ဖြီးဖြီးဖြေတော့ တင်ကိုကပါ အားကျသံ။

"ငါက ပိုးပိုးရဲ့ ဆွဲအားကြောင့်၊ လုပ်စမ်းပါ ကိုကိုရာ၊ ပြေလည်လိုက်စမ်းပါ"

"အေးလေ...ခင်နဲ့မင်း ကြည်စေအေးစေ"

နှစ်ယောက်က ဘယ်ညာခြံရင်း ညှပ်ပူးညှပ်ပိတ် ပြော



www.burmeseclassic.com

www.burmeseclassic.com



နေပုံက ဖွတ်တရွတ်။ ကိုကိုက အဲဒီနှစ်ယောက်ကို တစ်လှည့်စီ ကြည့်ရင်း

"ဟား...အတင်းကြီးပါလား"

"အတင်းကြီးပေါ့ကွ၊ မင်းကလည်း၊ သူတို့က သုံး ယောက်၊ ငါတို့က သုံးယောက်၊ အခန်းချင်းက မျက်နှာချင်းဆိုင် အဆင်ပြေရင် ပွဲသိမ်းပြီ"

"တော်...တော်...ဟောကောင်တွေ"

နှစ်ယောက်ကြားမှ ကိုကိုက ဝှန်းခနဲ ထရပ်ရင်း

"တစ်လောကလုံးမှာ ကြည့်စရာ ဒီတစ်ယောက်ပဲ ရှိ တယ်ဆိုရင်တောင် ငါ ငှက်ပျောတုံးဖက်ပြီး ဘဝကူးလိုက်မယ် အဲဒီ ကျားမကျ မ မက ဟာကိုတော့ ဒီတစ်သက် ဆောရီး"

"မင်းဆောရီးကလည်း မြန်လိုက်တာ"

တင်ကိုက ညည်းညူသလို ပြောသည်။ ဥက္ကာကတော့ ပြုံးဖြီးဖြီးရုပ်ကြီးနှင့် သူ့ရှေ့အရောက် လာရပ်ကာ

"ဆောရီးသာလုပ်နေ၊ ဝတ်ထားတဲ့ဒီဇိုင်းက ဆင်တူနေ တော့ မင်းတို့ စိတ်တူကိုယ်တူရှိတာ အသိသာကြီး"

မိုးမိုး၊ ၈၁၆ပ



ဒီတော့မှ သူက ကိုယ့်ကိုယ်ကို ငုံ့ကြည့်မိသည်။ အနီ ရောင်စွပ်ကျယ်၊ အနက်ရောင်ဂျင်းဘောင်းဘီက ဒူးဖုံးအတိုနှင့်မို့ အနီအနက်ဖက်ရှင်ဖြင့် သူမကို မျက်စိထဲ တန်းခနဲ ပြန်မြင်ယောင် လာကာ ကိုကိုက စွပ်ကျယ်ကို ခါးစပ်မှ ဆွဲလှန်ချွတ်ပစ်ရင်း

"တိုက်ဆိုင်မှုတွေကို ထပ်တူညီဖို့ ကြိုးစားတဲ့သူက အရူးပဲ ဥက္ကာ"

ပြောပြီး အခန်းဆီ လှမ်းဝင်ခဲ့သည်။ ရင်ထဲမှာ ဗလောင် ဆူစွာ အော်မိနေတာ...သူမနဲ့သူ တကယ်မတူချင်ပါ။

❖ ❖ ❖

မိုးမိုး၊ ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အယ်...ငါ မရတော့ဘူး၊ ပြေးမှ"

"ကြည့်...လုပ်ပြီ၊ မိခင်က"

ယမင်းက ခြေဆောင့်ကာအော်သည်။ အသီးအနှံတွေ ရော အသားငါးတွေပါ ပြည့်မောက်နေသော ခြင်းလှည်းကြီးကို ကျွဲပတ်ပြီး ပြေးဟန်ပြင်နေတဲ့ ခင့်ကို ပိုးပိုးက လက်လှမ်းဆွဲ ရင်း

"နင် အချောင်နှိုက်ပေါင်းများပြီနော် ခင်၊ ချက်တာပြုတ်တာ အိမ်သန့်ရှင်းရေး ဘာတစ်ခုမှမလုပ်တဲ့အပြင် အခု စျေးဝယ်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် အဖော်မလိုက်ချင်ဘူး''

''ဟဲ့…ငါ ဒီမှာ တကယ်''

မိုက်ကိုနှိပ်ပြီး ခင်က မျက်နှာကို ရှုံ့မဲ့ပြသည်။ ပိုးပိုးက မယုံရေးချမယုံဆိုသော ဒီဇိုင်းနဲ့ ခေါင်းယမ်းပြရင်း

''မရဘူး၊ မသွားနဲ့''

''ဟုတ်တယ် ခင်၊ ငါတို့သုံးယောက်တည်းဆို ဖြစ်သ… စားလို့ရတယ်၊ အခုက ဦးလေးကြီးပါဆိုတော့''

''အဲဒါ နင်တို့လျှာရှည်တာ''

အင်္ကျီအောက်မှ ခေါင်းစွပ်ကိုဆွဲပြီး ခေါင်းမှာစွပ်ရင်း ခင်… စုပုပ်ပုပ်နှင့်ပြောသည်။ တဆက်တည်း ပြေးပေါက်ကို မျက်… က အလစ်မပေးဘဲ ရှာထားပြီးသား။

ဒီလို ဆောင်းဝင်မနက်ခင်းတွေက အေးစိမ့်စိမ့်… အိပ်ရာထဲ ဖိမ်ဆွဲပြီးအိပ်ရတာ အရသာတစ်မျိုးမို့ စောစောစီး… ထပြီး ဈေးဝယ်သည့်နောက် လိုက်ပေးရတာကို ခင်က အ… မုန်းသည်။ သူမတို့ ကွန်ဒိုရဲ့ မြေညီထပ်မှာပဲ စူပါမားကက်ရှိ… မို့ လိုချင်တာအားလုံးရနိုင်သည်။





ထိုစူပါမားကက်တောင် ဖွင့်ခါစပဲရှိသေးတာမို့ ဆိုင်ထဲ …ရှင်းနေတာကို ကြည့်ခြင်းအားဖြင့် အချိန်စောသေးသည်ဆိုတာ အသိသာကြီး။ ခင်က ခြင်းလှည်းကို ကူမတွန်းပေမယ့် ဂျင်း ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စုံထည့်ကာ

''အဓိပ္ပာယ်ကိုမရှိဘူး၊ လာပါ ကြွပါ နေ့တိုင်းစားပါလို့ ပြောရအောင် သူက ဘုန်းကြီးရဟန်းလား၊ အခုတော့ တစ်လုပ် …ရှုပ်တာ''

''နင် ဒီလိုတော့ မစာမနာ မပြောနဲ့လေဟယ်၊ ဦးလေး ကြီးက ခြေထောက်ကျိုးနေတာ နင်လည်းအမြင်၊ ပြီးတော့ သူ့မှာ …ဖော်လောင်ဖက် မရှိပါဘူးဆိုမှ''

''တော်ပါ၊ နင်တို့ပဲ ယုံနေ၊ သူက ဒီယုန်မြင်လို့ ဒီချုံ …ှင်တာ၊ ပြီးတော့ ငါ သူ့ကို မြင်ဖူးသလို သိဖူးသလိုနဲ့''

''နင့်သလိုက ဝါးတားတားပါ ခင်ရာ၊ တမင်လည်း …ပ်ပုံမရပါဘူး၊ ငါတို့အခန်းကို လာတုန်းက လူကြီးတွေပါမယ် …ပြီး ရိုးရိုးသားသား မိတ်ဆက်ဖို့ လာတာပါဟဲ့''

''ငါတော့ မထင်ပေါင် မိပိုးရယ်၊ လူကြီးတွေမိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ မျက်လုံးကလည်း ထမင်းဝိုင်းဆီမှာပဲ တဝဲဝဲနဲ့"

"ဟဲ့…သူ ဝန်ခံပြီးသားပဲ၊ ချက်ပြုတ်ပေးမယ့်လူမရှိ ခြေထောက်မကောင်းတော့ အတက်အဆင်း ခက်ပါတယ်ဆိုမှ"

ခင်က ရေ့မှလျှောက်သွားရင်း ပခုံးစုတွန့်ကာ Lig[e] အမည်ရှိ အနီရောင် အာလူးကြော်နှစ်ဘူးဆွဲပြီး လှည်းထဲထည့်သည်၊ ယမင်းက သူမကို မျက်စောင်းရှယ်ရင်း

"အသားငါးဝယ်ဖို့ ဆင်းလာတာနော်၊ နင် စားချင်တ[ဲ့] သရေစာနဲ့တင် ပြည့်နေပြီ"

"သူငယ်ချင်းချင်းကို စေတနာတွေ သိမ်နည်းပြမနေ[နဲ့] မဆီမဆိုင် အတိုးကြီးကျတော့"

"ကုသိုလ်ရပါတယ်ဆို ခင်ရာ၊ ပြောရကြပ်လိုက်တာ နောင်ဘဝ နင် ဗြိတ္တာဖြစ်လိမ့်မယ် သိလား"

"အေး…ရတဲ့ကုသိုလ် နင်တို့ပဲ အညီအမျှ ခွဲယူတော့ ငါတော့ လစ်ပြီ"

အကြံသမား ခင်က မာတ်လှေကားကို အပြင်မှလှ[မ်း] ဖွင့်တဲ့လူကို မြင်တာနဲ့ ယမင်းတို့နားမှ တစ်ရှိန်ထိုး ပြေးထွက်





သည်။ မာတ်လှေကားအဖွင့်ကို ရပ်စောင့်နေကြည့်၊ နောက်ပါးက ဒီမိန်းမနှစ်ယောက် ပြေးလိုက်မဆွဲဘူးလို့ မပြောနိုင်။

"ခင်…စိတ်ပုပ်"

"အေး…နင်ဝယ်သမျှ ထားခဲ့မှာ ကြည့်နေ"

တစ်ယောက်တစ်ပေါက် အော်သံတွေကို ခင်က ကျော နိုင်းထားခဲ့ကာ မာတ်လှေကားထဲ အရှိန်နဲ့ပြေးအဝင်

ခင့်ရှေ့က ဝင်နေသေးလူရဲ့ ကျောပြင်အား အင့်ခနဲ ဝင် တိုက်မိတာဖြစ်သည်။ ဘုတ်ခနဲကျသောအသံနဲ့အတူ

"ဟာ…သွားပြီကွာ"

ယူကျုံးမရ ကျယ်ကျယ်လောင်လောင် အသံကြီးက ပိတ် သွားသော မာတ်လှေကားအလုံပိတ်ထဲ ဟိန်းထွက်လာသည်။ ကျောခိုင်းလျက်သား ရှိနေရင်းက ကျသွားသောပစ္စည်းကို ခါး ကိုင်းပြီး သူ့ပစ္စည်းကို ကောက်ယူသည်။ ဒါကိုပဲ ခင်က ခြေဖျား ထောက်ကာ သူ့ပခုံးကိုကျော်၍ လိုက်ကြည့်ရင်း

"ကျသွားတာ ဖုန်းလား"

အနက်ရောင် ဖုန်းအပြားလေးတွေ့မှ ခင်က တကယ်



www.burmeseclassic.com

www.burmeseclassic.com



အားနာသွားရတာကြောင့်

"ဆောရီး၊ပါ၊ ခင် အလျင်လိုသွားတာနဲ့"

ခင်...။ ဒီနာမည်ကြားလိုက်သော ကိုကို့နားစည်ထဲမှာ အသံအကျယ်ကြီး မြည်ဟီးသွားသလို။ ကြည့်မရပါ၊ မသင့်မြတ်ပါဆိုနေမှ အဲဒီလို ရေစက်လာဆုံနေတဲ့အဖြစ်မို့

"ကျစ်"

ကိုယ့်ဘာသာကိုယ် စိတ်ပျက်ပြီး စုတ်သပ်မိတာတောင်

"တကယ်ဆောရီးပါ၊ စမ်းကြည့်ပါဦး၊ ပျက်များ ပျက်သွားလားဟင်"

"စမ်းကြည့်စရာမလိုဘူး၊ ပျက်မှာသေချာနေလို့"

"ဟင်"

ဒီဘက်သို့လှည့်ရင်း ဖြေသောမျက်နှာ။ ထူထဲစိမ်းညို့သော မျက်ခုံးအောက်က ရန်လိုခြင်းတွေ စူးလက်နေတဲ့ မျက်ဝန်းနဲ့ အားတိုင်း အံကြိတ်နေသလား ထင်ရအောင် ကားခနဲထွက်လာတဲ့ မေးရိုးတွေကိုကြည့်ရင်း တောင်းပန်စကားတွေ ပြတ်တောက်သွားတာ တိခနဲ။





အားနာရိပ်နှင့် ပန်းရောင်သမ်းသော မျက်နှာက ချက်ချင်း အရောင်ရင့်သွားကာ ခင်က မတည်မပြုံးနှင့် မျက်နှာလွှဲသည်။

"ဟာ...နင် ရိုင်းလှချည်လား"

ပခုံးတစ်ဖက်ကို ဆောင့်ဆွဲသောလက်အား ခင်က ခပ်ဆတ်ဆတ်ပုတ်ချရင်း

"နင့်ကိုတွေ့တာနဲ့ ယဉ်ကျေးတတ်ဖို့ မေ့သွားပြီ"

"ငါ့ကို အလျော်ပေးဖို့တော့ မေ့လို့မရဘူး ခင်၊ ဒီမှာ နင့်ကြောင့် ပျက်သွားတာ"

ဖုန်းကို မျက်နှာနားကပ်ပြပြီး ပြောတဲ့အသံက တိုးတိတ်သေမယ့် အေးစက်လွန်းသည်။

"မနေ့ကမှ အသစ်ကြီး ငါ ဝယ်ထားတာ၊ ပြန်လျော်ပေး"

"အလျော်လိုချင်တဲ့သူတွေကတော့ ဒီစကားမျိုးပြောနေကျပဲ၊ အသစ်ကြီးပါတို့၊ ဝယ်ထားတာ မကြာသေးဘူးတို့"

ခင်က ထီမထင်သလို။ ခေါင်းစွပ်ဂျာကင်ထဲ လက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်နှိုက်ရင်း ပခုံးစုံတွန့်ပြကာ

"တခြားလူဆိုတော့ တစ်မျိုးပေါ့၊ အခု လျော်ကြေးပေး ရမှာ နင့်ကိုဆိုတော့ ကန်တော့ဆွမ်းပဲ"

သူများတွေ ကြည့်ကောင်းပါသည်ဆိုသော နှုတ်ခမ်းပါး က အပြုံးတွန့်တွန့်တွေကို ကိုကို ငေးကြည့်မိတာက လှလွန်း၍ မဟုတ်ပါ။ ရင်ထဲ ဝုန်းဒိုင်းကြဲလာသော ဒေါသတွေကို ဘယ်လို ထိန်းချုပ်ရမလဲ တွေးနေ၍ဖြစ်သည်။ သူမကတော့ အငြိုးကြီး သော မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်ရင်း

"နောက်တစ်ခါ ငါနဲ့မတွေ့မိအောင် ရှောင်"

ပြောပြီး ပြုံးပြသော နှုတ်ခမ်းပါးက ဓားသွားတစ်စင်း လို။ အရောင်တွေ တဖျပ်ဖျပ် ထွက်နေ၏။

"တွေ့လို့တိုက်မိရင် နင် ဘာလျော်ကြေးမှ ရမှာမဟုတ် ဘူး"

"နင်"

"ဗွတ်...ဘိုင်"

ဖျတ်ခနဲ ပွင့်သွားသော ဓာတ်လှေကားတံခါးမှ အပြင်





သို့ထွက်ရင်း သူ့ကို လက်ချောင်းတွေလှုပ်ရုံ နှုတ်ဆက်သွားသည်။ ကျန်ရစ်ခဲ့ရသူက ဓာတ်လှေကားထဲ ပိတ်မိနေတာတောင် သတိ ခရတဲ့အဖြစ်။ နားထဲမှာ ကြားနေရတာက တိုက်ပွဲခေါ်သံ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"တကယ်"

"နင်တို့ကို လီဆည်ပြီး ပြောရအောင် အဲဒီတစ်ယောက်က ငါ့အတွက် မေတ္တာရှိချင်စရာ ကောင်းနေသလားပြော"

"နင်ကလည်းဟယ် စိတ်မဆိုးပါနဲ့၊ ငါတို့က အရမ်းအံ့ဩသွားလို့ပါ"

"မထူးဆန်းပါဘူး၊ သူက အစောကြီးကတည်းက ရန်ကုန်မှာရောက်နေတာ သိသားပဲ၊ ဟွန်း…မိမနိုင် ဖမနိုင်လေ"

ဆိုဖာပေါ်လည်း ဟက်မထိုင်နိုင်။ ပါကေးခင်းထားသော

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ် ဒီတိုင်းထိုင်ချကာ ပုဆစ်တုပ်ရှိနေသော ခင့်ကိုကြည့်ပြီး ယမင်းတို့နှစ်ယောက်က တိုးတိုးတိတ်တိတ်သာ သက်ပြင်းချနိုင်ပါသည်။ နှစ်ယောက်စလုံးရဲ့ အငြိုးတွေကို မျက်ဝါးထင်ထင်တွေ့ဖူးခဲ့သူတွေမို့ ရက်ရက်စက်စက် မျက်နှာချင်းဆိုင်ပေးသော ကံကြမ္မာကိုသာ ဒေါသထွက်ချင်သည်။

"ကဲ…ထပါဟာ၊ အခုလည်း နင်ရှုံးခဲ့တာမှမဟုတ်တာ၊ အဲဒီလောက်အထိ ခံစားမနေနဲ့"

"မခံစားပါဘူး၊ သတ်ပစ်ချင်နေတာ"

"ဟဲ့"

ဒေါသတွေကြီးကာ အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်ဖြစ်နေသော ခင့်ရဲ့ ကြိမ်းဝါးသံကြောင့် ပိုးပိုးက အလန့်တကြားဟန့်သည်။ ခင်ကတော့ အံခဲမကျေသေးသော မျက်နှာနီနီလေးနှင့်

"လာလာချည်သေး၊ သူ့ဟန်းဆက် ကျသွားတာကိုစားတော့ဝါးတော့မယ့်အတိုင်း၊ ဒါ သက်မဲ့ပစ္စည်း ပျက်စီးသွားရင်အသစ်တစ်ခု အစားထိုးလို့ရတယ်၊ သူ့ကြောင့် ငါ ဆုံးရှုံးခဲ့ရတာ





ကျတော့…တောက်"

မချိမဆန့် ဒေါသတွေက ပြန်တွေးတိုင်း ရင်မှာလှိုင်းထန်သော ပင်လယ်လို ရိုင်းစိုင်းကြမ်းတမ်းလာစမြဲ။

ခင် မျှော်လင့်ခဲ့သော အနာဂတ်က မကြီးကျယ်ပေမယ့် သူမအတွက်တော့ တခမ်းတနား ရှိခဲ့သည်သာ။ ရိုးရိုးမေဂျာတက်ပြီး ဘွဲ့တစ်ခုလောက်နှင့် မတင်းတိမ်ခဲ့သော ခင်က UFL မှ အင်္ဂလိပ်စာအထူးပြုတက်ပြီး နိုင်ငံတကာကျောင်းတွေမှာ ဝင်ဆန့်နိုင်ရန် ရည်ရွယ်ခဲ့တာမျိုး။

"ဟိုမှာကျောင်းတွေတက်၊ ဘွဲ့တွေအများကြီးယူပြီးမှ ဒီက UFL မှာ ဆရာမ ပြန်လုပ်မှာ မေမေ"

ကိုယ့်စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ပေမယ့် အရာရာဟာ သင်းရဲ့အပျော်တမ်း လက်စားချေခြင်းထဲမှာ ရေ့ဦးအရုပ်ရေးခဲ့သလို။ လန့်ဖျား ဖျား၍ ဆေးရုံမှာ နှစ်ပတ်နီးပါး ကြာခဲ့သည်။ စာမေးပွဲဖြေရန် တစ်လအလိုလောက်မှာ ဖြစ်ခဲ့တာမို့ အမီလိုက် ကြိုးစားလည်း အချိန်က နောက်ကျခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တာတွေ ပြန်တွေးမနေပါနဲ့တော့ဟာ၊ သူ့နဲ့ ထပ်တွေ့ချင်မှ တွေ့ရတော့မှာပါ၊ ဒီမှာ နေမယ့်ပုံတော့မဟုတ်ပါဘူး ဟဲ့၊ သူ့အမေဆီက သတင်းကြားရတာ သူ့အဒေါ်အပျိုကြီးဆီမှာ ထားတယ်ဆိုလားပဲ"

"သူ နေတာ မနေတာ ငါ စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ သူ့ကိုပြန်တွေ့တိုင်း ငါ့အနာက မကျက်သေးဘူးဆိုတာ ပြန်သတိရနေတာမျိုး"

"တီ…တောင်"

လူခေါ်ဘဲလ်သံကြောင့် သုံးယောက်စလုံး ခေါင်းတွေ ဆတ်ခနဲ ထောင်သွားပြီးမှ ခင်က စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေ ထိုးဖွရင်း

"နင်တို့အရှုပ်ထုပ်ကြီးနေမှာပေါ့၊ ထမင်းစားဖို့လာပါပြီ အချိန်မှန်"

"ရှူး…ကြားသွားပါဦးမယ် ခင်ရယ်၊ ဦးလေးကြီးနဲ့ ဘာဆိုင်လို့လဲ"

"ဟဲ့…နင့်မျက်နှာကို စုပုပ်မထားနဲ့နော်၊ တော်ကြ





ခစားရဲ မသောက်ရဲ ဖြစ်နေဦးမယ်၊ ကိုယ့်အဖေအရွယ်ကိုဟယ်"

တံခါးသွားဖွင့်ဖို့အရေး စိတ်မဖြောင့်စွာ မှာတမ်းခြွေနေတဲ့ ပိုးပိုးကြောင့် ခင်က စိတ်ပေါက်ပေါက်နှင့် အပေါ်ထပ် ခေါင်းစွပ်ဆွယ်တာနှင့် လုံးထွေးပစ်ပေါက်ရင်း

"သွားစမ်းပါဟာ၊ စိတ်တိုရတဲ့အထဲ သူ့ကို ရယ်ပြနေရဦးမှာလား၊ နင်တို့ အကဲမပိုနဲ့နော်၊ ငါက ရှုံ့ဖို့စောင်းဖို့ ဝါသနာမွေးကတည်းက ပါပြီးသား"

"အေးပါဟယ်၊ နင့်ရုပ်ကို ပြင်စမ်းပါ"

ဒီလောက်ပြောနေတဲ့ကြားက ရုပ်ကို လာပြင်နိုင်းနေတဲ့ ယမင်းကို ဘုကြည့် ကြည့်ပေးတော့မှ ပါးစပ်ပိတ်သွားသည်။ ပိုးပိုးက တံခါးဆွဲဖွင့်ရင်း

"ဦးလေးကြီး…လာလေ၊ ပိုးတို့တောင် မျှော်နေတာ"

"လောကွတ်တွေချော်နေတာ"

ခင်က မကြားတကြား ပြောသည်။ ဦးလေးကြီးက သံဘာဂျာအပြင်ဘက်ကနေ လှမ်းမျက်နှာချိုသွေးရင်း အိမ်ထဲဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ထလေ၊ ငါတို့လည်း တစ်ခါတည်း စားကြမယ်"

ယမင်းက သူမကိုဆွဲထူကာ ထမင်းစားခန်းထဲအထိ အတင်းဆွဲခေါ်သည်။

"စား…ဦးလေးကြီး၊ ဒါက ဝက်စတူး၊ ချဉ်ပေါင်ကြော်၊ ဒီမှာ ဘူးသီးဟင်းခါးနဲ့ ငါးကျည်းခြောက်ကြော်"

ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ဦးချရင်း မိတ်ဆက်ပြောပြနေသော ပိုးပိုးကို သူမက စိတ်တိုစွာ စားပွဲအောက်ကနေ ခြေထောက်ကို ဝိတ်ကန်ပစ်သည်။

"အ"

နာကျင်သွားသော ပိုးပိုးက မျက်လုံးပြူးကာ အံကြိတ်ပြ၏။

"ဟို…ဒါနဲ့ သမီးတို့သင်တန်းသွားတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် ဦးလေးရဲ့၊ ဘာဖြစ်လို့လဲဟင်"

"ကေနှ ဦးလေးကြီးက သင်တန်းလိုက်တက်ချင်လို့လား





ခု မသိတာ"

ယမင်းနှင့် ပိုးပိုးတို့ရဲ့ စကားသံတွေ ဖောင်နေသလောက် ခင်က တိတ်ဆိတ်စွာ ထမင်းစားဆဲ။

"မဟုတ်ပါဘူးကွဲ့၊ ရန်ကုန်မှာက ဘတ်စ်ကားတွေ ဘအားခက်တော့လေ၊ သမီးတို့ နေ့တိုင်း တက္ကစီဆိုလည်း ကားခဘ မသက်သာဘူးလို့ တွေးမိတာနဲ့၊ ဟို…အဆင်မပြေရင် ဦးလေးကြီးရဲ့ကားနဲ့…"

"အဆင်ပြေပါတယ်၊ ပိုးတို့ထဲမှာ ဘောစိပါတယ် ဦးလေးကြီးရဲ့"

ပိုးပိုးက ပြောပြောဆိုဆို ခင့်ထံ မျက်စပစ်ပြရင်း

"ရန်ကုန်မှာ သင်တန်းတွေတက်ဖို့ သူ့အဖေနဲ့အမေက စပွန်ဆာလေ၊ အဟိ…သူ့အဖေက ဆယ်ဘီးကားကြီးတွေ ထောင်ပြီး…"

"နင့်ကို တက်ကြိတ်မှာ"

မဲ့ရွဲ့ပြီး ခင်က ဝင်ပြောသည်။ ပိုးပိုးက ဖွန်းခက်ရင်းချပြီး ရယ်ကျဲကျဲနှင့်



www.burmeseclassic.com

"သူငယ်ချင်းကလည်း ဒေါသချည်းပဲ"

ဦးလေးကြီးကတော့ ခင်တို့အား အကြည့်ဝေ့ရင်း

"ချမ်းသာတိုင်း တက္ကစီငှားစီးနေတော့ အဆိုထွက်တာပေါ့ကွဲ့"

"တက္ကစီငှားမစီးရပါဘူး ဦးလေးကြီးရဲ့၊ ခင့်မှာ ကားရှိတယ်လေ၊ မြန်မာမီနီဆလွန်း၊ အနီရောင်လေး၊ ယမင်းတို့ သုံးယောက်နဲ့ဆို အနေတော်ပဲ"

"ဪ…ဪ"

ခေါင်းညိတ်ကာ ရေဖန်ခွက်သောက်ချပုံက အလျှင်စလိုနိုင်နေ၏။ ခင်က မသက်မသာရှိလှသော ဦးလေးကြီးမျက်နှာကို အကဲခတ်ရင်း ပဟေဠိကို အဖြေညှိချင်ပေမယ့်

သံသယစိတ်နှင့် လက်တွေ့ဘဝက တံတားထိုးရန် အလှမ်းဝေးလွန်းနေ၏။ တကယ်ဆို ဘာရယ် ဘာကြောင့် ဦးလေးကြီးက စူးစမ်းခဲ့ပါသနည်း။

❖ ❖ ❖



## အခန်း (၁၄)

"ရော့…ဒီမှာ ဖုန်းနံပါတ်တွေနဲ့ သူတို့ကားက မြန်မာမီနီဆလွန်း အနီရောင်တဲ့"

"လေးလေးရုပ်ကြီးကလည်း"

ဘီယာဘူးကို ကောက်မော့ရင်း သူကပြောတော့ လေးလေးက မကြည်သာသော မျက်လုံးနှင့် သူ့ရှေ့ဝင်ထိုင်ကာ

"ငါလည်း လူကြီးတန်မဲ့ မကောင်းဘူးကွ၊ သူတို့ဆီက ထမင်းဟင်းတွေစားပြီး သူတို့ကို ချောက်ချဖို့ ကြံရတာလေ"

"ကျစ်"

www.burmeseclassic.com



စုတ်သပ်၍ မျက်ခုံးတွေ တွန့်ချတော့ ရပ်က ဂျစ်တိ ဂျစ်ကန်ဒီဇိုင်း ပေါက်သွားသည်။

"ဟုတ်တယ်…ကိုကို၊ ဘာပဲဖြစ်ဖြစ် ငါတို့က တစ်မြို့ တည်းသားတွေ"

အားနှင့်ဖျစ်ညှစ်ပစ်သော ဘီယာဘူးခွံက ကိုကို့လက်ထဲ မှာပဲ တွန့်ကြေသွားတာ စက္ကူတစ်စအလား။ တင်ကိုက စိတ် ပျက်စွာ ခေါင်းကုတ်သည်။

တာမင်တကာ အရှည်ထားသော ဆံပင်တွေက နားထင် သေးနှစ်ဖက်မှာ ခပ်ရှင်းရှင်းထားကာ ရှေ့နောက် ဆံပင်ထူထူတွေကို ဂျယ်လ်ဖြင့် မွနေအောင် ထိုးဖွထောင်ထားတာက တခြားလူနဲ့တော့ လိုက် မလိုက် မသိပေမယ့် ကိုကိုနဲ့တော့ တော်တော်ကြည့် ကောင်းပါသည်။

နားသယ်စပ်မှ တရိပ်ရိပ်ကျဆင်းထားသော ဒေါက်အရှည် ကြောင့် လူမိုက်ရုပ်ပေါက်လေသလား မသေချာပေမယ့် ကိုကိုတို့ ဒေါသထွက်လာပြီဆိုရင်တော့ အနီးအပါးရှိ လူတွေ ဖိန့်ဖိန့်တုန် ရတာ သေချာသည်။ ဒီကမ္ဘာမှာ ကိုကို့ကို ဖိန့်ဖိန့်မတုန်တာ





တစ်ယောက်တော့ရှိသည်။ ထိုတစ်ယောက်ကြောင့်ပဲ…။

"ငါကတော့ ရစရာရှိတဲ့လျှော်ကြေး ပြန်ယူရမှာပဲ၊ တစ်မြို့တည်းသားချင်းမို့ သည်းမခံနိုင်ဘူး၊ ပိုဆိုးတာက သူနဲ့ ငါ့ရဲ့ ရင်တွင်းဖြစ် သံယောဇဉ်တွေက နားလည်ဖို့ ခွင့်လွှတ်ဖို့ ကမ္ဘာည်းထိုးထားတာမဟုတ်ဘူး၊ ဘာမဆို သူနဲ့ငါက မျဉ်းပြိုင်ပဲ"

စကားဆုံးတာနှင့် ဘီယာဘူးခွံကို ပစ်ပေါက်တာ အမှိုက် ပုံးထဲအထိ ဒက်ထိ။ လက်မှန်းတည့်သလောက် ချိန်ရွယ်ပစ်ခတ် ခဲ့သမျှ တစ်ဖက်လူ အထိနာစေသော ပစ်ကွင်းတွေချည်းသာ ဖြစ်ခဲ့လျက်…

ဒီတစ်ယောက်နဲ့ကျမှ အထိမနာတာ ဘာကြောင့်လဲ။ ကိုယ် ညံ့လို့လား၊ သူမက သိပ်တော်နေသလား။ အတွေးထဲ မေးခွန်း တွေထုတ်ပြီးမှ ချက်ချင်း ခေါင်းခါကာ ထိုအတွေးကို မောင်းထုတ် ၏။

ကိုကိုဆိုတာ ရာဇဝင်ချိုအောင် တော်တတ်ခဲ့သည့်သူ မို့…။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

*×× ဘာလုပ်မှာလဲပြော ×× မင်းမကြိုက်ရင် လဲ့မရှုပ်နဲ့ ပါနဲ့တော့ ××*

နိုင်းနိုင်းသီချင်းသံက ဆူဆူညံညံ ထွက်ပေါ်လာသည်။ ခင်က နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးတော့ နိုင်းနိုင်းက အကြီးအကျယ် အော်ဟစ်ဆဲ။

"ဖုန်းကိုင်စမ်း ခင်ရယ်၊ တော်ကြာ ဝိုးဝိုးကပါ ထပ်အော်နေဦးမယ်၊ စောစောစီးစီးကို"

"အိပ်ရေးပျက်တယ်ဟဲ့"

ဝိုးမိုး၏ ၇၆၀

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံးက အိပ်ခန်းတစ်ခန်းထဲမှာ မွေ့ရာထူကြီးခင်းပြီး အတူအိပ်ကြတာမို့ တစ်ယောက်ထံ ဖုန်းလာလျှင်အားလုံးက နိုးပြီးသား။

*×× ငါတို့က ရှေ့ဆက်လျှောက်ဖို့ ဖွဲ့နဲ့ပေါ့ ×× နောက်တစ်ခေါက်လောက် နည်းနည်းအော် ××*

"ခင်"

အလယ်၌ အိပ်နေသူ ယမင်းက အော့်ခေါရင်း လှည့်ကြည့်တော့ မချောက ဖုန်းနှင့်မသက်ဆိုင်သောသူ လုပ်နေ၏။ စောင်ခေါင်းမြီးခြုံပြီးတောင် အိပ်နေသော ခင့်ကြောင့် ယမင်းကအိပ်ရာမှ အတင်းပြုံးပြုထကာ

"ငါ အဲဒါကြောင့်ပြောတာ၊ ဖုန်းသံကို ဆိုင်းနဲ့လင့်လုပ်ထားပါဆိုတာ၊ ထည့်ထားတဲ့သီချင်းက ဟစ်ပေါ့၊ ပြီးတော့သူလည်း မကိုင်ဘူး၊ ကြားထဲက အိပ်ရေးပျက်ရတာ ငါ"

ဆီမန်း မန်းသလို တတွတ်တွတ်ရွတ်ရင်း ဖုန်းဖွင့်နားထောင်တော့

"ဟဲလို"





"ခင်နဲ့တွေ့ချင်လို့"

ခပ်ရှရှနှင့် အထက်စီးဆန်သော ယောကျ်ားသံ။ ရုတ်တရက်မို့ ယမင်းက မျက်လုံးတွေ ပြူးထွက်လာကာ အိပ်ချင်စိတ်တွေ အငွေ့ပျံထွက်သွားရသည်။ ခင့်ထံ ယောကျ်ားသံနှင့် ဖုန်းလာဖို့ဆိုတာ ရှားပါးဖြစ်ရပ်မို့

"ဟို…ဘယ်သူလဲ မသိဘူးနော်"

မေးလည်းမေး၊ လက်က ခင့်ကို လှုပ်နှိုးပြီးသား။ တစ်ဖက်ကတော့ ပြေပြစ်ခြင်းကင်းသော အသံနှင့်

"ကျစ်…ခင်နဲ့စကားပြောချင်တဲ့သူ၊ ကဲ…ခေါ်လိုက်စမ်းပါ အဲဒီ ခင့်ကို"

ဒေါသဖြစ်ချင်စရာ အမိန့်သံပေမယ့် ယမင်းမှာ ဒေါသထွက်ဖို့ မေ့နေကာ

"ဟုတ်…ဟုတ်ကဲ့"

နိုးနေသော ခင့်လက်ထဲ ဖုန်းထည့်ပေးသည်။ ခင်ကအိပ်ချင်မူးတူးနှင့် မျက်လုံးတွေကို လက်ဖမိုးနှင့်ပွတ်သပ်ကာ

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မသိဘူး၊ နင် ပြောကြည့်၊ လေသံက မိုး ပေါ်က မဆင်းဘူး"

ပခုံးတွန့်ပြီး သတင်းပေးသူကြောင့် ခင်က ဇဝေဇဝါနှင့်

"ဟဲလို"

"ခင်"

အဲဒီခေါ်သံဟာ နားစည်မှတစ်ဆင့် သွေးကြောတွေဆီ လျှပ်စီးကြောင်းလို ဖျိုးဖျိုးဖျစ်ဖျစ် အသံပေး၍ တိုးဝင်သွားသည်။ ခင့်မျက်နှာသည် ချက်ချင်း သေးအိနှင့် အပက်ခံရသလို အရောင် တွေ ရဲတက်လာကာ

"နင်"

"ကိုကိုလေ၊ နင့်ရဲ့ တစ်ချိန်က ကိုကို"

"နင် ဘာကိစ္စကြောင့် ငါ့ဆီဖုန်းဆက်တာလဲ၊ ဒီဖုန်း နံပါတ်က..."

"ငါ့ကို လေးစားလိုက်စမ်းပါ၊ နင့်အကြောင်းအရာတွေ အားလုံး ငါ့ဆီမှာ စုဆောင်းထားတယ်ဆိုတာ"

"အဟွန်း...အဲဒါဆို ခပ်ပေါပေါယောကျ်ားတိုင်း





လေးစားစရာ ဖြစ်သွားမှာပေါ့၊ ငါ့ပတ်ဝန်းကျင်မှာ ဒူးထောက်ခစား ပြီး ငါ့အကြောင်းတွေ သိသမျှ အစီရင်ခံနေတဲ့ ယောကျ်ားငပေါ တွေအများကြီးပဲ၊ နင်ရော အဲဒီစာရင်းထဲ ပါသွားပြီလား၊ ဟား..ဟား ငါထင်တာထက် မြန်နေသေးတာပဲ"

ဒီမိန်းကလေးဟာ ဟိုးအရင်ကလိုပင်။ ပြောစရာရှိလျှင် နှုတ်ခမ်းပါးက တရစပ်ထွက်ကျသမျှ သူတစ်ပါးအရှိက်ကို ထိုး နက်ဖို့ချည်းသာ။ ထို ထိုးနက်ချက်တွေကြောင့်ပဲ အမုန်းတရား ဖြစ်ဖွားခံခဲ့တာမို့

"ငါက ဒူးထောက်ခစားရင်း အစီရင်ခံမှာမဟုတ်ဘူး၊ နင့်ကို ညွှန်ကြားချက်တွေ ပေးလိုက်မှာ"

"ဘာ"

ဒေါသတွေ မချိမဆန့် ထုပ်ပိုးသိမ်းဆည်းပြီး ထွက်လာ တဲ့အသံက စူးစူးရှရှ ကျယ်ကျယ်လောင်လောင်။ ကိုကိုက ထို အသံကို နားထောင်ရင်း ကျေနပ်စွာ နှုတ်ခမ်းပါးတွေမှာ ပြုံးရိပ် သင်း၏။

"ဟုတ်တယ်၊ စိတ်ထိန်းပြီး နားထောင်၊ ဒေါသဖြစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ပါလာမှာမို့လို့၊ ကားပါကင်ကို နှင် ဆင်းကြည့်လိုက်ပါ၊ နှင့်ကားလေးကို ဘဝပြောင်းပေးထားတယ်"

"ကိုကို…နှင်"

ရန်တွေ့မည့်စကားလုံးတို့က သွမ်နှုတ်ဖျားမှာ ရှားပါးစွာ ပျောက်ကွယ်ကုန်၏။ ရင်ထဲသို့ နွေရာသီက စောစီးစွာရောက်ရှိလာသလို ခံစားရသည်။ ပူလောင်သောစိတ်တို့နှင့် ဆတ်ခနဲ ထရပ်ကာ အပေါ်ထပ်ဝတ်သော လောင်းကုတ်ရှည်ကြီးကို ဝတ်လျက် ခြေလှမ်းတွေက အိမ်အပြင်ဘက်ထွက်ရန် တာစူနေ၏။

"ကိုကို…နှင် ဘယ်မှာလဲ"

အေးခဲစွာ ထွက်သွားသော စကားတို့သည် အဆိပ်လူးထားသော မြားတစ်စင်းအဖြစ် ပြောင်းခွင့်ရရင် ပြောင်းချင်သည်။ ဟိုတစ်ဖက်မှ အလွန်မုန်းတီးဖွယ်ရာကောင်းသော ရယ်သံသဲ့သဲ့နှင့်အတူ

"စဉ်းစားကြည့်လိုက်ပါ၊ ငါ နှင်နဲ့အဝေးကြီးမှာ ရှိမနေတာ သေချာတယ်"

ဖုန်းအဆက်အသွယ် ပြတ်တောက်သွားပြီး ခင်က ကုတ်





အင်္ကျီခါးစည်းကြိုးကို တင်းတင်းဆွဲချည်ရင်း အခန်းအပြင်ဆီ ခြေလှမ်းချတော့ နောက်ပါးမှခေါ်သံတွေ၊ ပြေးလိုက်လာသံတွေကြားနေရပေမယ့် လှည့်မကြည့်စတမ်း ခင် ပြေးထွက်ခဲ့သည်။

တကယ်လည်း ပြေးထွက်ချင်ပါပြီ။ ဒီအမုန်း အငြိုးကလဲ့စားတွေရဲ့ ရစ်ပတ်မှုကြားထဲမှ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟဲ့…ခင် သတိထားပါ၊ သေချာစဉ်းစားပါဦးဟယ်"

ပြောလည်းပြော၊ နောက်မှလိုက်ဆွဲသော မိုးမိုးလက်ကို ခင် ဆောင့်ခါရုန်းပစ်သည်။

"ဘာမှ စဉ်းစားစရာမလိုဘူး"

ပါးလှပ်သော နှုတ်ခမ်းတွေဟာ ငိုချင်တာကို ထိန်းချုပ်ထားရသဖြင့် တဆတ်ဆတ် တုန်ခါလျက်ရှိသည်။ မျက်ဝန်းထဲက မျက်ရည်ကြည်တွေ ပြည့်နေသဖြင့် မှိန်ပျပျ မီးအလင်းရောင်ရှိသော ကားပါကင်ထဲမှာ ခင့်မျက်ဝန်းတွေက စူးလက်စွာ အရောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေ၏။

"ဒါ မိန်းမကျင့် မိန်းမကြံ ကြံတာ၊ နောက်ကျောကို ဓားနဲ့ထိုးတာ၊ ငါ့ဖုန်းနံပါတ် ငါ့ကားကို သိအောင်လုပ်ပြီးမှ ဒီလို ဖန်တီးတာ၊ ဒါကို ငါက ထိုင်ပြီးစဉ်းစားနေရဦးမလား၊ နင်တို့ သွေးမရှိရင် နေခဲ့၊ ငါ့ပြဿနာ ငါ ရှင်းမယ်"

လှစ်ခနဲ ပြေးထွက်သော ခင်ကြောင့်

"ဟဲ့…ဩဘ်၊ ခက်တော့တာပဲ ခင်ရယ်"

"နောက်ကလိုက်ပြီး အခြေအနေထိန်းမှ ဖြစ်မယ် ယမင်း"

မိုးမလင်းသေးခင်ပဲ ကားပါကင်ထဲမှာ သူမတို့တစ်တွေ ရဲ့ ခြေသံတွေက ပြေးပြေးလွှားလွှား။ ဆူဆူညံညံ။ ခင်ကတော့ လူသတ်ချင်စိတ်ပေါက်သော နှစ်ချို့အမုန်းတွေဖြင့်။ မျက်စိထဲ ရုပ်ပျက်ဆင်းပျက် ဖြစ်ရရှာသော ကားလေးကို မြင်ယောင်တော့ ဒေါသက တစ်မှုပြန်စရန် တာစူသည်။

ကားရှေ့မှန်တွေကို ဂျုံမှုန့်လို ဖြူချွဲချွဲအရည်တွေနဲ့ ပက်ထားသည်။ အနီတောက်တောက် အရောင်ရှိသော ကားဘော်ဒီအား ငွေမင်ရောင်ဆေးတွေ စပရေးနှုတ်ထားတာ ဟိုတစ်ကွက် ဒီတစ်





ကွက်။

ခြေလှမ်းတွေကို နှစ်ဆတိုးမြန်ရင်း ခင်က မျက်လုံးကို မှိတ်၍ ခေါင်းခါပစ်လိုက်သည်။ ကြေကွဲဝမ်းနည်းစရာကို အားအင် တစ်ခုအဖြစ် ပြောင်းလဲပစ်ရင်း ခြေလှမ်းတို့ တုံ့ရပ်မိတာ ခင်တို့ အခန်းနှင့် မျက်နှာချင်းဆိုင်အခန်းဆီ။

"ဒီ…ဒီ…ဒီ…ဒီ"

အားအပြည့်နှင့် ဖိနှိပ်ပစ်သော ဘဲလ်သံက အိမ်ထဲမှာ ဆူညံစွာ ထွက်ပေါ်သွားတာ တရစပ်။

"ဟာ…ဟာ…ဘာသံလဲကွာ"

"မနက်စောစောစီးစီး ဘယ်ကဧည့်သည်လဲ လေးလေး"

"ဟော့"

ဧည့်ခန်းဆိုဖာပေါ် ဖြစ်သလိုအိပ်နေသော တင်ကိုနှင့် ဥက္ကာက အပြုံးအပြဲ လှမ်းခေါ်ပေမယ့် မျက်လုံးမဖွင့်နိုင်။ ကိုကို ကတော့ အကြီးသမားမို့ အိပ်ချင်ယောင်ဆောင်နေပေမယ့် မျက်လုံး တွေက ဖွင့်တစ်ဝက် မှိတ်တစ်ဝက်။ ဦးလင်းက တူတော်မောင် ရဲ့ ခေါ်သံကြောင့်ရော အဆက်မပြတ် နှိပ်နေသော လူခေါ်ဘဲလ်



www.burmeseclassic.com

www.burmeseclassic.com



သံကြောင့် ဘုရားရှိခိုးခြင်းကို အဆုံးသတ်ပြီး ညည့်ခန်းဆီ အမြန်ဆုံးနှုန်းနဲ့ ပြေးထွက်လာခဲ့သည်။

"ဟာ…မင်းတို့ကောင်တွေ အရေးအကြောင်းဆို ကျော်ရလွှားရတာ တစ်လုပ်၊ ခြေထောက်က သိပ်မကောင်းပါဘူးဆိုမှ၊ ငါ တုတ်ကောက်နဲ့ တက်ဖိလိုက်ရ"

တော့နင်းတော့နင်းနှင့် ညည့်ခန်းကြမ်းပြင်ပေါ် မိုးလိုးပက်လက် အိပ်နေသူတွေအား မြည်တွန်ရင်း တံခါးဆီသွားရသည်။ ဒီအကောင် သုံးကောင်ဟာ ညတိုင်းဒီလိုပဲ။ နေကုန်နေခန်း သွားလို့အားမရဘဲ အလည်လွန်ကာ ညသန်းခေါင်ကျော်မှ အိမ်ပြန်ရောက်တာ ထုံးစံလိုဖြစ်နေပြီ။ ဦးလင်းက အုပ်ထိန်းသူနေရာမှ ဆုံးမရန် ပါးစပ်ပြင်တော့

"လေးလေးအတွက် အဆင်ပြေအောင် ရှောင်ပေးထားတာ"

"ဘာကွ"

"ဟုတ်တယ်လေ၊ လေးလေးက ဟိုဘက်အိမ်မှာ လက်ရာကောင်းကောင်း ထမင်းဟင်းတွေကို စားချင်တာနဲ့ တစ်ကိုယ်





တည်း လွှပျိုကြီးပါတို့၊ ကူဖော်လောင်ဖက် မရှိဘူးတို့ ပြောထားတာ မဟုတ်လား"

"အဲဒါကြောင့် ဟိုဟာမလေးတွေ မရိပ်မိအောင် သူတို့အိပ်မက် မက်ချိန်မှ ပြန်လာတာ"

ဖြေလိုက်တော့လည်း သုံးယောက်သားက နှုတ်တိုက်ကျက်ထားသည့်အတိုင်း တညီတညွတ်။ ကိုယ်ကလည်း အစားကောင်းမက်သည့်သူမို့…။ ရှိစေတော့…ကိုယ့်အဖြစ်နဲ့ကိုယ်။ အလည်ကျူးသော သကောင့်သားတွေက အိမ်ပြန်ရောက်တာနှင့် ညည့်ခန်းထဲမှာ အခွေထိုင်ကြည့်တာ ညလုံးပေါက်။ အိပ်ချင်တော့လည်း ရောက်တဲ့နေရာမှာ ထိုးအိပ်ကြတာမို့ အိမ်ကို အိပ်စရာနေရာလိုသဘောထားပြီး ပြန်လာတာပဲ သူက ကျေးဇူးပြန်တင်ရမည့်ပုံ။

"ဒီ…ဒီ…ဒီ…ဒီ"

"အေး…လာပြီဟ၊ ဘယ့်နှယ်ဖြစ်နေလဲ မသိပါဘူး၊ စောစောစီးစီး ဘယ်ကညည့်သည်တွေများလဲ မသိဘူး"

ညည်းတွားရင်း တံခါးကိုဆွဲဖွင့်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဦးလင်းရဲ့ မျက်မှန်အောက်မှ မျက်လုံးတွေ ဘယ်နှစ်ကေလောက် ကျယ်သွားသည်မသိ။ တိုစိစိထားသော ဆံပင်တွေ ငုတ်ခနဲ ပြန်ထောင်လာသည်ဟု ထင်ရသည်။ အံ့သြစွာ မင်သက်ငေးမောနေဆဲမှာပဲ

".တံခါးဖွင့်ပေးပါ ဦးလေးကြီး"

ခင့်ထံမှ ပြတ်သားရဲရင့်စွာ ပြောသောအသံ။ ဦးလင်းနားထဲ မိုးကြိုးအကြီးစား ပစ်ချလိုက်သလို ကျယ်ကျယ်လောင်လောင် ဖြစ်သွားသည်။

"ဟို...အဲဒါက"

"တံခါးဖွင့်ပေးပါ"

အေးစက်စူးရှတဲ့ မျက်ဝန်းတွေနဲ့ တံခါးကို ဂျိုင်းခံဆွဲအလှုပ်မှာ ဦးလင်းက သော့ယူပြီး သံဘာဂျာတံခါး ဖွင့်ပေးလိုက်ရသည်။ စိတ်ထဲတွေးမိတာက ပြဿနာသည် မိုးမလင်းခင် ကိုယ့်ထံ မျက်နှာမသစ်ဘဲ ရောက်လာတာ ဆိုက်ဆိုက်မြိုက်မြိုက်။

❖ ❖ ❖



BURMESE CLASSIC .com

အခန်း (၁၇)

"ကိုကို"

"တင်ကို...နင် ဥက္ကာ"

ကိုယ်က တံခါးဖွင့်တုန်း ကလေးမတွေက အံ့သြတကြီးရေရွတ်တာကြောင့် ဦးလင်း အလန့်တကြား နောက်လှည့်ကြည့်သော့ တံခါးဘောင်ကို ပခုံးတစ်ဖက်စွန်းနဲ့ ခပ်နွဲ့နွဲ့မှီထောက်ထားသော ကိုကိုရယ်၊ အိပ်ချင်မပြယ်သေးသော ရုပ်တွေနှင့် ဟိုနစ်ယောက်။

"နင်တို့က"

ဥက္ကာက လန့်ဖျပ်ပြီး ချက်ချင်း ကိုကို့နောက် ဝင်ပုန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်ကိုကတော့ ဒီသုံးယောက် ဖြူးဖြူးကြီး တွေ့ကတည်း က သဘောပေါက်သည်။ အထူးသဖြင့် စကားမပြောသော မာနရှုတ်ခမ်း၊ ဒေါသမျက်ဝန်းတွေနှင့် ခင့်ကိုကြည့်ကာ ကိုယ့်ရှု ကွိုင်အကြီးစား ရှာထားမှန်း သိသည်။ ထို့ကြောင့် ပျာပျာသလဲ မျက်နှာချိုသွေးပြရင်း

"ဒီကောင် ဘာတွေလုပ်ထားမှန်း ငါတို့ တကယ်မသိ ပါဘူး ခင်ရာ၊ နင့်ကို အရှမ်းဒေါသဖြစ်စေမယ့်ကိစ္စဆိုရင် ငါ တောင်းပန်ပါတယ်"

"တောင်းပန်ရအောင် နင်က အဖြစ်ကျူးလွန်ထားတဲ့သူ မို့လို့လား"

ပိုးပိုးက ပိတ်ယောက်မှ တောင်းပန်နေသော တင်ကို ဇက်ပုကျသွား၏။

"ဦးလေးကြီးကပါ အလိုတူ အလိုပါပေါ့ ဟုတ်လား"

"အဲ...မဟုတ်ပါဘူး ယမင်းရယ်၊ ဦးလေးကြီးက စာ ကောင်းသောက်ကောင်းရုံ..အယ်...ဟုတ်ပါဘူး၊ ကိုကိုက နိုင် တာနဲ့"





မေးခွန်းတွေ ဖြေရှင်းချက်တွေ ခင့်နားမှာ သောသောညံ နေပေမယ့် သူမက အရာအားလုံး မကြားရ မမြင်ရသူလို။ အကြည့် တို့ တစ်နေရာတည်း စူးစိုက်ကာ စူးစိုက်ထားသမျှက ကိုကို့ထံ မှာ။ တံခါးဘောင်ကို ကျောပြင်နှင့်မှီရပ်တော့ ဆေးတိုက်တွေ့ခွင့် ရသော မျက်နှာမှာ နှာတံချွန်နှင့် တွန့်ခဲ့ ကွေးညွတ်ပြုံးသော နှုတ်ခမ်းပါးတွေပါ တွေ့ရတော့ ရင်ထဲ ဖျင်းခနဲ ဖြစ်သည်အထိ ဒေါသသွေးက လှိုက်ဆူသည်။

ထိုမျက်နှာကိုမြင်ရတိုင်း ကြိုးတုပ်ပြီး မီးပုံဘေး ကျော တစ်ရာ ရင်တစ်ရာ အရိုက်ခံထားရသူလို ခင့်မှာ ပူလောင်ခြင်း နာကျင်ခြင်းတို့အား တစ်ပြိုင်တည်း ခံစားလာရစမြဲ။

အကင်းမသေသော ဒဏ်ရာဟောင်းက အထိအခိုက် ခံနိုင်။ နည်းနည်းထိတာနဲ့ များများပိုနာသည်ဆိုတာမျိုးလား။ ခင်က ထိုအပြုံး ထိုမျက်နှာအား မျက်တောင်မခတ်စတမ်း စိုက်ကြည့် ရင်း သူ့အနားသို့ တရွေ့ရွေ့တိုးကပ်သွားသည်။ သူ့ရှေ့ရောက်လာ သော ခင့်အား ကိုကိုက မျက်တောင်ဖျားတွေ စင်းနေအောင် စိုက်ချကြည့်ရင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မကျေပေမယ့် ဒီမှာပဲ ငါ ဖြေသာပါတယ်၊ အဟွန်း…ငါ့ဟန်းဆက်အတွက် လျှော်ကြေးက ဒီထက်မက ဖြစ်နိုင်ပေမယ့် နင့်ခေါ်သ ငယ်ထိပ်ဆောင့်တက်နေတာကိုက ကြည့်လို့လှတယ်"

နောက်ဆုံးစကားအား တမင် ကိုယ်ကိုကိုင်းချပြီး ပြော တော့ သူ့မျက်နှာနှင့် ခင့်မျက်နှာက နီးနီးကပ်ကပ်။ ခင်က လေ ငွေ့နွေးတွေ ရိုက်ခတ်တဲ့အထိ ငုံ့ချလာတဲ့ ထိုမျက်နှာအား ခပ်ရဲ မှုပြုံးပြရင်း

"ဒီထက်ပိုလှတဲ့ခေါ်သ နင် တွေ့ရမယ်"

"ဖောင်း"

မြည်သံအကျယ်ကြီး။ ကိုကို့မျက်နှာတစ်ခြမ်း လည်ထွက် သွားသည်။ ထူပူသွားသော ပါးပြင်ဟာ ရုတ်ခြည်း လူတစ်ကိုယ် လုံး မီးလောင်တိုက်သွင်းပစ်လိုက်သလို။ ကိုယ်ခံလိုက်ရပြီဆို အသိဟာ လူကို ဖျိုးဖျိုးဖျစ်ဖျစ် မြည်သံပေး၍ လောင်ကျွမ်း ပြုလာပြီ။

"ခင်…နင်"

သတိဝင်လာတာနှင့် ရှေ့ရှိ သူ့မပခုံးနှစ်ဖက်ကို ခပ်ကြ ကြမ်း ဆွဲခါပစ်သည်။ ခင်က သူ့လက်ထဲတွင် ရှေ့တိုးနောက်





ရှိပေမယ့် မပြယ်သော အပြုံးတွေနဲ့ စိန်ခေါ်လျက်ရှိကာ

"ငါ့ကိုနာကျင်အောင် တစ်ခါလုပ်ရင် နင်လည်း တစ် ကြိမ် ပြန်နာကျင်ရမယ်၊ တန်ရာတန်ကြေးဆိုတာကို နင် နားလည် ရင် ငါ ကျေနပ်တယ်၊ နင့်ပစ္စည်းတစ်ခုကြောင့် ငါ့ပစ္စည်းတစ်ခု ကို နင် ဖျက်ဆီးတယ်၊ အဲဒီအဖျက်ဆီးခံပစ္စည်းအတွက် နင့်ပါး တစ်ဖက် ငါပြန်ရတယ်၊ အဟွန်း…တန်ပါတယ် ကိုကို၊ နင့်လိုပဲ ကျေပေမယ့် ဖြေသာတယ်"

ရိုက်လိုက်သည့် လက်ဝါးအား သူ့ရှေ့မှာ ဆုပ်ချည်ဖြန့် ချည် လုပ်ပြပြီး တစ်ခွန်းချင်း ပြောသွားတာ စကားတွေမဟုတ်ဘဲ ဓားအစင်းပေါင်းများစွာ။ သူ့ရင်ဘတ်ကို ထုတ်ချင်းခတ် ပစ်ပေါက် နေသလို ကိုကို ခံစားရသည်။ ကြားရသမျှလည်း ရင်ကို တိုက် ရိုက်ထိပါသည်။

ကိုကိုက သူ့မပခုံးတွေပေါ် ဆုပ်ကိုင်ထားသည့် လက် တွေကို ဖြည်းချရင်း ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စလုံး ငြိမ်း ချမ်းစွာ ရှိစေပြီးမှ

"တန်ရာတန်ကြေး ဟုတ်လား ခင်"



www.burmeseclassic.com

www.burmeseclassic.com



မေးပြီး ခေါင်းမော့ကာ ရယ်တော့ ပခုံးတွေပါ လှုပ်ခါ သွားသည်။ ခင်က အဲဒီရယ်မောနေသော သူ့အား ခပ်စိုက်စိုက် ကြည့်ရင်း

"ဆောရီး…ရည်ရွယ်တာ ပါးပေမယ့် ဦးနှောက်ပါ ထ သွားရင်တော့ စိတ်မကောင်းဘူး"

ပခုံးစုံတွန့်ကာ ပြောပြီး လှည့်ထွက်သည်။ ကိုကိုက သူမကျောပြင်ဆီ မျက်နှာမူလိုက်ရပ်ကာ

"ခင်"

ခေါ်တော့ သူမက လှည့်မကြည့်ပေမယ့် ခြေစုံရပ်သွား၏။

"ငါ့ပါးတစ်ဖက်အတွက် တန်ရာတန်ကြေး အခုတော ငါ ပြန်မယူသေးဘူး၊ နင့်နှုန်းယှဉ်ချက်အတိုင်းဆိုရင် ငါ့ပါးအတွ နင်ပြန်ပေးရမယ့်ကြေးက နည်းနည်းတော့ များမှာပေါ့၊ ငါပြန် တဲ့အချိန်ကျရင်သာ နင် မငိုမိဖို့ကြိုးစားထား"

ဘာအဓိပ္ပာယ်လဲ။ ဘာသဘောလဲ။ သိလိုဇောဖြင့် မျက်နှာကို ဖျတ်ခနဲ လှည့်အကြည့်မှာပဲ ကိုကိုက ကျောခိုင်းသွ





ခဲ့ပြီ။ ကျောခိုင်းဖို့ ခင်က ဦးအောင်ရည်ရွယ်ခဲ့ပါလျက် လက်တွေ့ မှာ ချန်ရစ်ခံခဲ့ရသူ။ နှစ်နိုင်ငံ စစ်မျက်နှာဖွင့်ပြီးမှ စစ်တလင်းက ငြိမ်သက်တိတ်ဆိတ်သွားတာမျိုး မြင်ဖူးပါသလား။

ပွဲကြည့်ပရိသတ်တွေက ရုတ်ခြည်းအေးချမ်းသွားတဲ့ အဖြစ်ကြောင့် ပင့်သက်တွေ[illegible]ပြီး အမောတွေ ဖြေချပေမယ့် ခင့်ရင်ထဲမှာတော့ မပြေနိုင်သော မော်ပန်းနွမ်းနယ်ခြင်းတွေနဲ့။

မုန်တိုင်းမလာခင် လေပြည်တိုက်ခတ်တာမျိုးဆိုရင် ဒီ မုန်တိုင်းရဲ့ ဦးတည်ချက်က။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မထင်မှတ်ဘဲ ဖြစ်သွားတဲ့ ကိစ္စတွေပါဟာ၊ အစက နင်တို့ကို လှည့်စားချင်တဲ့စိတ်မရှိတာ တကယ်ပါ"

"လေးလေးက နင်တို့အိမ်တံခါးခေါက်ပြီး နင်တို့ထွက်လာမှ ငါတို့သိတာပါ၊ အဲဒီအချိန်မှာ ခြေလှမ်းတွေကျုံ့ကုန်ပြီလေ၊ လေးလေးကိုလည်း ပြန်ခေါ်လို့ မရတော့ဘူး၊ ပြီးတော့ လေးလေးက အစားအသောက်ကောင်း သိပ်မက်တာဟ"

ဥက္ကာက မျက်နှာငယ်လေးနဲ့ ရှင်းပြတာ စိတ်ထဲရှိတဲ့အတိုင်းပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်တွေဘက်က လွန်သွားခဲ့တာမျိုးမဟုတ်လား။ အဲဒီတုန်းက ကိုကို့မှာ လက်ခမောင်းတွေ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ကောင်းတယ်၊ လေးလေးကို အဲဒီအတိုင်း ဝင်ထွက်နေပါစေ၊ ဒါမှ သူတို့အတွင်းရေးတွေ သိရမှာ"

ဆိုတုန်းက တင်ကိုရော သူကပါ

"လူကြီးကိုတော့ ဆွဲမသွင်းပါနဲ့ကွာ၊ လူငယ်တွေကြားမှာ"

"ငါက ဆွဲမသွင်းပါဘူး၊ အခြေအနေအရပ်ရပ်က သူ့အလိုလိုဖြစ်သွားတာ၊ မင်းတို့အမြင်ပဲ မဟုတ်လား"

ပြောတိုင်းမှန်နေသဖြင့် သူတို့ ဘာမှစောဒကမတက်အား။ နဂိုကတည်းက ကိုကိုဟာ သုံးယောက်ထဲမှာ ခေါင်းဆောင်လိုဖြစ်နေကျင့်က ပါပြီးသားမို့ ခေါင်းမညိတ်ချင်ပေမယ့် ခေါင်းခါခွင့်မရှိခဲ့။

"ငယ်တုန်းက ငယ်စိတ်နဲ့ဖြစ်ခဲ့သမျှ ငါတို့က ဒီအထိ သယ်မလာချင်တာ အမှန်ပါ"

ဥက္ကာက လက်ဖဝါးနှစ်ဖက်ကို အကြောင်းမရှိ အကြောင်းရှာပွတ်ရင်း ယမင်းကို မိုးကြည့်ကာ ပြောသည်။





"ဟုတ်ပါတယ်ဟာ၊ မိဝေးဖဝေး တနယ်တကျေးမှာ အခုတစ်မြို့တည်းသားတွေ ပြန်တွေ့ကြတော့..."

လူတတ်လုပ်ပြီး လူကြီးစကားတွေ ပြောနေသော တင်ကိုကို ဝိုးဝိုးက အသဲတိတ် မျက်စောင်းရှယ်သည်။ ခင်က မကြည့်သော်လည်း မြင်နေရသည့် ထိုလေးယောက်ရဲ့ ဆက်နွှယ်မှုတွေကြောင့် ကန်ရေပြင်ကို လှမ်းငေးရင်း တဆစ်ဆစ်တိုးဆောင့်နေသော ရင်တွင်းက ဝေဒနာကို ခံစားနေမိသည်။

အငြိုးဖွဲ့ခြင်းတွေက ဘယ်လောက်အထိ ရှည်ကြာမှာလဲ။ ငါနဲ့မတည့်ဘူး၊ နင်တို့ မခေါ်နဲ့လို့ ပြောရအောင်လည်း အရွယ်တွေက ကလေးမှမဟုတ်ကြတော့တာ။ လွတ်လပ်မလားလို့ တိတ်တဆိတ်ပင့်သက်ရှိုက်ခြင်းဟာ ပေါ့ပါးမလာဘဲ ရင်ထဲ မွန်းနစ်လာခဲ့သည်။

"သူတို့ဘက်က အလံဖြူပြမလို့တဲ့ ခင်"

သတင်းပို့ခဲ့တာက ပြဿနာဖြစ်ပြီး ဆယ်ရက်လောက်ကြာမှ။

"ကိုကိုက အိမ်ခဏပြန်သွားတယ်တဲ့၊ ဦးလေးကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိတဲ့သူမှ မဟုတ်တာဟယ်၊ ခါတိုင်းလိုပဲ ထမင်းစားပါစေ၊ ငါတို့ ကုသိုလ်ရတယ်''

ယမင်းနဲ့ ပိုးပိုးက ဘယ်လိုသဘောထားတွေနှင့် ကြည်စေအေးစေ ဖြစ်သွားလဲမသိ။ ဦးလေးကြီးမှတစ်ဆင့် ဥက္ကာတို့ တင်ကိုတို့နှင့် ပြုံးပြနှုတ်ဆက်အဆင့်ကနေ ခင့်ရှေ့အရောက် ခေါ်လာခဲ့ပြီ။ ချစ်ရန်လွယ်သလောက် အမုန်းပြေရန် ခက်ပေမယ့်လည်း...။

''နင်တို့နဲ့ ငါ့ကြား ပြဿနာရှိခဲ့တာမှ မဟုတ်တာ၊ ငါလည်း တစ်မြို့တည်း တစ်ကျောင်းတည်းသားတွေ ပြန်တွေ့တာဝမ်းသာပါတယ်''

''ဒါဆို နင်က ငါတို့ကို ပြန်ခေါ်ပြီ၊ အဲဒီလိုလား ခင်''

''မခေါ်ရအောင် ရန်ဖြစ်ထားကြတဲ့သူတွေမှ မဟုတ်တာ''

''ငါတို့ကတော့ နင်နဲ့ ကိုကို့ကို ပြန်သင့်မြတ်စေ...''

ခင်က ထိုင်နေရာမှ မတ်တတ်ထရပ်တော့ ဥက္ကာ စကားက လမ်းတစ်ဝက်တင် တိတ်ကျသွားလေသည်။





''ဆက်ထုံးတွေ တင်းကျပ်းရှိပြီးသား ကြိုးတစ်ချောင်းက စင်းလုံးချောတော့ မဖြစ်နိုင်ဘူး ဥက္ကာ၊ ငါ အရင်ပြန်နှင့်တော့မယ်''

အလိုက်တသိပင် ခင် ဦးအောင်ထထွက်လာခဲ့သည်။ ဘဝဟာ ချက်ချင်းကြီး အထီးကျန်ခြောက်သွေ့သွားတာများ ကန္တာရထဲ တစ်ကိုယ်ရေ လမ်းလျှောက်နေခဲ့ရသူလို။

အဲဒီနောက်တော့ ပိုးပိုးနှင့်တင်ကိုက တစ်တွဲ၊ ဥက္ကာနှင့် ယမင်းက တစ်တွဲဖြင့် သွားလေရာ အမြဲပါလေသည်။ အခန်းမှာ ဖျူးစ်ပျက်လည်း ဥက္ကာတို့ ပါရသည်။ ဂက်စ်မီးဖိုအတွက် ဂက်စ်ထည့်သည့်အခါ တင်ကို့အကူအညီ ယူရသည်။

ခင်ရဲ့ ကမ္ဘာတစ်ခြမ်းက မှောင်မိုက်နေပေမယ့် ကျန်ကမ္ဘာတစ်ခြမ်းက သာယာနေခြင်းအတွက် သူမ ကျေနပ်ရပါသည်။

တကယ်ဆို ကိုယ့်ဘဝက သူနှင့်ပတ်သက်ချိန်မှ စတင်၍ အခုအချိန်ထိ အမုန်းသင့်ရာသီတွေသာ ဖြစ်ခဲ့လျက်။

ကျိန်စာဟုပြောလည်း ရပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မင်း ပြဿနာတော့မရှာနဲ့နော် ကိုကို"

"ဟုတ်တယ် ကိုကို၊ ငါက ယမင်းကို ဘာမဘာညွှေ လုပ်ပြီး ခေါ်လာရတာ"

"ဘာဖြစ်တာလဲကွာ၊ သူငယ်ချင်းအရင်းခေါက်ခေါက် ကြီးဘက်ကတောင် မပါနိုင်တော့တဲ့အထိ"

ကိုကိုက ကူရှင်ပေါ် လျှော့တိလျှော့ရဲ ထိုင်ချပြီး ခပ်ညည်းညည်းပြောပေမယ့် ရုပ်က စိတ်ပျက်ခြင်းတွေ တစ်စက်မှ မပေါ်။ လမ်းမီးရောင် ရိပ်ခနဲ ကားထဲပြေးဝင်လာတိုင်း ကိုကို့ မျက်နှာထက် ကောက်ကြောင်းတွေ မတွေ့ရပေမယ့် တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိတာက စိုးရိမ်ဖွယ်ရာပါ။ တင်ကိုက နောက်မှကပ်ပါလာသော မီနီဆလွန်းအား နောက်လှည့်ငဲ့ကြည့်ရင်း

"မင်း အိမ်ပြန်သွားတုန်း ငါတို့နဲ့ သူတို့ကြားမှာ အပြောင်းအလဲတွေ အများကြီးဖြစ်သွားတယ် ကိုကို"

"အဲဒီတော့"

ကိုယ်ကို တစောင်းလှည့်ထိုင်၏။ ကားမောင်းနေတဲ့ ဥက္ကာကို တည့်တည့်အကဲခတ်ခွင့်ရသလို နောက်ခန်းရှိ တင်ကိုနှင့် ပိုနီးသွားသလို ဥက္ကာနှင့်တင်ကိုက နောက်ကြည့်မှန်ထဲမှ အသံတိတ် မျက်လုံးချင်း စကားတွေပြောနေပြီးမှ

"ငါနဲ့ယမင်းက ချစ်သူတွေ ဖြစ်သွားကြပြီ"

"အေး…ငါနဲ့ ပိုးပိုးရော"

နှစ်ယောက်စလုံး အားယူပြောပေမယ့် ကြားရသော ကိုကို့အတွက် ဟာသမြောက်လေသလား မသိ။ ကိုကိုက နှာခေါင်းတစ်ဖက်ကိုတွန့်၍ မချိုမချဉ်ပြုံးကာ

"သိသားပဲ၊ မင်းတို့ အဲဒီလောက်အဖြစ်တွေ သည်းပြီး ငါ့ကို အဖျက်သမားကြီးလို ထင်နေတာ၊ ဘာလဲ…မင်းတို့ရဲ့





ချစ်ချစ်တွေက ခင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ရင်ဘာဖြစ်မယ် ညာဖြစ်မယ် ခြိမ်းခြောက်ထားလို့လား"

"အဲဒီလိုတော့ မဟုတ်ဘူးလေကွာ"

စကားမဆက်နိုင်။ တကယ်လည်း ဒီခရီးစဉ်မှာ ကိုကိုပါမယ်ဆိုတာ သိတာနှင့် သူတို့က ကတိကဝတ်တွေ အမျိုးမျိုးပေးလျက် ခေါ်လာတာမျိုး။ ပိုးပိုးနှင့်ယမင်းက မျက်နှာထားတင်းတင်းနှင့် ရာဇသံပေးထားတာက

"ခင်က သူ ပါတယ်ဆိုတာနဲ့ မလိုက်ဘူးချည်းငြင်းနေတာ၊ ငါတို့ အတင်းခေါ်လို့နော်၊ ဟိုမှာ သောက်ကြစားကြလည်းဒါ နင်တို့သဘော၊ ငါတို့လိုချင်တာက…"

"ခင့်ကို အနှောင့်အယှက်မဖြစ်စေဖို့၊ ကိုကို့ကို နင်တို့ထိန်းရမယ်၊ ဒါပဲ၊ ကြိုသတိပေးထားရက်ကမှ ငါတို့စိုးရိမ်သလိုဖြစ်ခဲ့ရင်တော့ ရှိပြီးသား အခြေအနေတွေ အကုန်ပြောင်းပြန်ဖြစ်သွားမှာ သေချာတယ်"

အခုမှ အဖြေရခါစ ပူပူနွေးနွေးမို့ ဒီအနေအထားအားအတိမ်းအစောင်းမခံနိုင်။ ပြီးတော့ သွားရမည့်ပွဲက အပျော်ပွဲမို့



www.burmeseclassic.com

www.burmeseclassic.com

အားလုံးကိုပျော်စေချင်တာ သူတို့ရဲ့စေတနာ။ ဒီကြားထဲ အပိုဆု အဖြစ် ကိုကိုတို့နှစ်ယောက် သင့်မြတ်သွားလျှင်…။

"ဟိုအရှေ့မှာကွ၊ မီးချောင်းတွေထွန်းထားတဲ့ ရဟတ်ကြီးလည်နေတာ"

တင်ကိုက ဝမ်းသာအားရ ထအော်သည်။

"သူတို့နိဗ္ဗာန်ဈေးပွဲတော်က မိုက်လှချည်လား"

မချိုးကျူးစဖွး ကိုကိုက ချီးကျူး၏။

"အောင်လင်းတို့ ဦးစီးတာကွ၊ ဒီထက်မိုက်တာရှိသေးတယ်၊ ဆပ်ကပ်အဖွဲ့ပါ ငှားထားတာ၊ အဲဒီလက်မှတ်ကို မဲဖောက်ပြီး ဖရီးဝေမှာတဲ့"

"ပိုး…ဆက်ကပ်ဆို ငါတော့ စိတ်ဝင်စားတယ်၊ ဆင်လိမ္မာ၊ မျောက်လိမ္မာတွေပါမှာ"

"မင်းအမျိုးတွေ အကုန်လိမ္မာတယ်၊ မင်းတစ်ယောက်ပဲ မိုက်နေတာ"

ဦးအောင်နှိပ်ကွပ်သော ကိုကို့စကားကြောင့် တင်ကို့မျက်နှာကြီး အီလည်လည်ဖြစ်ကာ အသံမထွက်ဘဲ

"ဝဲစား"

နှုတ်ခမ်းလှုပ်ရုံဆဲတော့ ဥက္ကာက သဘောတကျရယ်၏။ ဘာပဲဖြစ်ဖြစ် စောစောက မှုပင်ခြင်းတွေက ရယ်မောခြင်းအောက်မှ လွင့်ပါးသွားသလို ထင်ရသည်။ ကိုယ်ပိုင်ခြံတွေသာရှိသော လမ်းသွယ်လေးက ပွဲဈေးကြီးတစ်ခုလို ဖြစ်လျက်။ နိဗ္ဗာန်ဈေးဆင်နွဲကြမည့်သူတွေရဲ့ ခြံဝမှာ နံပါတ်ကတ်ပြားတွေ ချိတ်ဆွဲထား၏။

"အောင်လင်းအိမ်က ဆယ့်ရှစ်တဲ့၊ မိုးပြည့်တို့က နှစ်ဆယ်၊ ချိုးဆက်က နှစ်ဆယ့်ငါး"

ဥက္ကာက အလွတ်ကျက်ထားသမျှ နံပါတ်တွေကို တိုးတိုးရွတ်ရင်း ကားဘီးလိမ့်ရုံမောင်းသည်။ ဒီသုံးယောက်က သူတို့ရဲ့ သင်တန်းတက်ဖော် သူငယ်ချင်းတွေဖြစ်ပြီး ခင်တို့က ထိုသုံးယောက်ရဲ့ လေဒီကလေးတွေ၏ သူငယ်ချင်းတွေ။ စပ်မိစပ်ရာ ပြောကြရင်းက ချွေမျိုးတွေစပ်တဲ့အထိ ဖြစ်သွားကာ ဒီအထိ အတူလာရန် လမ်းပေါက်ခဲ့တာမို့

"တွေ့ပြီကွ၊ ဆယ့်ရှစ်တဲ့၊ ဟော့ဟောင်…အောင်လင်း"





www.burmeseclassic.com

www.burmeseclassic.com

တင်ကိုက ကားပြတင်းပေါက်မှ ခေါင်းထွက်ပြီး အော်

သည်။ အောင်လင်းဘေးနားက သူ့လေဒီကပဲ

"ဟယ်...နောက်မှာ ခင်တို့ပါ ပါတယ်၊ ခင်...ခြံထဲ

ကွေ့ဝင်လာခဲ့၊ ဟိုဘက်မှာ ကားရပ်ဖို့နေရာရှိတယ်"

လှမ်းအော်သံတွေ ခေါ်သံတွေ ဆူဆူညံညံကြားမှာ

ဘောက်စ်တွေနှင့် သီချင်းတွေကလည်း အပြိုင်ဖွင့်ထားသေးသည်

ရယာတ်ကြီးလည်း၍ ပေါ်ဆနဲ ဟားခနဲ ရယာတ်စီးသူတွေထံ

ထွက်ပေါ်လာသော အသံတွေက ပွဲဈေးတန်းတစ်ခုလုံးကို တစ်ချက်

တစ်ချက် လွှမ်းခြုံသွားခြင်းက လူတွေရဲ့စိတ်ကို တက်ကြွမြူးထူး

စေ၏။

ညသည် မှောင်မိုက်နေသော်လည်း ဆူညံပျော်ရွှင်ခြင်း

ကြားမှာ အသက်ဝင်လျက်။

❖ ❖ ❖



# အခန်း (၂၀)

"ဒီပွဲဈေးတန်းက ဈေးသည်တွေကတော့ သူတို့သဘော

နဲ့သူတို့ လာရောင်းတာလေ၊ ဇာတ်ရုံဆောက်ပြီး ဆက်ကပ်ပွဲ

သွင်းမယ်ဆိုကတည်းက...၊ အဲဒါကြောင့် အောင်လင်းတို့ အလုပ်

ပိရှုပ်သွားတာဟ၊ ပွဲဈေးအတွက် လုံခြုံရေးပါ တာဝန်ယူထားရ

တာကိုး"

"ငါမြင့် ပွဲခင်းထဲ လုံခြုံရေးလုပ်နေတာ မမြင်ပါဘူး

ဆဝီရယ်"

"နင်မြင်တာ ဘာလဲ မယ်ရဲ့"

ပိုးပိုးက ပြုံးစေ့စေ့နဲ့ လှည့်မေးတော့ မယ်က ပခုံးတွန့်


www.burmeseclassic.com

www.burmeseclassic.com



ကာ. လျှာတစ်လစ်ထုတ်ရင်း

"ပုလင်းလိုက် မော့နေတာပဲ တွေ့တယ်"

"ဘီယာတွေမဟုတ်လား မယ်"

မျိုးဆက်ရဲ့ချစ်သူ စံစံက အားလုံးထဲမှာ အအေးဆုံး၊ အရိုးဆုံး။ အောင်လင်းနဲ့ဒေဝီက တစ်တွဲ၊ မိုးပြည့်နဲ့မယ်က တစ်တွဲဖြစ်ပြီး အားလုံးက လူကြီးတွေ အသိအမှတ်ပြုပြီးသားမို့ တရားဝင်တွဲခွင့်ပါမစ်ကျပြီးသား။ ဒေဝီက ရိုးလွန်းတဲ့ စံစံကို ပခုံးလှမ်းဖက်ရင်း

"ဟုတ်ပါလိမ့်မယ် အားကြီး၊ ဘီယာထဲ အပြင်းတွေရောထားတာ၊ လူမြင်တော့ ဘီယာပေါ့"

"အပြင်းတွေ"

စံစံက ရင်ဘတ်ဖိကာ လန့်ပြတော့ အားလုံးက ဝိုင်းရယ်ကာ

"အပြင်းတွေပါပေမယ့် မမူးပါနဲ့ စံစံရဲ့"

"မမူးလို့မဖြစ်ဘူး ယမင်း၊ တော်ကြာ အမူးလွန်မှဖြင့်"

"အမလေး...သူတို့အမူးလွန်ရင် တအားရယ်ရတာ၊ ငါ မကြုံဖူးလို့နေမှာ"





ဒေဝီ့အပြောကို မိုးမိုးက ဟုတ်တယ်ဆိုပြီး ထောက်ခံကာ

"တင်ကိုက မူးလာရင် ကွေးနေအောင် ကတာတဲ့၊ မျောက်ကရော ခွေးကရော အစုံတဲ့"

"နင်က ဘယ်လိုလုပ်သိလဲ"

ယမင်းကမေးမှ မိုးမိုးက သူခိုးလူမိသလို ရှက်ကိုးရှက်ကန်းနှင့် ရယ်ပြရင်း

"တင်ကို ပြောပြတာ"

"ဟွန်း...မိန်းမကိုက"

ယမင်းက မျက်စောင်းရွယ်တော့ မိုးမိုးမှာ အပြစ်ရှိသူလို မလုံမလဲဖြစ်နေတာကိုပဲ အားလုံးက ဝိုင်းရယ်ကြပြန်သည်။ မယ်ကတော့ တစ်ချိန်လုံးငြိမ်နေသော ခင့်ကို ပခုံးချင်းထပ်သွားအောင် ဝင်တိုက်ရင်း

"ခင်ရော...တစ်ယောက်တည်းပဲလား၊ အဖော်မရှာတော့ဘူးပေါ့"

"မရှာချင်ပါဘူး မယ်ရယ်၊ တစ်ယောက်တည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်"

"ခင်က တစ်ယောက်တည်း မနေချင်တော့ဘူးဆိုရင်လည်း သူများတွေလို အဝေးကြီးမှာ ရှာစရာမလိုပါဘူးနော်"

ဒေဝီက ပခုံးကိုဆွဲဖက်ရင်း ပြောတာမို့ ခင်က ကြောင်တက်တက်လေး လှည့်ငေးသည်။ ယောကျ်ားလေးတွေက ခြံဝင်းကြီးထဲ သောက်စားနေကြတာမို့ ခင်တို့မိန်းကလေးတစ်စုကို ဒေဝီက ဦးဆောင်ပြီး ပွဲဈေးတန်းဆီ ခေါ်လာခြင်းဖြစ်သည်။ ခင့်အကြည့်ကို ဒေဝီက နားလည်သလို ပြုံးပြရင်း

"ဟုတ်တယ်လေ၊ အနားမှာ ကိုကိုတစ်ယောက်လုံးရှိနေတာပဲ၊ ဝေးဝေးရှာဖို့ လိုသလား"

"ခင်နဲ့သူက"

"ဘာလဲ…မတည့်ဘူးလို့ ပြောမလို့လား"

မယ်ကပါဝင်မေးတော့ ဟိုဘက်ဒီဘက် ငဲ့ကြည့်ရင်း အလယ်မှ ခင့်ခေါင်းလေး ချာချာလည်နေခဲ့သည်။

"ငယ်ကတည်းက မတည့်ခဲ့ဘူးဆိုတာ မယ်တို့ ကြားထားပါတယ်နော်၊ အနိုင်မခံချင်တဲ့စိတ်နဲ့ ဒီလိုပဲ ပြိုင်တတ်ကြတာ





ပါ၊ ဒါပေမဲ့ ခင်တို့လောက် ဘယ်သူမှ စွဲစွဲမြဲမြဲ မပြိုင်ကြပါဘူး၊ ဒီလိုပဲ အရွယ်ရောက်တဲ့အခါ ကိုယ့်ရင်ခုန်တဲ့သူနဲ့ ကိုယ့်လမ်းလျှောက်ကြတာ များပါတယ်၊ မယ်ပြောချင်တာက ဒီလို ရန်တွေဖြစ်၊ အတိုက်အခံတွေ လုပ်နေကြတာကိုပဲ ခင်တို့နှစ်ယောက်စလုံးသဘောကျနေကြသလား"

"ရိုက်ထိ…ဒေဝီ မေးချင်တာလည်း အဲဒါပဲ၊ မယ်ပြောသလို ခင်တို့ရဲ့အာရုံတွေက ဒါဆို ဒါမှာပဲ စူးစိုက်ထားကြတာမျိုးဆိုတော့…တော်ကြာ ရန်ဖြစ်ပြီး ပြန်ချစ်တဲ့ ခံစားမှုမျိုးတွေင်ထဲမှာရှိနေသလား ပြန်မေးကြည့်"

ကိုယ့်ရင်ဘတ်ကို ဒေဝီက လက်ညှိုးလေးထောက်ကာပြောတော့ ခင်မှာ ယောင်ယမ်းပြီး ကိုယ့်ရင်ဘတ်ကို ငုံ့ကြည့်မိသည်။ ထိုအခါမှ ပူနွေးသော နှလုံးသားရဲ့ ရင်ခုန်သံက စည်းချက်မြန်မြန်နှင့်…

အချစ်နှင့် မရင်းနှီးသော်လည်း မစိမ်းသော ရင်ခုန်သံတွေကြားမှာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကန်ရေပြင်ကိုဖြတ်ပြီး တိုက်လာသော လေထဲမှာ ဆောင်းရဲ့ရနံ့က အေးစက်စက်။ ခင်က အနက်ရောင် ချိုင်းအောက်သာသာရှိသည့် ဂျက်ကက်ရင်ဘတ်ကို ဆွဲစေ့ကာ လက်တင်းတင်းပိုက်ထားသည်။ အနက်ရောင် စကောင်နိုနီဂျင်းနှင့် အဖြူရောင်တီရှပ်ကျပ်ကျပ်ပေါ် အနက်ဂျာကင်တစ်ထပ် ဝတ်တာက ကိုယ့်မူပိုင်စတိုင်လ်။ ခပ်တိုတိုဆံပင်မှာ မျက်နှာသွယ်သွယ်က ထင်ရှားပေါ်လွင်စေလျက် နားကွင်းဝိုင်းကြီးပန်သော ခင့်အား ပိုးပိုးတို့က

"တော်ပါသေးရဲ့၊ နင် မိန်းမစိတ် မပျောက်တာလေး"



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက ထိုးမယ်၊ သတ်မယ် တကဲကဲ၊ ဒီကြားထဲ ဆံပင်တိုတို၊ ဘောင်းဘီတွေ စပို့ရှပ်တွေချည်း ဝတ်ခဲ့တော့ ငါတို့က ယောကျ်ားစိတ်ပေါက်နေပြီထင်လို့"

မှတ်ချက်ပေးဖူးသည်။ လွတ်လပ်ပေါ့ပါးခြင်းကြောင့် ယောကျ်ားလေးလို ဝတ်ဆင်ခဲ့တာလည်း မှန်သည်။ ဆတ်ဆတ်ထိမခံ ဇက်ဇက်ကြဲမို့ လက်မြန်ခြေမြန် ရမ်းကားဖူးတာလည်း မများပေမယ့်...

"သူတို့က မတည့်တာပဲ ခေါင်းစဥ်တပ်နေတာ၊ ဒါပေမဲ့ ဖက်ရှင်ကျ ဆင်တူ"

အကြောင်းသိချင်း မိုးပြည့်က ယစ်ရွှေရည်ဝင်တာနှင့် ပြောသင့် မပြောသင့် မသိဘဲ ပြောချလိုက်တာ လူပုံအလယ်မှာ။ ခက်ထန်ခြင်း ရန်လိုခြင်းတွေနှင့် သရော်တော်တော် မျက်ဝန်းနှစ်စုံက ဖျတ်ခနဲ ခလုတ်တိုက်မိပြီး ချက်ချင်းစစ်ခင်းကြသည်။

သူ ဝတ်ထားတာလည်း ခင်နှင့်ဆင်တူ။ နက်မှောင်နေသော ဘောင်းဘီနှင့် လည်သာဂျာကင်အောက်မှာ အဖြူရောင်တီရှပ်က အထင်းသား။ ဒီနေရာမှာ ဆက်ရပ်ပြီး နားထောင်နေ





လျှင် မကြားဝံ့စကားတွေ ထွက်လာမှာစိုးတာကြောင့် ခင်က လူရှင်းရာဘက်ဆီ လျှောက်ရင်းနှင့် ခြံအနောက်ဘက် ရေကန်ကြီးနားအထိ ရောက်လာ၏။

"တမင် ခြံမခတ်ဘဲ ထားတာကွ၊ ဘယ်တုန်းက ရေကန်လဲတော့ မသိဘူး၊ ဒီခြံဝယ်ကတည်းက ပါတာ၊ နွေရာသီဆို ကန်ဘေးသွားပြီး ငါးမျှားချင်မျှား၊ စာအုပ်ဖတ်ချင်ဖတ်၊ လုံးဝအေးဆေးပဲ"

ဒီအိမ်ရှင် အောင်လင်း ပြောတာ ကြားဖူးသည်။ ကန်က ဒီတိုင်းရှိနေတာမဟုတ်ဘဲ ဒယ်အိုးပုံဖြစ်နေတဲ့ မြေချိုင့်ကြီးထဲမှာရှိနေတာမျိုး။ ကန်စပ်ဆီ ဆင်းချင်ရင် မြေလှေကားထစ်လေးတွေ လုပ်ထားတာရှိပြီး တန်ဆောင်မုန်းညရဲ့ လရောင်နဲ့ ကန်ရေက ဖွေးပြက်ဝင်းလက်နေသည်။ မြေချိုင့်ကြီးက သိပ်မနက်ပေမယ့် လှေကားနဲ့ဆင်းရန် လုပ်ပေးထားရသည့် ချိုင့်ဝှမ်းအကြီးစားကြီး။

ရှူးရှူးရှရှ ဟေးခနဲအော်သံနှင့် ရယ်တက်ကြီးလည်သွားတာကို ခင်က လှမ်းမျှော်ငေးတုန်းမှာပဲ တဖျပ်ဖျပ် ပြေးလာသော ခြေသံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

ခနဲ မည်းမည်းအရာတစ်ခု အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်

သည်။ နဝိုကတည်းက အစွန်းထွက်မြေသားပေါ်မှာ ရပ်နေမိတာ

မို့

"အမေ့"

လန့်အော်ပစ်သည့်နောက်မှ လူက လေဟာနယ်ထဲ

ရုတ်ခြည်းယိုင်ကျသွားတာမို့

"ဟိတ်...ဟာ...နေဦး"

"အား"

မိမိရရ ဖမ်းဆွဲသော လက်တစ်ဖက်ကျေးဇူးကြောင့် ခင်

မြေချိုင့်ကြီးထဲ ကျမသွားပေမယ့် ကမ်းပါးယံထက်မှာ တွဲလော

ကြီး။ ဒီတော့မှ အပေါ်မှ တစ်စွန်းတစ ထွက်နေသည့် ကယ်တ

ရှင်မျက်နှာကို မော့ကြည့်တော့

"နင်"

လရောင်ဖွေးဖွေးအောက်မှာ ခင် ငါးစက္ကန့်လော

အသက်ရှူရပ်သွားတာ ကျေးဇူးတင်လွန်းလို့မဟုတ်ပါ။ ဆော





တက်လာသည့် ဒေါသက သတ်ချင်ဖြတ်ချင်စိတ်တွေကို သယ်

ဆောင်လာသောကြောင့်

"ကျွတ်...လေးလိုက်တဲ့ ကိုယ်ခန္ဓာ"

"နင် တမင်ဝင်တိုက်တာမဟုတ်လား"

"ဘာ"

အမူးပြေအောင် ခေါင်းကို ဘယ်ညာခါရင်း သူမ ပြုတ်

မကျအောင် ဆွဲထားရသည့် လက်မောင်းရင်းက ချက်ချင်း အောင့်

ဘက်လာသည်။ ပျော်စေပျက်စေ လောင်းကြေးနှင့် အနိုင်သောက်

ရင်း ကိုကိုက လူနှစ်ယောက်ကို လှဲသိပ်နိုင်ပေမယ့် ခေါင်းထဲ

ချာချာလည် ဝေဒနာထက် အနှံချင်စိတ်က ခံရခက်သဖြင့် လူရှင်း

ရာ ဒီနောက်နားဆီ ပြေးလာခြင်းပါ။

"အခုမှ နားလေးချင်ယောင် ဆောင်မနေနဲ့၊ နင့်အကြောင်း

ငါသိပြီးသား"

"ဟော့...ဟော့...မဆိုင်တာတွေ ထပ်မပြောနဲ့နော်၊ နဂို

ကတည်းက စေတနာရှိတာမဟုတ်ဘူး၊ ဆွဲထားတဲ့တစ်ဖက်ပါ

ပစ်ချလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com

"ပစ်ချပေါ့၊ အစောကြီးကတည်းက ကျစေချင်လို့ ဝင်တိုက်ပြီးတာကို ကျေးဇူးရှင်အမည်ခံပြီး ဇာတ်လမ်းတွေ လာထွင်မနေနဲ့"

"ဟ…နင် တော်တော်ရိုင်းတဲ့ မိန်းမပါလား"

"ဒီထက်ရိုင်းပြဖို့တွေ ရှိသေးတယ်၊ နင့်ဆီက သင်ယူထားတာလေ၊ နင် ဆွဲတင်လည်း ကျေးဇူးမတင်ဘူး၊ အသိအမှတ်မပြုဘူး၊ နောင်တရမှာစိုးလို့ ကြိုပြောထားတာ"

"ဒါဆိုလည်း ပြီးတာပဲ၊ မြွေကိုက်ကိုက် ကင်းပဲထိုးထိုး မသကာ အသက်ရှူရပ်ရုံပဲရှိမှာ…သွားပေါ့"

တမင်ညစ်ကျယ်ကျယ်မျက်နှာနှင့် ကိုကို လွှတ်ချပေးလိုက်တာပါ။ ဒလိမ့်ခေါက်ကွေးကျသွားသံကို ဆုံးအောင်နားမထောင်ဘဲ ဝမ်းလျားမှောက်လှဲနေရာမှ ထရပ်ကာ ရင်ဘတ်မှာကပ်ငြိနေသော သဲတွေ အမှိုက်တွေကို ခါထုတ်ရင်း

"စေတနာကို နားမလည်တာ နေပလေ့စေ"

"ဗွမ်း"

ရေရွှတ်ပြီး လာလမ်းအတိုင်း ပြန်လှည့်မည့် ခြေထောက်





တွေက အမိန့်မရပါဘဲ နေရာတင် တုံ့ခနဲရပ်သည်။ ပခုံးစွန်းမှာ မေးဖျားကပ်တဲ့အထိ လှည့်ကြည့်တော့

"ဟင်"

ပစ်ချခဲ့တာ ကန်စပ်မြေပျော့ပေါ်ကို ရည်ရွယ်ခဲ့ပေမယ့် သူမက ရေကန်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတဲ့အဖြစ်။ လရောင်အောက်မှာ ကန်ရေပြင်ထက် ဘွားခနဲ ပေါ်လာပြီးနောက် ပြန်မြုပ်သွားတာကို ကိုကိုက ကြည့်ရင်း

"မဆိုးပါဘူး၊ လပြည့်ညမှာ ရေဆင်းကူးတာ နင်တစ်ယောက်ပဲရှိသေးတာ၊ အဟွန်း…ထူးခြားတာပေါ့"

ရေရွှတ်ရင်း ခြေလှမ်းပြင်ပေမယ့် စိတ်တို့က ရေကန်ထဲက သူမထံ တဝဲလည်လည်။

"ရေတော့ ကူးတတ်မှာပါ"

တွေးရင်း နောက်တစ်ကြိမ် လှည့်ကြည့်မိတော့ ကန်ရေပြင်က လရောင်အောက်မှာ ငြိမ်သက်တိတ်ဆိတ်လျက်။ ကိုကို ခေါင်းနပန်းကြီးသွားကာ ကန်စပ်ပတ်ပတ်လည်ကို လိုက်ကြည့်သည်။ သူမ ရေကူးပြီး ပြန်တက်လာမလားဆိုသော မျှော်လင့်


www.burmeseclassic.com

www.burmeseclassic.com



ချက်နှင့်။ သစ်ရိပ်မရှိသော ရေကန်စပ်ဟာ လပြည့်ညကြောင့် မီးဆလိုက်ထိုးပေးထားသလို ရှင်းရှင်းလင်းလင်း။

ပြေနေသော အမွှေးရိုန့်က ရုတ်ခြည်းပျောက်သွားသည်။ စိုးရိမ်စိတ်က အဖျားရှိန့်လို တစ်ကိုယ်လုံး ထူပူလာကာ ကိုကို ဘာမှမစဉ်းစားနိုင်တော့။

လှေကားထစ်တွေ ထွင်းထားသော မြေမာပေါ် လက် ထောက်ကာ အားပြုပြီး လွှားခနဲ ခုန်ဆင်းလိုက်တာနှင့် ရေစပ်စပ် ဆီ ဝုန်းခနဲ ကျသွားသည်။ လည်သာရှာကင်တွေ ဖိနပ်တွေကို ရောက်ရာပေါက်ရာ ဆွဲချွတ်ရင်း ကန်ထဲဆီ ဒိုင်ဗင်ထိုးချ၏။

စိမ့်ခနဲအေးသွားသော ကန်ရေအထိအတွေ့နှင့် အတူ ကြည်လင်သော ရေနက်ပိုင်းအောက်ခြေမှာ သူမ။ ကိုကိုက ထို နေရာအထိ မြန်မြန်ဆန်ဆန် ကူးခတ်သွားပြီး သူမကို ရင်ဘတ် နားမှ သိုင်းဖက်ကာ ရေတိမ်ပိုင်းထိ ပြန်ကူးလာခဲ့သည်။ ခြေထောက် နှင့် မြေကြီး စမ်းလို့ရသည့်နေရာမှ ဝုန်းခနဲ ရေပေါ်ထိုးတက်လာ တဲ့အထိ သူမက ကိုကို ဆွဲခေါ်လာသည့်အတိုင်း မလှုပ်မယှက်

ရေကန်စပ်မှ မြက်ခင်းပေါ်အထိ ပွေ့ယူလာကာ မြ





ခင်းပေါ် ချထားရင်း

"ဟော့…ဟော့…ခင်…ဟော့"

မေးရိုးနား လက်ခုံဖြင့် ခပ်ဆတ်ဆတ်ရိုက်ခေါ်ပေမယ့် သူမက မထူး။ ရှေးဦးသူနာပြုစုနည်းတွေကို သိပေမယ့် ရေစိုပြီး အင်္ကျီနှင့်အသားက ကပ်နေသောကြောင့် သူမှာ လုပ်ရမှာ မဝံ့မရဲ။ လရောင်ဟာ အရာတိုင်းကို ပကတိမြင်သာအောင် အလင်းရောင် မြှင့်ပေးထားသလိုရှိတာကြောင့်

"ဟော့…ခင်"

ခေါ်ကြည့်ပေမယ့် မထူးခြားတာကြောင့် ရင်ဘတ်တွေကို အားနှင့် ဖိနှိပ်ပေးတော့မှ ဝေါခနဲ အန်ကျလာသော ရေတွေနဲ့အတူ ညည်းသံသဲ့သဲ့ပေးပေမယ့် သူမက မျက်လုံးဖွင့်မလာခဲ့။ ရေတွေ ထွက်သွားပေမယ့် အသက်ရှူရန် လေကို လိုအပ်သေးတာမို့ ကိုကို က နှုတ်ခမ်းဖွင့်ကာ အားပါးတရ လေကို ရှိုက်သွင်းပြီး သူမရဲ့ နှုတ်ခမ်းဖျားဆီမှတစ်ဆင့်…။

စိတ်ရင်းက အသက်ကယ်ရန်ပေမယ့် အေးစက်သော နှုတ်ခမ်းဖျားတွေက ချက်ချင်းနွေးထွေးသွားတာလည်း သူ သိနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နူးညံ့သော အထိအတွေ့မှာ ယစ်မူးချင်သောစိတ်က တော်
တော်နှင့် ထိန်းချုပ်မရဘဲ ရင်ခုန်သံတွေက အရှိန်းဆန်လာတာလည်း
သူ သိသည်။ မာနနှင့် ညရဲ့ စိတ်ရိုင်းတွေကြားမှာ ရင်ခုန်သံက
လွန်ဆွဲခံရသလို ဟိုဘက်ဒီဘက် ယိမ်းရင်း

"အင်း...ဟင်း"

ညည်းသံသဲ့သဲ့ကြောင့် ခန္ဓာကိုယ်က ထွက်ခွာသွားသော
အသိစိတ်က လှစ်ခနဲ ပြန်နိုဝင်လာသည်။ လူချင်းခွာပြီး သူမကို
စောင့်ကြည့်နေပေမယ့် ကိုကို့မျက်ဝန်းတွေက ထူပြည့်ကာ သွေး
ရောင်လျှမ်းတက်လာသည့် သူမနှုတ်ခမ်းတွေထံမှာပဲ တပ်မက်စွာ
ပျော်ဝင်ရင်း

"အဟွတ်...ဟွတ်...အင်း"

ဖျတ်ခနဲ လူးလွန့်ရင်း အေးစက်သေ အထိအတွေ့ကြောင့်
ငါ ရေထဲရှိနေတုန်းလားဆိုတဲ့ အကြောက်တရားနှင့် မျက်ခွံတို့ကို
ဖွင့်ကြည့်တော့ သူမအပေါ် စီးမိုးကြည့်နေသော မျက်နှာတစ်ခု
စေ့စပ်စွာ စူးစိုက်မကြည့်ရဘဲ ဒါ ဘယ်သူဆိုတာ အမှန်းတရားက
အသိပေးသည်။





"နင်"

လှူးထဲထထိုင်ရင်း သုတ်ခနဲ ထိုးလာသည့် လေအေး
ကိုတောင် ဂရုမထားနိုင်ဘဲ

"နင် ငါ့ကိုဘာလုပ်တာလဲ"

"အဟွန်း"

မဲ့ရွဲ့ပြီး ရယ်သော မျက်နှာချောချောကို ခင်က ဒေါသ
နှင့် စိုက်ကြည့်သည်။ ကိုကိုက ဒူးထောက်ထိုင်နေရာမှ မြက်ခင်း
ပေါ် တမင်ထိုင်ချကာ လက်နှစ်ဖက်ကို နောက်ပစ်ထောက်ထား
ခြင်း

"ဘာလုပ်တယ်ထင်လဲ"

ကြည့်စမ်း...မေးပုံက။ မျက်တောင်ဖျားတွေ စင်းနေ
ဆောင် စိုက်ချပြီး လူကို ရိသဲ့သဲ့ကြည့်ရင်း

"ကိုယ့်ကိုယ်ကိုလည်း သေချာပြန်ကြည့်ပါဦး၊ ပြစ်မှား
မြင်စရာ ကောင်းသလားလို့"

စော်ကားသော စကားတွေကြောင့် ခင် ထိုင်ရာမှထရပ်
သည်။ သူနှင့် အခြေအတင် စကားတွေ မပြောရန် ဆုံးဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား။ ညနက်လာလို့ ဆောင်းလေက အေးစက်လာသည်၊ လူတစ်ကိုယ်လုံး ရေတွေရွှဲထားတာမို့ အချမ်းဓာတ်က ခိုက်ခိုက် တုန်ချင်၏။ ခင်က လက်နှစ်ဖက်ကို ရင်ခွင်ထဲ တင်းတင်းပိုက် ရင်း မြေတွင်းလှေကားထစ်တွေဆီ ခပ်သွက်သွက် လျှောက်သွား သည်။

"နှင်း အခုနေ အပေါ်တက်သွားရင် ဘာဖြစ်မယ်ထ သလဲ ခင်"

"ဘာ"

ဒေါသနှင့်အော်ကာ ဆတ်ခနဲ လှည့်ရပ်တော့ နော နားမှာ နီးနီးကပ်ကပ် ရပ်နေသော သူ့ရင်ဘတ်နှင့် ကိုယ့်နဖူး ဒိန်းခနဲ ဝင်တိုက်သည်။ လက်ထဲ ဘယ်ကဘယ်လို ရောက်လ မှန်းမသိသည့် သစ္စာ့ဘူးပြားလေးကို သူက မော့ချရင်း

"အချမ်းပြေပေါ့၊ ဂျာကင်အိတ်ထဲ ပါလာတော့ ရေ အသင့် ကြာအသင့် ဖြစ်သွားတာမျိုး၊ သောက်မလား၊ ဘဝတ ပေးမှာတာ"

"ဘာမှ တူစရာအကြောင်းမရှိဘူး"





"ငါမြင်တာတော့ အတူတူပဲ၊ နှင်းနဲ့ငါ ရေတွေရွှဲနေတယ်၊ ဆိတ်ကွယ်ရာမှာ နှစ်ယောက်တည်း"

"ကိုကို"

ဒုတိယအကြိမ် ဆောင့်အော်တော့ လှည့်လာသော ချက်နှာကိုကြည့်ရင်း ကိုကိုက သစ္စာ့ဘူးကို နောက်တစ်ကြိမ် ထပ်မော့သည်။ တမင်တကာ သူမ ကြောက်လန့်အောင် ရည်ရွယ် ချင်ခဲ့ပေမယ့် လည်ချောင်းထဲ အလုအယက် ပြေးဝင်သွားသော ယစ်ရွှေရည်က သွေးကြောတွေထဲ တိုးဝင်သွားကာ တစ်ခဏချင်း နွေးထွေးသွားတာတော့ မှန်ပေမယ့် လူက ထူထူပူပူကြီး ဖြစ်လာ ၏။ အနီးကပ်မြင်နေရသော သူမမျက်နှာက နှစ်ကိုယ်ခွဲတွေ ဘာတွေ ဖြစ်သွားပြီ။

"သွားပြီ…ငါမူးသွားပြီ" လို့ သတိရသွားတဲ့အချိန်မှာ ဘူးပြားလေးထဲ ဘာမှမရှိတော့အောင် သူ အရှိန်လွန်သွားခဲ့ပြီ။

"နှင်းနဲ့ငါ့ကား အဖြစ်မှန်အတိုင်း ပြောပြရုံပဲ၊ နှင့်ရဲ့ လှမဆန်တဲ့ အကြောင်းတွေပါ ကြေညာလို့ရသွားတာပေါ့"

"ဟာ..ဟ…ရယ်ရတယ်၊ နှင် ကြေညာသလို ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း ကြေညာခွင့်ရှိတယ်၊ နင်နဲ့ငါ တူတူချိန်းတွေ့ရင်း ရေကန်ထဲ ပြုတ်ကျတာပါဆိုရင်”

“နင် မရိုင်းနဲ့နော် ကိုကို”

“ရိုင်းတော့ ဘာလုပ်ချင်လဲ”

လုပ်ချင်ရာလုပ်ခွင့်မရှိခင်မှာပဲ ခွီးခနဲ မာန်ဖီသံကို သူမတို့ ခေါင်းပေါ်မှ ကြားရကာ မော့ကြည့်တော့ မြေပြင်ပေါ် ရိပ်ခနဲ ခုန်ချလာသော ဖြူဖြူအရိပ်ကြီး။

“အမလေး”

အလန့်တကြား ရှောင်ပစ်တာမို့ ခြေထောက်က ချော်ကျကာ သူမအောက်နားရပ်နေသော ကိုကို့ရင်ခွင်ထဲ ထွေးလုံးပစ်ကျသွားသည်။ အယ်အိုဟောလ်အရှိန်၊ လူတစ်ယောက်လုံးရဲ့ အလေးချိန်တွေ ပေါင်းကာ ကိုကိုက နောက်နားရှိ သစ်ပင်စည်ကြီးနှင့် ကျောကပ်မိသွားဖြစ်ကာ ရင်ခွင်ထဲမှာတော့ မရမက ဆွဲဖက်ထားသည့် သူမ။

“ကြောင်ကြီး”

ခင်က ရေရွတ်ရင်း ကြောင်ကြီးကို မျက်စိတဆုံး လိုက်ကြည့်ကာ ပစ္စုပ္ပန် အခြေအနေကို မေ့သွားသည့်ခဏ။ သစ်ရွက်အကျိုးအကျဲကြားမှ လရောင်က ကွယ်သွားသည်။ မှောင်မိုက်ခြင်းထဲ နွေးထွေးခြင်းပါ သူမထံ ရောက်ရှိနေတာ ခင် သတိရသွားကာ

“လွှတ်စမ်း…ငါ့ကို၊ ဖယ်ပေးစမ်း ကိုကို”

“မလွှတ်ဘူး၊ မဖယ်ဘူး၊ ငါပေးထားတဲ့ ပါးတစ်ဖက်အတွက် လျော်ကြေးတောင်းမလို့”

အငြိုးကြီးတဲ့ အနမ်းတွေဟာ ပါးပြင်ပေါ် ခြေချစမှာပဲ ရမ်းရမ်းကားကား။

“အို…ဟင့်အင်း…လွှတ်စမ်း..နင်..နင်..ငါ့ကို”

နာကြည်းခြင်းစကားတို့ ထပ်ထွက်လာခြင်းမရှိအောင် ထိကပ်လာတဲ့ နှုတ်ခမ်းတစ်စုံအောက်မှာ ဆောင်းညဟာ နွေးမွှန်းတည့်လိုပူလောင်ခြင်းများစွာနှင့်။

ရှန်းကန်နေပါလျက် မလွှတ်နိုင်။ မကြည်ဖြူပါဘဲ လည်စင်းပေးခဲ့ရသော အနမ်းတွေကြားမှာ တဖြုတ်ဖြုတ်ကြွေဆင်းခဲ့တာ







www.burmeseclassic.com

www.burmeseclassic.com



ရှက်တတ်သော အစိတ်အပိုင်းရဲ့ မာနပန်းတွေဆိုလျှင်။

ကံကြမ္မာက ချားရဟတ်လို နိမ့်ဆဲမြင့်ဆဲရှိခဲ့ပါလျက်က အချစ်မပါသော ရင်ခွင်ထဲ အမုန်းတွေနဲ့ သူမ အလဲလဲအပြိုပြို။

❖ ❖ ❖



## အခန်း (၂၂)

"ငါက မင်းတို့နှစ်ယောက် ရန်သူတွေဆိုတဲ့ခေါင်းစဉ် အောက်က ပြောင်းလဲသွားပြီမှတ်လို့၊ အဲဒီညက မင်းတို့ကို လိုက်ရှာနေတာ ခေါင်းတောက်နေတာပဲ"

"အေးလေ..ခင့်ကို ကားပေါ်မှာ သွားတွေ့လို့"

ကိုယ့်နာမည်ပါလာတော့ တမင်နားစွင့်ဖြစ်သည်။ စားပွဲချင်းကပ်ရပ်မို့ ကြားအောင်ပြောတာပဲဖြစ်ဖြစ်၊ သူတို့ပြောတာကို ကြားရတာပဲဖြစ်ဖြစ် ခင်တို့အဖြစ်က လူပြောချင်စရာ ဖြစ်သွားတာတော့ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေတွေစိုနေတဲ့ ခင့်ကိုတွေ့လိုက်တော့ ဒေဝီတို့မှာ ရင်တွေဘာတွေ ထိတ်သွားတာပဲ"

"ဘာလဲ..တစ်ခုခု ကွိုင်ပူရင် နင့်ချစ်ချစ်ဆီ အမှုပတ်မှာ စိုးတာ မဟုတ်လား"

ဒီဘက်ဝိုင်းမှာ ခင်တို့နဲ့အတူ ဥက္ကာရော တင်ကိုပါရှိကာ ဟိုဘက်ဝိုင်းမှာက ကိုကို့ဘေးနား မိုးပြည့်တို့၊ အောင်လင်းတို့က စုံတွဲကိုယ်စီနှင့်။ ခင်တို့ဘက်ရှိ တင်ကိုက လှမ်းမေးတာမို့ ဒေဝီက ခေါင်းထောင်ကာ ဒီဘက်လှည့်ကြည့်ရင်း...

"အဲဒါလည်း ပါတာပေါ့၊ နင့်ဘေးနား ပိုးပိုးကိုထားပြီး ကိုယ်ချင်းမစာတဲ့ မေးခွန်းတွေ ထုတ်မနေစမ်းပါနဲ့"

"မယ်တို့က တကယ်ပြေလည်သွားစေချင်တာ၊ ခင့်ကို သွားမေးတော့ ရေကန်နားက သစ်ပင်အောက်မှာ ကိုကိုရှိတယ်လို့ ပြောတာကိုး၊ နှစ်ယောက်စလုံး ပျောက်နေတာလည်းအတူတူဆိုတော့"

"အေးဟယ်၊ ကိုကို အလံဖြူပြတယ်၊ ဒါဆို တစ်ဝိုင်းစီ ခွဲထိုင်စရာမလိုတော့ဘူး၊ နင်လည်း နေနိုင်တာမှမဟုတ်တာ၊ ခင်





ရေနှစ်နေတာ မျက်နှာမလွှဲဘဲ ကယ်ခဲ့တာပဲ"

"ဒေါ်ခင်ကရော ဘာထူးလို့တုန်း၊ တကယ် မုန်းနေကြည့်၊ အရက်မူးပြီး ရေစိုကြီးနဲ့ သစ်ပင်အောက်လဲနေတာပဲ၊ လေဖြတ်ဖြတ် သေသေပေါ့၊ အဲဒီတုန်းက လေသံကို ငါ မှတ်မိသေးတယ်၊ မြန်မြန် သွားခေါ်ကြဦးဆိုပြီး ငိုသံပါကြီးနဲ့"

"စိုးရိမ်တာတွေ"

"မဟုတ်ပါဘူး ဒေဝီရာ၊ ထားရှိတဲ့ မေတ္တာတရားကြောင့်ပါ"

ကာယကံရှင်နှစ်ယောက်ကို ဘေးနားထားပြီး ငြိမ်းချမ်းရေး တရားဟောနေရင်းက အောင်သွယ်ချင်သည့်ဘက်ကို လမ်းကြောင်း ချော်သည်။ ဥက္ကာက ကျောချင်းကပ်ထိုင်နေသည့် ကိုကို့ကို တွန်း တိုက်ရင်း...

"ငါ့ကောင်ကြီး ရင်ခုန်နေတာလား၊ ပီတိတွေ ပြည့်နေ တာလား၊ ဘာတစ်ခွန်းမှ မပြောနိုင်ဘူး၊ ဝန်ခံလိုက်ပေါ့ကောင်၊ ကြည်နူးစရာမို့လို့ ကြည်နူးတာ၊ ဘယ်သူ့မှ ကြောက်စရာမလိုဘူး"

စရင်းနောက်ရင်းက အချွန်နဲ့ဝင်ပင့်သည်။ ကိုကိုက ပခုံး



www.burmeseclassic.com

www.burmeseclassic.com



တွေလှုပ်အောင် အသံမထွက်ဘဲရယ်ရင်း မီးခြစ်ကို ခြစ်လိုက်၊ အဖုံးကို ထောက်ခနဲ ပြန်ပိတ်လိုက်လုပ်ရင်း‥

"ငါ့ကို ဘယ်ခေါင်းစဉ်အောက် အတင်းတွန်းပို့နေတာလဲ"

"ရန်သူမှ ချစ်သူအဖြစ် ပြောင်းလဲရေးခေါင်းစဉ်"

မိုးပြည့်က ခပ်မြူးမြူးလေး ထအော်သည်။ နှစ်ပိုင်းစလုံးက ထောက်ခံသလို တဟေးဟေး တဟားဟားနှင့် လက်ခုပ်တွေ ထတီးရင်း အခြေအနေက ချက်ချင်းကြည်မွေ့စရာအဖြစ်သို့ ပြောင်းလဲသွားပေမယ့်‥

"ချစ်သူအဖြစ် ပြောင်းလဲရေး‥ဟုတ်လား၊ အဟွန်း‥ ရယ်ရတယ်"

ကိုကို ပခုံးတွန့်ပြီးပြောတော့ အားလုံးအကြည့်က သူ့ထံ ဆိုက်ရောက်လာ၏။ ကိုကိုက ရှေ့တင်ရှိသော စုံတွဲအားလုံးကို ဝေ့ခနဲ တစ်ချက်ကြည့်ရင်း ခပ်သဲ့သဲ့ပြုံး၍‥

"မင်းတို့ ဘယ်လိုပုံချစ်ကြလဲတော့ ငါ မသိဘူး၊ ငါ သိထားတဲ့အချစ်က ယောကျ်ားနဲ့မိန်းမ ဆန့်ကျင်ဘက်သဘာဝချင်း





ဆွဲငင်ကြတာမျိုး၊ ဟုတ်တယ် **ဟုတ်**"

"အေးလေ‥ဖိုမ သဘောအရ ရင်ခုန်တာ ဒါ သဘာဝကြီးက ဖန်ဆင်းပေးထားတာပေါ့"

အောင်လင်းက အတည်ပေါက် ဝင်ဆွေးနွေးသည်။ ကိုကိုက ခေါင်းတစ်ချက် ဆတ်ရင်း‥

"မိန်းမသဘာဝက အားနွဲ့သူ၊ မှီခိုသူ၊ ပြီးတော့ ပုခက်လွှဲသောလက်တွေ ဘာဘာညာညာနဲ့ တင်စားတာရှိတယ်၊ တင်စားထားတဲ့အတိုင်းပဲ နူးညံ့သိမ်မွေ့ခြင်းကို ကိုယ်စားပြုတဲ့ မိန်းမစစ်စစ် တစ်ယောက်ကိုပဲ ငါ ချစ်သူတော်ချင်တာ"

မုန့်တိုင်းရဲ့ဦးတည်ရာက ဘယ်အရပ်ဘယ်ဆီကို မသေချာပေမယ့် ခင်က လေဖိအားနည်းရပ်ဝန်းဖြစ်မယ်ဆိုတာ သေချာနေပြီ။ ထို့ကြောင့် ဒီစကားလမ်းကြောင်းကို ဖြတ်ရန်‥

"ဒီမှာ"

ခင်က လှမ်းခေါ်ပေမယ့် ကိုကိုက နောက်လှည့်မကြည့်ဘဲ လက်တစ်ဖက်ထောင်ပြရင်း‥

"အခု မင်းတို့ ချစ်သူတော်စေချင်တဲ့ တစ်ယောက်ဖို



www.burmeseclassic.com

www.burmeseclassic.com



သေချာအောင် ပြန်မေးလိုက်၊ မိန်းမစိတ်နဲ့ ယောကျ်ားကိုယ်လား၊ ယောကျ်ားစိတ်နဲ့ မိန်းမကိုယ်လားဆိုတာ"

"ကိုကို"

စားပွဲခုံကို လက်နှစ်ဖက်ဖြင့် ပါးစပ်ပြဲအောင် အော်ခေါ်တော့ သူမှတစ်ပါး အားလုံးက အထိတ်တလန့်နှင့် လှမ်းကြည့်သည်။ ကိုကိုကတော့ ပခုံးတွန့်မပျက် အပြုံးရိပ်မပျက်ဘဲ ရှိနေရင်းဖြင့်..

"အဟွန်း..တွေ့တယ်မလား၊ အဲဒါ မစားကောင်းတဲ့အသီး"

ဝုန်းခနဲ ထရပ်တော့ စားပွဲပေါ် အလွတ်အတိုင်း ကျန်နေသည့် အအေးပုလင်းတွေက အလဲလဲအပြိုပြို ဖြစ်ကုန်သည်။ တင်ကိုနဲ့ဥက္ကာက အအေးပုလင်းတွေကို လှမ်းဆွဲသလို ယမင်းက သူမလက်ကိုဆွဲရင်း..

"ခင်..ဒေါသကို လျှော့စမ်းပါ၊ ကိုကို..နင်ကလဲ တော်တော်တရားလွန်တယ်နော်၊ အဲဒီလောက်အထိ လွန်လွန်ကျူးကျူးစရသလားဟဲ့"





မခံမရပ်နိုင် ယမင်းက လှည့်အော်တော့ သူက အပြုံးသဲ့သဲ့ဖြင့် ဒီဘက်သို့ လည်ပင်းလိမ်ကြည့်ကာ..

"နီး..နီး၊ ငါ စတာမဟုတ်ဘူး၊ အတည်ပြောတာ၊ ချစ်ကြတယ်ဆိုတာ နှစ်နိုင်ငံ စစ်မျက်နှာဖွင့်တာမှ မဟုတ်တာ၊ ဘဝနှစ်ခုကို သိမ်မွေ့တဲ့ မေတ္တာတရားတွေနဲ့ ပေါင်းစည်းတာ၊ ငါက ချစ်သူပဲ လိုချင်တယ်၊ အဟွန်း.. ငါ့ကို စိန်ခေါ်ပြီး ပခုံးချင်းယှဉ်မယ့်လူကို ဆောရီး"

ပြောပြတာက ယမင်းကိုဖြစ်ပြီး အကြည့်တွေက ခင့်ထံမှာ။ မျက်တောင်ဖျားတွေ စိုက်ချလျက် မဲ့ပြုံးနှင့် ပြောတတ်သောထိုမျက်နှာချောချောကိုကြည့်ရင်း မျက်ရည်တွေက သစ္စာမဲ့စွာ ဝေ့သီလာသည်။ ဒီတစ်ခါ ဒေါသတွင် မုန်းတီးစိတ်တွေကင်းလျက် ယူကျုံးမရခြင်းတွေနှင့် နှလုံးသားက ဆတ်ဆတ်ခါနေ၏။ ခင်က စကားမပြောသော မျက်ဝန်းတွေနှင့် သူ့အား စူးစူးစိုက်ကြည့်ရင်း..

"ငါက နင့်ကို ချစ်ပါရစေ၊ မေတ္တာထားပေးပါလို့ ပြောခဲ့သလား ကိုကို"

"မပြောတာဘဲ ကျေးဇူးတင်ရဦးမှာ၊ နို့မို့ အားနာစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး..''

''ဖြစ်စရာမလိုပါဘူး၊ နင် ပြောခဲ့သလိုပေါ့၊ မစားကောင်းတဲ့အသီး၊ မချစ်ထိုက်သူကို မချစ်တာဘဲ၊ ဒါ အားနာစရာကိ မဟုတ်ဘူး၊ နင် ကြေညာသမျှစကားကို နင် တစ်သက်လုံး တာဝ ယူနိုင်ပါစေလို့ ငါ ဆုတောင်းပေးခဲ့တယ်''

''ဟဲ့..ဟဲ့..ခင် နေဦးလေ''

ဝိုးဝိုးတို့ရဲ့ခေါ်သံက နောက်ပါးမှာကျန်ခဲ့ပြီ။ အားလုံးကို ကျောခိုင်းပြီး ဆန့်ကျင်ဘက်အရပ်ဆီ မျက်နှာမူလိုက်တာတော ရယ်သံသဲ့သဲ့နှင့် ဒင်းစကားသံက ကျောပြင်ဆီလာမှန်သော အဆိပ်လူးမြားတွေလို..။

''နင် ဆုမတောင်းလဲ ငါ့ဆန္ဒက ပြည့်ပြီးသားပါ ခင်ရဲ စိတ်ကူးတွေနဲ့ ခလုတ်တိုက်မှာစိုးလို့ ပြောပြတာ''

သူ့ရင်ဘတ်ထဲ မွေးမြူထားခဲ့တာ ခင့်အတွက် ကမ္ဘာမကျေ သော အမုန်းတွေပဲရှိသလား။ ရင်ထဲမှာ တဆစ်ဆစ်တိုးဆောင့် သော ဝေဒနာက မွန်းကျပ်စွာနာကျင်လျက်။ ရှိခဲ့ဖူးသော အ အပျက်တိုင်းက အမုန်းကိုအခြေခံပေမယ့် သိမ်မွေ့နူးညံ့ချင်သော





နှလုံးသားသည် ရိုင်းစိုင်းကြမ်းတမ်းသော အနှမ်းတို့ကိုပဲ တပ်မက်စွာ တောင့်တမိပြန်သည်။

လရောင်မပီမသကြားမှာ ခင်က နှစ်လိုခြင်းမရှိဘဲ လဲပြို ခဲ့သော ရင်ခွင်တစ်ခု။

အို..သွားစမ်းပါ။ ခေါင်းကို ခပ်ကြမ်းကြမ်း ခါထုတ်တော့ မျက်ရည်စတွေက အဝေးသို့ လွင့်စင်သွား၏။ နှလုံးသားနှင့် ခံစား ဘတ်သူတိုင်း အသည်းကွဲဖူးကြပါလိမ့်မည်။ ဒါပေမဲ့ ခင်က မချစ်ရ သေးခင် အသည်းကွဲခဲ့တာကြောင့်..။ တကယ်ဆို ခရီးက မစရ သေးဘဲ ဆုံးခဲ့တာမျိုး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟယ်..မဖြစ်နိုင်တာ ခင်ရယ်၊ ဒီတိုက်ခန်းကလည်း နှင့်အခန်းကိုပဲ၊ နှင်မရှိဘဲ ဘယ်လိုသွားနေမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"ဟုတ်သားပဲ တူမကြီးရယ်၊ အားလုံး အဆင်ပြေနေ တာပဲ၊ တို့က မိသားစုတွေလိုလည်း ဖြစ်နေပြီ၊ တူမကြီးစိတ်ထဲမှာ အဆင်မပြေတာရှိရင် ဦးလေးကြီးတို့ကို ဖွင့်ပြောပြလေ၊ အားလုံး ဝိုင်းပင်ပြီး ဖြေရှင်းပေးလို့ရတာပေါ့"

"ငါတို့ ဒီအိမ်ကို ဝင်ထွက်နေတာများ နင် သဘောမကျ လို့လား ခင်ရယ်"

ဥက္ကာက တကယ်စိုးရိမ်တကြီးအသံနှင့် ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့အကြည့်တွေဟာ ခင့်မျက်နှာပေါ်မှာ တဝဲလည်လည်နှင့် သူမအဖြေကို မျှော်လင့်နေကြတာမျိုး။ ခင်က သက်ပြင်းရှိုက်ရင်း မစားဖြစ်သေးသော ထမင်းပန်းကန်ပေါ် ဇွန်း၊ ခက်ရင်းကို ချကာ..

"ငါ ဒီစကားပြောလိုက်တိုင်း နင်တို့ အဲဒီလိုထင်မှာစိုးလို့ မပြောဖြစ်ဘဲထားတာ တစ်လနီးပါးရှိပြီ"

"ဒါဆို နင်က လွှန်ခဲ့တဲ့တစ်လကတည်းက"

ယမင်း မေးချင်တာကို ခေါင်းညိတ်ပြတော့ ပင့်သက်ရှိုက်သံတွေ ကျယ်လောင်လာတာ အတိုင်းသားကြားရသည်။

"ငါ ဒီကထွက်သွားမှာ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး ငါ့အဘွားလေးပေးထားတဲ့ တိုက်ခန်းတစ်ခန်းရှိတယ်"

"အကြောင်းပြချက်ကောင်းအောင် နင် ပြောနေတာလား ခင်၊ နင့်နှစ်ဖက်အဘိုးအဘွား ချမ်းသာတာရော၊ နင့်ကို သည်းသည်းလှုပ်ချစ်တယ်ဆိုတာပါ ငါတို့က သိပါတယ်၊ နင့်နာမည်နဲ့ မြေကွက်တွေ၊ တိုက်ခန်းတွေ အများကြီးပေးခဲ့တယ်ဆိုတာလည်း ငါတို့ သိသားပဲ"

ပိုးပိုးက ဝင်ပြောရင်း သိသိသာသာ ချောင်ကျသွယ်လျသွားတဲ့ ခင့်မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်သည်။ ကိုကို့





နောက်ဆုံး ပြဿနာဖြစ်ပြီးကတည်းက ခင်က အိပ်တဲ့အချိန်မမှန်တော့။ သူတို့တစ်တွေတက်သော UFL က ဒီပလိုမာမို့ ညနေသင်တန်းချိန်မျိုးပါ။ အခါတိုင်းဆို ကိုကိုနှင့် မျက်နှာကြောမတည့်ပေမယ့် ကျောင်းပျက်မခံခဲ့တဲ့ ခင်က အခုတော့ ပျက်ရက်တွေ များလာပြီ။

အားလုံး အိမ်မှာရှိချိန်ဆိုလည်း စာအုပ်တစ်အုပ်နဲ့ပဲဖြစ်ဖြစ်၊ လက်ပ်တော့ဖွင့်ကာ အင်တာနက်ထဲဝင်မွှေတာမျိုးပဲဖြစ်ဖြစ်နှင့် ငြိမ်ချက်သားကောင်းနေတာ အမှန်။ ဒီလိုနေခြင်းက အခုလို ခွဲထွက်သွားမှာမို့ ကြိုတင်ပြင်ဆင်နေကြောင်း ဒီနေ့မှ သိလိုက်ရတဲ့အဖြစ်။ ခင်ကတော့ ထမင်းကို စိတ်မပါတပါစားရင်း...

"ငါ အဲဒီအခန်းလေးကို စိတ်တိုင်းကျ ပြန်ပြင်မယ် ရည်ရွယ်ထားလို့"

"ဒီကနေ သွားပြီး ပြင်လို့ရော မရဘူးလားဟယ်"

"အေးလေ..နင့်ကို ငါတို့ပါ ဝိုင်းကူပေးလို့ရတာပဲကို"

တင်ကိုက ဝင်ပြောတော့ ပိုးပိုးက ခေါင်းညိတ်ကာ...

"အခန်းပြင်ဖို့ကိစ္စ တစ်ခုတည်းနဲ့တော့ နင် ဒီကခွဲထွက်သွားဖို့ မလိုပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ယောက်တည်း နေချင်လို့ပါ"

ခင့်ရဲ့အသံက ခပ်ပြတ်ပြတ်။ စားချင်စိတ်မရှိသော ထမင်းပန်းကန်ဆီသို့ ဖွန်း၊ ခက်ရင်းတွေပါ ချရင်း ခုံမှာကျောမှီကာ တောင့်တောင့်ထိုင်ပုံက အားလုံးကိုရင်ဆိုင်ရန် အသင့်ဆိုတဲ့ ပုံစံမျိုးလား။ ခင်က အသင့်ရှိသော ရေဖန်ခွက်ကို တစ်ကျိုက်မော့သောက်ပြီးမှ...

"ငါ ဆုံးဖြတ်ပြီးပြီ၊ အိမ်ကိုလည်း အကြောင်းကြားထားပြီးပြီမို့ နင်တို့ ဒီမှာပဲ နေခဲ့ကြပါ"

ဆတ်ခနဲ ထရပ်တော့ ခြေထောက်တွေက ထိုင်ခုံကို တွန်းထုတ်ပြီးသားဖြစ်သွားသည်။ ထမင်းဝိုင်းမှ လှည့်ထွက်ရင်း ပဟေဠိမျက်ဝန်းတွေ ကိုယ့်ကျောပြင်မှာ ကပ်ပါလာမှာ သိသိကြီးနှင့်...။

တစ်ခါတစ်ရံမှာ ကိုယ် ချမှတ်သော ဆုံးဖြတ်ချက်တွေက ကိုယ့်ကို နာကျင်စေတတ်ဟာ ဘယ်သူသိမှာတဲ့လဲ။

❖ ❖ ❖



## အခန်း (၂၄)

"ဒါ ငါ့အပြစ်လို့ ပြောချင်တာလား"

"မခံယူလဲနေပါ ကိုကို၊ အပြစ်ဆိုတာမျိုးက ကိုယ်တိုင်မသတ်မှတ်ဘဲ ဒေါသလူက ဘယ်လောက်လက်ညှိုးထိုးထိုး ပီပြင်တဲ့ အရာမှမဟုတ်တာ၊ ကိုယ်မှားတာ ကိုယ်သိမှ"

"ဟား"

ကိုကိုက ကုရှင်ကို ဆောင့်ခနဲမှီ၍ ခေါင်းမော့ပြီး အော်သည်။ ပြီးမှ ဂျယ်လ်တွေနဲ့ ရှေ့နောက်တိုးဖွထားသော ရွှေအိုရောင် ဆံပင်တွေကို ဆွဲဖွကာ...



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ငါ့ကြားက ပဋိပက္ခက အခုမှမဟုတ်ဘူး ဉက္ကာ"

"ဒါပေမဲ့ ဒီပဋိပက္ခက နိုင်လိုကြေးနဲ့ ပြောလို့မရမှန်း မင်း သိရမှာပေါ့၊ သူက မိန်းကလေး၊ မိန်းကလေးမာန၊ မိန်းကလေး သိက္ခာ"

"ကျွတ်··တော်စမ်းပါ၊ အဲဒီလောက် မာနတွေသိက္ခာတွေ ကိုးကွယ်ချင်နေရင် မိန်းမနဲ့တူအောင် နေပေါ့၊ နဝိုကတည်းက ကြည့်မရတာ၊ အဲဒီ ကျား,မကျ မ,မကျ ပုံစံကို"

စတီယာရင်ကို ဒေါသနှင့် လက်နှင့်ပုတ်ကာ ပြောနေပုံက မခံချိမခံသာဖြစ်နေတဲ့အတိုင်း။ ဉက္ကာနှင့် တင်ကိုက တိတ်တမ်း ပင့်သက်ရှိုက်ရင်း နောက်ကြည့်မှန်ထဲမှာ မျက်လုံးချင်းဆုံတာက ဘာဆက်လုပ်ကြမလဲလို့ အသံတိတ် တိုင်ပင်သည့်သဘောပါ မနက်စာ ထမင်းဝိုင်းမှာ သွားတော့မည်ဟု နှုတ်ဆက်ထားသူက ဒီညနေမှာ အိမ်ပြောင်းတော့မည်။

"ခင် ပစ္စည်းတွေ သိမ်းနေတယ် ဉက္ကာရယ်၊ တကယ် ငါ ငိုချင်တယ်၊ ခင်က လိုက်ပို့ခွင့်လေးတောင် မပေးဘူး"

ယမင်းက သူ့ထံဖုန်းဆက်ပြီး လှမ်းပြောသလို···





"လိပ်စာလည်း ပေးမသွားဘူးတဲ့၊ အတန်းတက်ရင် တွေ့နေရမှာပဲလို့ ခင်က ပြောတယ်တဲ့"

ပိုးပိုးထံမှ သတင်းရသူ တင်ကိုက ကြားရသမျှဖလှယ်ပြီး အဖြေထုတ်သောအခါ ဒီကိစ္စရဲ့တရားခံက ကိုကိုဆိုတာ ငြင်းချက် မရှိအောင် သေချာလွန်းလှသည်။ ထို့ကြောင့် နေ့ခင်းတစ်နေ့ခင်းလုံး ပတ်ဝန်းကျင်နှင့် ခွေမျိုးဖြတ်ကာ အိပ်တတ်သော ကိုကို့အား သင်တန်းသွားခါနီး ကားပါကင်မှာ သူတို့ တရားချနေခြင်းဖြစ်၏။ ကိုယ်က ဘယ်လောက်တရားပြပြ ခံယူသူအပေါ်မှာ အများကြီး တူတည်တာမို့··

"မင်း စိတ်လေး နည်းနည်းလျှော့ပြီး"

"ဘာလဲ၊ မသွားပါနဲ့လို့ လက်ပြေးဆွဲပြီး တောင်းပန်ရ မှာလား"

ဟော··ကြည့်။ တင်ကို့စကား မဆုံးသေး။ ကိုကိုက ရှူးရှူးရှဲရှဲနှင့် ဒေါသဖြစ်နှင့်နေပြီ။

"အလကား၊ သူ့ဟာသူ ဘာစတာန့်ထွင်မှန်းမသိတဲ့ကိစ္စကို ငါ့ပါ အမှုတွဲထဲ ဆွဲသွင်းသွားသေးတယ်၊ တကယ်တမ်း ငါ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပြဿနာဖြစ်ပြီး တစ်ပတ်အတွင်း ကွဲပါလား၊ အခုတော့ မေ့လောက်နေပြီးမှ တစ်ရေးလာနိုးနေတယ်"

ကိုကိုက ဒေါသတွေဖြစ်ပြီး ပြောတဲ့စကားကြောင့် ဥက္ကာတို့တောင် တွေတွေဝေဝေဖြစ်သွားသည်။ ကိုကို့ဘက်က ကြည့်တော့လည်း ဟုတ်တာပဲ။ အတော်ကြီး သွေးအေးသွားမှ သူမက ဒီအိမ်က ထွက်သွားမယ်လုပ်တာ။ ဒီပြဿနာက တစ်လကျော်ကျော်လောက်တောင် ရှိခဲ့ပြီ။ တန်ဆောင်တိုင်ကဖြစ်ခဲ့တာမို့ အခု နှစ်သစ်ကူးခါနီးပြီဖြစ်တာကြောင့် အချိန်က တစ်လကျော်နီးပါး။

ဖျောင်းဖျရမည့် စကားတွေ နှစ်ယောက်စလုံးမှာရှားပါးပြီး ကားထဲတိတ်ဆိတ်သွားချိန် ကားပါကင်ကိုဆင်းလာသော ခတ်လေ့ကားတံခါး ရုတ်ချည်းပွင့်သွားပြီး…

"ခင်ကွ"

တင်ကိုက တိုးတိုးရွတ်သည်။ အနီရောင်လပ်ဂေ့(ချ်)ဆွဲထွက်လာတဲ့ သူမ။ မျက်ခုံးနားအထိ ခပ်ဝဲဝဲကျနေသော ရှေ့ဆံပင်တွေကို ဘီးကုတ်အပြားကြီးနှင့် သိမ်းတင်ထားတာကြောင့် မျက်နှာက ရှင်းရှင်းလင်းလင်း။ တွေ့နေကျအခါများစွာကလို တီရှပ်တွေ





ဂျင်းတွေနဲ့မဟုတ်ဘဲ အနက်ပေါ် အနီပွင့်ပါတဲ့ ဂါဝန်တိုနှင့် အသားကပ်ဘောင်းဘီက ဒူးကျရုံလေးကို ခြေမျက်စိအထက်နားထိ ကြိုးတွေသိုင်းထားသော ဒေါက်မြင့်ဖိနပ်နှင့်။

အမြဲတည်တင်းနေသော မျက်နှာမှာ ခက်ထန်ခြင်းထက် ညိုးရိပ်တွေ ဆင်နေသည်လား။ တစ်ခဏလေး စိုက်ကြည့်မိရုံနှင့် သူမ မျက်နှာထက်က ကောက်ကြောင်းလေးတွေကို အဓိပ္ပာယ်ဖော်သလိုဖြစ်သွားသည့် သူ့အဖြစ်သူ သတိထားမိတော့ ကိုကို့မျက်နှာ ရှိန်းခနဲထူပူသွား၏။ ဥက္ကာတို့ သတိထားမိလေသလား။ နိုးစိတ်နဲ့ ငဲ့ကြည့်တော့ နှစ်ယောက်စလုံး အာရုံက သူ့ထံမရှိဘဲ‥

"ငါတို့ နောက်ကနေ လိုက်ကြည့်မလား တင်ကို"

"အာ‥တက္ကစီ ငှားရမှာပေါ့၊ ဒီထိပ်မှာ တက္ကစီက လွယ်လွယ်မရနိုင်ဘူးလေ၊ မင်းကလည်း အစောကြီးကတည်းက စီစဉ်ထားတာ မဟုတ်ဘူး၊ ကားငှားပြီး ကြိုစောင့်နေရင် ပြီးတာမဲကိုး"

"သိဘူးလေ၊ သူက သင်တန်းတက်ပြီးမှ သွားမယ်မှတ်တာပေါ့"



www.burmeseclassic.com

တော်တော်တရားကျဖို့ ကောင်းသည်။ သူ့ကားပေါ်ထိုင်ပြီ

တက္ကစီငှားရေး မငှားရေး ဆွေးနွေးနေသူတွေကို ကိုကိုက အခြ

ပေါက်ပေါက်နဲ့…

"ကဲ..ပြီးပြီလား၊ မင်းတို့ရဲ့ မစားရအညှော်ခံကိစ္စ၊ ဟိုး

ထွက်သွားပြီ၊ ဘာဆက်လုပ်မှာလဲ..ပြော"

အလိုက်တသိ စကားလမ်းကြောင်းပေးပေးမယ့် တင်ကို

ကားတံခါးဖွင့်ဆင်းရင်း…

"ငါ ပိုးပိုးကို စောင့်ခေါ်လာပြီးမှ သင်တန်းလိုက်ခဲ့မယ

ခင် မရှိတော့ ကားလည်းမရှိတော့ဘူးလေ၊ သူတို့ သွားရေးလာ

အဆင်မပြေဖြစ်နေမှာ"

ဆိုတော့ ဥက္ကာကပါ သူ့ဘေးက အမောတကော

ဆင်းရင်း..

"ဒါဆို ငါလည်း နေခဲ့မှာပေါ့၊ ယမင်းတစ်ယောက်တည်

အဖော်မဲ့နေမှာ"

ကိုကိုက ကားစက်နှိုး၍ တစ်ခါတည်း မောင်းထွက်

ကာ ပြတင်းပေါက်မှ လက်တစ်ဖက်မြှောက်ပြနှုတ်ဆက်ခဲ့သည်





နှစည်းဖို့ ခက်ခဲသလောက် ပြိုကွဲရန်လွယ်ကူသည်ဆိုသော စကားက

ဘာကယ်မှန်ခဲ့တာ ဒက်ထိ။ နဂိုက သင်တန်းသွားကြလျှင် ကား

နှစ်စီး ရှေ့ဆင့်နောက်ဆင့်ကို သူတစ်ပြန်ကိုယ်တစ်ပြန်ကျော်တက်ရင်း

မောင်တို့ ကျော်သွားလျှင် ဥက္ကာနှင့် တင်ကိုက ဟေးခနဲဟားခနဲ

ပြတင်းပေါက်မှ အော်ကြသလို သူမ ကျော်တက်လျှင် ယမင်းတို့

နှစ်ယောက်က..

"ဘိတ်ချေးကုလား ငါ့အီးစား"

မခံချင်အော် အော်ကြတာမျိုးလည်းရှိသည်။ ပြိုင်ရတာ

မပျော်ပေမယ့် ပျင်းစရာတော့မကောင်း။ အခုတော့ တစ်ယောက်

တည်း တိတ်ဆိတ်စွာ ကားမောင်းရတာကို အထီးကျန်ဆန်လွန်း

နေတာမို့ ကိုကိုက ကားကက်ဆက်ကို ဖွင့်တော့…

*× × နေတတ်သလို နေပါတော့ × × ပြော × ×*

*နေတတ်သလို နေပါတော့ကွယ် × × နင်ရောက်ရှိတဲ့ အရပ်ဆီမှာ*

*နင်ပျော်အောင် ငါ ဆုတောင်းလို့ ပေးပါတယ် × ×*

လင်းလင်းရဲ့ နေတတ်သလိုနေပါတော့ သီချင်းက လူကို

လှောင်ပြောင်သီဆိုနေသလို။ ကိုကိုက ဒေါသနှင့် သီချင်းကို ပိတ်

www.burmeseclassic.com



ပစ်ရင်း လီဗာကို ဆောင့်နင်းတော့ ကားက သူ့အလိုကျ ဝေါခနဲ ပြေးထွက်ပေးသည်။ ဒါပေမဲ့ ရင်ထဲ အလိုမကျနေတာ ဘာကြောင့်များလဲ··။

❖ ❖ ❖



## အခန်း (၂၅)

"ကျွန်တော့် လည်သာဂျာကင် တွေ့မိလား လေးလေး"

"ရှိမှာပေါ့၊ မင်းဗီရိုထဲမှာ"

"မတွေ့လို့ မေးတာပေါ့ဗျာ"

"ဟ··မတွေ့တိုင်း လာမေးရအောင် ငါက မင်းအင်္ကျီ ဘယ်နှထည်ရှိတယ်၊ ဘာအမျိုးအစားတွေဆိုပြီး လိုက်ရေတွက်နေတဲ့ကောင် မဟုတ်ဘူးကွ"

"လေးလေးတို့ကလည်းဗျာ စကားပြောတာ မပြေမပြစ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်နောက်ကိုယ်ပါသည့်အတိုင်း တံခါးရွက်ကို ဒိုင်းခနဲ ဆောင့်ဖွင့်ပစ်သည်။ ထစ်ခနဲရှိရင် ခြေမြန်လက်မြန်မို့ နာမည်တွင်တော့ ဒီကောင်က လူရမ်းကား။ ကိုယ့်ကို ဒေါသမထွက် ထွက်အောင် စနေသည့် ဘေးပတ်ဝန်းကျင်ကတော့ အပြစ်မဲ့သည်ပေါ့။ ဒီလိုလား။

အခုလည်း တစ်မိုးအောက်တည်းနေပြီး ဂိုဏ်းဂဏတွေကွဲနေတဲ့အဖြစ်။ မိုးလင်းတာနှင့် ဟိုနှစ်ကောင်က ရည်းစားတွေ ကိုယ်စီနဲ့မို့ ဘရိတ်ဖက်စ်အတူစားကြ၊ လမ်းလျှောက်ထွက်ကြနှင့် သူနှင့် မဆုံဖြစ်တာ ကြာပြီ။ ဆုံဖြစ်တော့လည်း မသင့်မြတ်ခြင်းက သုံးယောက်ကြားမှာ ဖွဲ့တည်ခဲ့တာ ခင် မရှိတော့ကတည်းက။

"မင်းတို့က မ,ဘက်လိုက်တော့ မိုက်ဘက်ပါတာပေါ့"

သူက မဲ့ရွဲ့ပြီးပြောလျှင်···

"မင်းကတော့ တော်ပါတယ်၊ ဘယ်ဘက်မှမပါဘဲ မိုက်နေတာကိုက ချီးကျူးချင်စရာကောင်းနေပြီ"

အဲဒီလို အတွေ့အငေါ့တွေကြားမှာ ဦးလင်းကပါ ဟိုနှစ်ကောင် ဘက်တော်သား။ အခုလည်း ဟိုနှစ်ကောင် ဟိုဘက်ခန်း





းတာနဲ့ သူပါ လိုက်ဖို့ပြင်ဆင်နေရင်းက··

"ငါတို့ကတော့ စကားပြောရင် ဒီလိုပဲ၊ ပြေပြေပြစ်ပြစ် ရှိဘူး၊ မင်း သည်းမခံနိုင်ရင် မပြောမိအောင် ဆင်ခြင်"

ကိုယ်ကပဲ ပြန်တောင်းပန်ရတော့မလို။ အခန်းဝ၌ ရပ်နေသော သူ့ကိုတွန်းတိုက်ပြီး လေးလေးကထွက်တော့ ကိုကိုက မှုန်သာတောနှင့်···

"ဒါ ဘယ်လဲ"

"သြော်··ယမင်းတို့ အိမ်ပြန်ကြတော့မှာလေ၊ နှုတ်ဆက်ပွဲ ဖိတ်ထားလို့"

"ဟွန်း··ကြီးကြီးကျယ်ကျယ် လုပ်လို့"

"မကြီးကျယ်ပေမယ့် လူရွေးဖိတ်တဲ့ပွဲဆိုတော့ သန့်ပါတယ်၊ ဒါကြောင့် ငါတို့က သွားတာ"

ကြည့်··ကပ်ဖဲ့သွားတာ သိသိကြီးနှင့် ကိုကို့မှာ မဆိုင်သလို အံကြိတ်နေလိုက်ရတဲ့အဖြစ်။

"ကောင်းတယ်··သွားကြ၊ ငါတစ်ယောက်တည်း နားအေးပါးအေးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ခပ်ရွဲ့ရွဲ့ပြောရင်း ဗီရိုဆီ ပြန်လျှောက်လာခဲ့တာ ဂျာကင် ရှာရန်အတွက်ပါ။

"ခင်က ဒီမှာနေခဲ့မှာ၊ ငါတို့နဲ့ ယမင်းတို့ပဲ ပြန်မှာ"

အသံက နားထဲကြားယောင်လာတော့ ဒီနှုတ်ဆက်ပွဲ သူမ လာမလားဆိုတာ သိချင်သွားသည်။ လက်တွေက အ ထပ်တွေကြား အကြောင်းမဲ့ မွှေနှောက်ရှာနေပေမယ့် အာရုံမှာ နေတာ ပြောင်းလဲသွားသော သူမ။ ဒီအိမ်က ပြောင်းသွား ကတည်းက ဘယ်ဆီနေတယ်မှန်းမသိပေမယ့် သင်တန်းချိန်တေ မှန်မှန်လာတက်သည်။

လာတက်တော့လည်း အချိန်နီးမှ ကျောင်းဝင်းထဲရော လာကာ သူတို့အုပ်စုရှိသော ကင်(န်)တင်းဘက် တစ်ချက်တော ငဲ့မကြည့်ဘဲ အတန်းဆီသာ တန်းသွားတာမျိုး။ ဒေဝီကတေ အားလုံးထဲမှာ အားမနာစတမ်း စကားဆိုသူမို့…

"တွေ့လား၊ ဒီကိုတောင် မလာတော့ဘူး၊ အဲဒါ ကြောင့် သိလား ကိုကို"

"သိသားပဲ၊ သူ ငါ့ကို ကြောက်သွားတာ"





သူက မခိုးမခန့်ပြောလျှင် ဒေဝီက မျက်စောင်းရွယ်ကာ ပိုးပိုးကတော့…

"လေကောင်းလေသန့် ရှူချင်လို့နေမှာပေါ့၊ ဒီပတ်ဝန်း ကျင်က အောက်ဆီဂျင်ထဲ အတ္တစိတ်တွေသင့်နေတော့၊ ငါ့ သူငယ် ချင်းလေးက ရှောင်တာနေမှာ"တဲ့။

အားလုံးရဲ့အမြင်မှာ သူက လူကြမ်းကြီး။

"ကျွတ်"

အတွေးထဲက ဒေါသဖြစ်စရာကို မောင်းထုတ်ရင်း အင်္ကျီ တွေ ချိတ်ထားသော အကန့်ကိုဆွဲဖွင့်တော့ အနက်ရောင်လည်သာ ဂျာကင်က အင်္ကျီချိတ်မှာ ချိတ်လျက်သားနှင့် သူ့ကို လှောင်ပြောင် နေသလို။

"ရှာနေတာကြာပြီ၊ အခုမှ တွေ့တယ်"

ချိတ်မှဆွဲဖြုတ်ပြီး လက်ထိုးသွင်းကာ တစ်ခါတည်း ဝတ်သည်။ မှန်ရှေ့သွားရပ်ပြီး ဂျာကင်ကို စမတ်တကျဖြစ်အောင် ရင်ဘတ်နှစ်စကိုဆွဲချစဉ် ဘယ်ဘက်ရင်ဘတ်အိတ်ထဲမှ ခိုးလုခိုးလု ဖြစ်နေသော အရာတစ်ခု။


www.burmeseclassic.com

www.burmeseclassic.com



"အိတ်ထဲက ဘာကြီးလဲ"

အိတ်ထဲလက်နှိုက်ပြီး ပြန်ဆွဲထုတ်တော့ ပါလာတာက ငွေရောင်နားကွင်းဝိုင်းကြီး။ ကိုကို့မျက်ခုံးတွေ ဆတ်ခနဲကျုံ့သွားရသည်။ ဂျယ်လ်လိမ်း၍ ဆံပင်ပုံသွင်းမည့်အစီအစဉ်က နားကွင်းဝိုင်းကြီးတွေ့ရသောအချိန်မှာပဲ စနစ်တကျ ပျက်စီးသွားပြီဖြစ်၏။

"ဒါ ဘယ်သူ့ နားကွင်းလဲ"

မိန်းကလေးတွေ တပ်လေ့ရှိသော နားကွင်း။ လက်ဖဝါးပေါ် နားကွင်းတင်ရင်း အတွေးတွေက အတိတ်ဆီ တစ်ပတ်ပြန်ပြေးသွားတော့ ဒီဂျာကင် နောက်ဆုံးဝတ်ခဲ့တာ တန်ဆောင်တိုင်ညနိဗ္ဗာန်ဈေးပွဲတော်။ ပြီးတော့ ရေနစ်သော သူမ။

"အဲဒီတုန်းက ကျန်ခဲ့တာလား"

တစ်ယောက်တည်း ရေရွတ်ရင်း နှုတ်ခမ်းပါးမှာ ပြုံးရိပ်ထင်သည်။ အဲဒီတုန်းက အရက်ဘူးပြားလေး မော့သောက်ရင်း သူမကို ငြိမ်းခြောက်ခဲ့တာ ခပ်ရေးရေးသတိပြန်ရ၏။ ပြီးတော့ ဆွဲလားရမ်းလားနှင့် သူ သစ်ပင် ပင်စည်ဆီ ပစ်ကျသွားတာလည်း အမှတ်ရသည်။ သူ့ကို မိုးပြည့်တို့ လာတွဲတာရော၊ အားလုံးက





ပြန်စဉ်းစားရင်း သတိရပေမယ့် ထင်ထင်ရှားရှားတော့ မရှိ။ ခေတ်ယောင်း ရုပ်ရှင်ကားလို မှုန်ဝါးဝါး မပီမသ။

ကိုကိုက လက်ဖဝါးထဲမှ နားကွင်းကို ဖျတ်ခနဲပြန်ဆုပ်ရင်း အခန်းထဲက ထွက်သည်။ ခြေလှမ်းတွေက မူလရည်ရွယ်ချက်အတိုင်း အပြင်ထွက်ရန် အခန်းတံခါးပိတ်ပြီး ဓာတ်လှေကားဆီ လျှောက်ခဲ့၏။ ရှေ့အခန်းကတော့ နှုတ်ဆက်ပွဲဆိုပြီးတော့ အသံတွေ တိတ်နေတာကို ပခုံးတွန့် တွေးပြုံးရင်း ကားပါကင်ထဲထွက်ရန် ခြေလှမ်းအပြင်...

"ငါ မေမေတို့ကို ဖုန်းဆက်ထားပြီးပြီ၊ ဒီမှာ ဒီဇိုင်နာ သင်တန်းဆက်တက်မှာမို့ ပြန်မလာနိုင်တာလို့၊ နင်တို့ကိုမေးရင်လည်း အဲဒီအတိုင်း ပြောပေးနော်"

"နင့်အိမ်ကို ငါတို့ သေချာပေါက်ပြောပေးမှာပါ၊ နင် နေရောကောင်းရဲ့လား ခင်၊ အစားအသောက်ရော အဆင်ပြေရဲ့လား ဟယ်၊ တစ်ယောက်တည်း နေရတော့လေ"

လူတွေကို မမြင်ရပေမယ့် စကားသံတွေက လေအသင့်မှာ အတိုင်းသားကြားနေရသည်။ ကိုကိုက လှမ်းလက်စခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အိတ်တိုင်ကြီးအကွယ်မှာရပ်ရင်း ရိုင်းတယ်ပဲပြောပြော ဘာကြောင့်မှန်းမသိဘဲ သူမတို့ပြောသမျှ ကြားချင်နေ၏။

"ငါ နေကောင်းပါတယ် မိပိုးရဲ့"

"နေကောင်းတယ်သာ ဆိုတယ်၊ နင့်မျက်နှာတွေ ချောင်ကျနေတာပဲ၊ မျက်နှာက ဝိန်ပြီး ကိုယ်လုံးက ဝနေသလိုပဲနော်ခင်"

"ဂါဝန်အကားကြီး ဝတ်ထားလို့ပေါ့ဟဲ့၊ ငါ သွားတော့မယ်၊ နင်တို့မင်္ဂလာဆောင်ကျရင် ငါ့ကို ကြိုအကြောင်းကြားဦးသိလား"

"အေးပါ၊ လာကြတုန်းက အတူတူကို၊ သင်တန်းပြီးလို့ပြန်တော့ နင်မပါတာ ရင်ထဲမှာတစ်မျိုးကြီးပဲ ခင်ရယ်၊ ငါ နင့်ကို စိတ်မချဘူး၊ ပြီးတော့ နင့်ကြည့်ရတာ အရင်လိုမဟုတ်ပါဘူး၊ တစ်ခုခုကို နင် ဖုံးကွယ်ထားသလိုမျိုး"

လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော နားကွင်းတစ်ဖက်ဟာ ချွေးစေးတွေကြောင့် စီးထန်းစိုထိုင်းလာတာ ဘာကြောင့်မှန်းမသိ။





"ဖုံးကွယ်စရာ ဘာရှိလို့လဲဟယ်၊ အားလုံး နော်မယ်ပဲ၊ ငါ နေလည်းကောင်းတယ်၊ အားလုံးလည်း အဆင်ပြေတယ်၊ ကဲ.. ငါ သွားပြီ၊ တော်ကြာ မှောင်နေမှာစိုးလို့၊ နင်တို့ချစ်တဲ့သူတွေနဲ့ သက်ထုံက်ဆုံး ပျော်ပျော်ရွှင်ရွှင် လက်တွဲရပါစေလို့ ငါ ဆုတောင်းပေးတယ်..တော့တာ"

နှုတ်ဆက်သံ၊ ကားတံခါးပိတ်သံတွေနှင့် စက်နှိုးကာ ထွက်သွားသော ကားစက်သံတွေအားလုံးက အစီအစဉ်တကျ ဆိုမယ့် ထိုအစီအစဉ်တွေထဲမှာ စနစ်တကျမှားယွင်းမှုကို သူ ခံစားနေရတာ အတိအကျ။

ဘာတွေ မှားယွင်းတာလဲ။ အမေးရှိပေမယ့် အဖြေမထွက်သော သူ့ဘဝပုစ္ဆာမှာ မသိကိန်းက များစွာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မင်းကလည်း ဟိုနှစ်ကောင် နယ်ပြန်သွားကတည်းက ပျောက်ချက်သား ကောင်းနေလိုက်တာ၊ အိမ်လိုက်သွားတော့လည်း မရှိ၊ ဖုန်းဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပ ရောက်တာနဲ့"

ဆုံကြပြီဆိုရင် မျိုးဆက်တို့က အဲဒီလို ဗျူးတာဲတာရစပ်။ ဒီကောင့်ဝါသနာ နေရာတကာ စပ်စုလိုက်ရမှ။ သူများတွေလို ပါစင်နယ်တွေ စွက်ဖက်တာမျိုး မစဉ်းစားဘဲ သိချင်တာသိအောင် လုပ်ရတာကိုက ဗီဇတစ်ခုလိုဖြစ်နေသည်။ ထို့ကြောင့် သူတို့တစ်ဖွဲ့လုံးက မျိုးဆက်ကို နာမည်ပြောင်အဖြစ် ဂျာနယ်လစ်ဆိုပြီး ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အထိ။ အောင်လင်းကတော့ ဘီယာတစ်ငုံမော့ရင်း ကန်စွန်း ပလိန်းပန်းကန်ကို တူတစ်စုံနဲ့ ဟိုမွှေဒီနှောက်လုပ်နေတဲ့ သူ့ကို အကဲခတ်ရင်း…

"အေးလေ၊ ငါတို့ထင်တာ မင်း နယ်ကအိမ် ပြန်သွားပြီ မှတ်တာ"

"ရောက်တော့ ရောက်ဖြစ်တယ်၊ ဒါပေမဲ့ ဝင်ပြီး ပြန်ထွက်ပဲ၊ ဥက္ကာက သင်္ဘောတက်ဖို့လုပ်နေတယ်၊ ဒီလကုန် နှစ်စုံတွဲလုံး နေ့စဝ်ကြမှာတဲ့"

"လင်းစမ်းပါဦး၊ ငါမေးတဲ့အကြောင်းလေး၊ မင်း ဘာတွေ အသံတိတ် လှုပ်ရှားနေလဲဆိုတာ"

မျိုးဆက်က မရမက ဆက်မေးသည်။

"ငါ နယ်စပ်အထိ ဆင်းသွားတာ"

"ဘာကိစ္စ"

"ကားတင်သွင်းတဲ့ ကုမ္ပဏီတစ်ခုက ဖားသားကြီးရဲ့ ဘော်ဒါကွ၊ သူ့သားနဲ့ငါက အသက်ကွာပေမယ့် ညီအစ်ကိုတွေလိုပဲ၊ အဲဒါ သူ ဦးစီးပြီးလုပ်သမျှ နောက်က လိုက်ပြီး လေ့လာတဲ့





သဘော၊ တချို့ကလည်း ကားဟောင်းတွေပေးပြီး ကားသစ်ကျတော့ အခွန်မဆောင်နိုင်တာမျိုးဆိုရင် ငါတို့က အားလုံးဆောင်ရွက်ပေးတာမျိုးကွ၊ စိတ်ဝင်စားဖို့ကောင်းတယ်"

"အဲဒါကြောင့် မင်းက သုံးလေးလ ပျောက်နေတာကိုး"

သိချင်တာသိရပြီမို့ မျိုးဆက်က ဘဝင်ကျသွားသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။ ကိုကိုက ဘီယာကို အာစွတ်ရုံမော့ရင်း…

"မားသားကြီးလည်း ကျေနပ်သွားတာပေါ့၊ ငါ့ကို အလုပ်အကိုင်နဲ့ အတည်တကျ ဖြစ်စေချင်တာ၊ ငါကလည်း တစ်နေရာတည်းမှာ မထိုင်နေချင်ဘူး၊ မဆိုးပါဘူး၊ ဒီအလုပ်နဲ့ ငါနဲ့ ကိုက်ပါတယ်၊ မင်းတို့ရော ဘယ်တော့ လက်ထပ်ဖြစ်မလဲ"

"ဘာလဲ ငါတို့ကို ကားတစ်စီးစီ လက်ဖွဲ့မလို့လား"

"လိုချင်ရင် ရမှာပေါ့၊ သံပတ်ပေးတဲ့ကားတွေ ပေါလွန်းလို့"

ကိုကိုက ရွှတ်နောက်နောက်ဆိုတော့ မျိုးဆက်က ဝဲစားဆိုပြီး တိတ်တိတ်ဆဲသည်။ အောင်လင်းက အရယ်မျက်နှာနှင့်…



www.burmeseclassic.com

www.burmeseclassic.com



“မင်းက အဆက်အသွယ် ပြတ်နေလို့၊ ဒေဝီရယ် မယ်နဲ့
စံစံက သုံးယောက်ပေါင်းပြီး ဖက်ရှင်ဆိုင်တစ်ဆိုင် ဖွင့်ထားတာကွ
ပလာဇာမှာ၊ ဒီကအပြန် အဲဒီဝင်ရမှာ၊ မင်းလည်း လိုက်ခဲ့လေ”

“လိုက်ပြီး မေးရမှာ၊ ယောကျ်ားယူဖို့ စီးပွားရှာနေသလား
လို့”

“ခေတ်က ပြောင်းပြန် ကိုကိုရ၊ ဒီလောက် ယောကျ်ား
တွေနဲ့ ရင်ဘောင်တန်းချင်နေတဲ့ မိန်းမတွေ၊ တန်းရုံမကဘူး
ကျော်ပါထွက်သွားဦးဆိုပြီး စီးပွားရှာခိုင်းထားတာ၊ ယူပြီးရင် ငါ
က အိမ်ထဲမှာ စီမံခန့်ခွဲမယ်၊ သူတို့က ငွေရှာ”

မျိုးဆက်က ပြောလည်းပြော သောက်လည်းသောက်
လုပ်နေခိုက်မှာပဲ အောင်လင်း့ထံမှ ဖုန်းက မြည်သံထပေးသည်

“ငါ့ရဲ့ ချစ်ချစ်ကွ”

အောင်လင်းက ဖုန်းကိုပြရင်း နားကပ်ထောင်ကာ...

“အင်း..ဒေဝီ ပြော”

“......”

“တွေ့နေပြီ၊ ဆိုင်မှာ ခဏထိုင်နေတာ၊ ရှိတယ်၊ အ





တောင် ဆိုင်ခေါ်လာမလို့၊ ဘယ်သူ..ခင့်ကို တွေ့တာလား၊ ရှော့ပင်
ထွက်တာနေမှာပေါ့ ဟန်နီရယ်”

ခင် ဆိုတဲ့ နာမည်ကြားတာနှင့် ကိုကို့ရင်ထဲ သွေးတစ်ချက်
ဆောင့်တိုးသွားသည်။ အောင်လင်းမျက်နှာကို ဖျတ်ခနဲလှမ်းကြည့်
တော့ အဆက်အသွယ်မရှိတော့သည့် ဖုန်းကို အောင်လင်းက
တွေတွေဝေဝေကြည့်ပြီးမှ...

“ခင် ရှော့ပင်ထွက်တာတဲ့”

“အင်း..ဘာဆန်းလဲ၊ ပလာဇာမှာ ရှော့ပင်မထွက်လို့
သီချင်း အော်ဆိုနေရမှာလား”

မျိုးဆက်က ခပ်ပေါ့ပေါ့ဝင်ပြောသည်။ အောင်လင်းက
ခေါင်းရမ်းရင်း ကိုကို့ကို ခပ်ငေးငေးကြည့်ကာ...

“သူ ဝယ်တာ ကလေးပစ္စည်းတွေတဲ့၊ ပြီးတော့..”

ဆူညံခဲ့သော ဘီယာဝိုင်းသည် ခေတ္တတိတ်ဆိတ်သွားပြီး
မှ..

“သူ့မှာ ကိုယ်ဝန်ကြီးနဲ့တဲ့”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ခြင်း၊ ထူးဆန်းခြင်း၊ အံ့သြခြင်း အစရှိသော ခံစားချက်တွေ ရောပြွမ်းကာ သူ့ရဲ့ ‘ဘာ’ အော်သံက တိုးတိုးလေး။

❖ ❖ ❖



## အခန်း (၂၇)

“ဟင့်အင်း..လွှတ်..လွှတ်စမ်း ကိုကို၊ နင် ငါ့ကို မရိုင်းနဲ့တော့..လွှတ်စမ်း”

အားနှင့်ရုန်းကန်ပေမယ့် အရာမထင်။ နူးညံ့သောအထိအတွေ့က နည်းနည်းလေးကွာဟသွားတာနှင့် ဆောင်းလေကြမ်းက ဝင်တိုက်နိုက်ရန် ပြင်ဆင်ပြီးသားမို့ ကိုကိုက သူမ လွှတ်ထွက်မသွားအောင် ပိုတိုး၍ ဖက်ထားသည်။

ညရဲ့ ဆိတ်ငြိမ်ခြင်း၊ ချမ်းအေးသော ရာသီဥတုရဲ့ လှည့်ဖျားခြင်းအောက်မှာ ရေစိုထားသော ခန္ဓာကိုယ်နှစ်ခုက အနွေး



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တွေ ကူးလူးနေခြင်းကို ခံစားနေရပြီးမှ…

"ငါ နင့်ကို ချစ်တယ်"

"ဟင့်အင်း…လွှတ်ပေးပါ၊ ငါက နင့်ကို မချစ်ဘူး၊ မုန်းလည်း မုန်းတယ်၊ အဲဒါကြောင့် ဖက်မထားပါနဲ့၊ မချစ်တဲ့သူရဲ့ ရင်ခွင်မှာ ခဏပဲဖြစ်ဖြစ် ငါ မနေချင်ဘူး၊ နင်က ငါ့ရဲ့ ဘယ်တော့မှ ချစ်မလာနိုင်တဲ့သူ"

သူ့မျက်နှာကို ခပ်မော့မော့ကြည့်ပြီး ပြောတဲ့သူက ကိုကို့ရင်ခွင်ထဲ လဲပြိုနေတဲ့ သူမ။

"ခင်"

အချစ်ကို စော်ကားခံရသူလို မာန့်နှင့် အချစ်၏လွန်ဆွဲခြင်းကြားမှာ နှလုံးသားက မိုင်းရပ်စ်တစ်မျိုးဝင်လာသလို ချင်ချင်းဆတ်ဆတ်ခါ နာကျင်သွား၏။ မပီသသော လရောင် အစက်အပြောက်တွေကြားမှာ အရောင်တဖိတ်ဖိတ်လက်နေသော မျက်ဝန်းနှင့် စားသွားလိုထက်မြည့်သော နှုတ်ခမ်းပါးတွေကို သူ တွေ့လိုက်ချိန်မှာ ရင်ထဲ သေချာခြင်းတစ်ရပ်က အတည်ပြုပြီးသား မချစ်ဖူးသော အသည်းက ရိုင်းချင်လည်းရိုင်းပါစေ။ ပိုင်ဆိုင်ရခြင်းသာ





အဓိကမို့…

"နင် မချစ်လာလည်း ဂရုမစိုက်ဘူး၊ ဒါပေမဲ့ ငါ့အချစ်ကို နင် လက်ခံရမယ်၊ ငါချစ်သူက နင်ပဲဆိုတာ နားလည်ရမယ်"

"ဟင့်အင်း…ဖယ်စမ်း၊ အရိုင်းအစိုင်းကောင်၊ လူယုတ်မာ၊ မုန်းတယ်၊ နင့်ကို အရမ်းမုန်းတယ်"

ခေါင်းခါငြင်းဆန်ရင်း အမုန်းစကားတွေဆိုသော နှုတ်ခမ်းတွေကို ကိုကိုက ပြင်းထန်စွာဒဏ်ပေးတာ ရှည်ကြာသော အနမ်းများနှင့်။ ရုန်းကန်ခြင်းကို ချုပ်ထားသယောင်နှင့် ရင်ခွင်ထဲ သူမရှိနေသောအဖြစ်ကို ကျေနပ်နှစ်သိမ့်နေခဲ့ကာ ချစ်ရှုံ့ဖွတ်ခြေချခဲ့သော အနမ်းရိုင်းများထဲမှာ ကိုကိုကိုယ်တိုင် မူးမူးမေ့မေ့ ကူးခတ်ရင်း ရင်လှိုင်းထန်ခြင်းသည် သူမကို ချစ်ခဲ့ခြင်းကြောင့်ဟုဆိုလျှင်…

"တီ…တီ…တီ"

စူးရှစွာမြည်လာသော ဖုန်းသံ။ ကိုကို့အာရုံတွေ ဝေဝေဝါးဝါးဖြစ်ပြီးမှ မျက်ခွံကို ဆတ်ခနဲဖွင့်တော့ နံနက်ခင်းနေရောင်က အခန်းတွင်းသို့ တိုးဝင်နေပြီ။

"တီ…တီ…တီ"



www.burmeseclassic.com

www.burmeseclassic.com

အဆက်မပြတ်မြည်သော ဖုန်းခေါ်သံ။ ညက မျိုးဆက်တို့နှင့် အချိန်းအချက်လုပ်ခဲ့တာ ဖျတ်ခနဲသတိရတော့ ရင်ခုန်သံတွေ မစဲဘဲ ဖြစ်နေတာကိုလည်း ကိုယ်တိုင် သတိထားမိတဲ့အထိ။ ကျစ်ကျစ်ပါအောင် ဘယ်လက်ဖဝါးထဲ ဆုပ်ကိုင်ထားသည့် နား ကွင်းတစ်ဖက်က ညကတည်းက အခုထိရှိနေဆဲ။

"တန်ဆောင်တိုင်ညက မင်းတို့ ဘာဖြစ်ခဲ့ကြလဲ စဉ်းစား ကိုကို၊ မဖြစ်ဘူးလို့ အလွယ်တကူ ခေါင်းမခါလိုက်နဲ့၊ ဒီကိစ္စက ငြင်းဆန်ပြီးမှ ခေါင်းညိတ်လက်ခံပါတယ်ဆိုပြီး ဘွာတေးလုပ်ပစ်လို့ မရဘူး၊ ဘဝနှစ်ခုနဲ့ ဆိုင်တယ်၊ ပြီးတော့ အပြစ်မဲ့တဲ့ကလေးတစ်ဦးရဲ့ အနာဂတ်လည်းဖြစ်တယ်၊ မင်း စဉ်းစားပြီးမှ ဖြေ"

အားလုံးထဲမှာ လူကြီးအဆန်ဆုံးဖြစ်တဲ့ မိုးပြည့်က ပြောခဲ့ သည်။

"အဲဒီညက ယမင်းတို့ ပြန်ဖို့ပြင်တော့ ဆယ့်နှစ်နာရီ ထိုးနေပြီ၊ နင်တို့ကိုမတွေ့လို့ လူစုခွဲပြီးလိုက်ရှာတော့ ခင့်ကို အရင် တွေ့တာ သူကားပေါ်မှာ၊ တွေ့တွေ့ချင်း ငါတို့အားလုံး သတိထား မိတာ ခင် ငိုထားတယ်"





မယ်ရဲ့ သတိတရအပြောကို ကျန်မိန်းကလေးနှစ်ယောက် က ခေါင်းညိတ်ထောက်ခံသည်။

"မင်းရှိတဲ့နေရာကို ခင်ပဲ ပြောပြခဲ့တာ၊ ဂျာကင်က မင်း ဝတ်ထားတာမဟုတ်ဘူး၊ တစ်ယောက်ယောက်က ကူကူနနနဲ့ ခြုံပေး သွားတာမျိုး"

အဲဒီတုန်းကတော့ သူ တကယ် အသိစိတ်မဲ့ခဲ့ပုံများ။ ကိုယ့်အခန်းဆီ ဘယ်သို့တယ်ပုံ ပြန်ရောက်ခဲ့မှန်းမသိ။ ထိုနောက်ပိုင်း ခင် ဒီတိုက်ခန်းကနေ ပြောင်းသွားခဲ့ပုံ။ သူတို့ အဆက်အသွယ် ပြတ်တောက်ပုံနှင့် အချိန်ကာလအားလုံးကို တွက်ဆကြည့်သော အခါ...

"ဒီကိစ္စတွေပြီးခဲ့တာ ငါးလ၊ ခင့်ရဲ့ကိုယ်ဝန်ကလည်း ငါးလ လောက်တော့ ရှိပြီနဲ့တူတယ်"

အဲဒီစကားဟာ အပြစ်ဒဏ်ကျပြီးသားသူကို သေမိန့်ပေး လိုက်သလို။ အားလုံးရဲ့အကြည့်က သူ့ထံရောက်လာတဲ့အခါ မီးပုံ ဘေး ကြိုးတုပ်ချခံထားရတဲ့အတိုင်း။ ရက်စိတ်က လူတစ်ကိုယ်လုံး ဖျစ်ဖျစ်မြည်အောင် လောင်ကျွမ်းခဲ့ပေမယ့် ထိုအရပ်ကလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



မခွာခဲ့နိုင်။

"မသိတဲ့ဖြစ်ရပ်အတွက် ငါ ဥပေက္ခာပြုသလို ရှိကောင်းရှိမယ်၊ ဒါပေမဲ့ အမှန်တရားကို ငါ မျက်ကွယ်မပြုဘူး၊ အဲဒါ တကယ်ပါ၊ အခုအချိန်မှာ ငါ ခင့်ဆီ နောက်ကျပြီးမှ ရောက်မသွားချင်ဘူး၊ သူ့တိုက်ခန်းလိပ်စာ ငါ သိချင်တယ်"

လိုက်လှဲစွာ တောင်းဆိုခြင်းပါ။ ဝေးကွာခဲ့တဲ့ နေ့ရက်တိုင်း မသိစိတ်က ဖျိုးခနဲဖျတ်ခနဲ သတိတရရှိခဲ့ဖူးသည်။ သတိရတိုင်း အမှန်းတွေနှင့် ပြည့်နှက်နေသော မျက်နှာလှလှလေးကို မြင်ယောင်ကာ ပြုံးခဲ့ဖူးတာလည်းရှိသလို မဲ့ရွဲ့ပြီး နေပေါ့ဟူသည့် ဂျစ်တိုက်ချင်စိတ်က ရင်ဘတ်အပြည့်။ သို့သော် တဖြည်းဖြည်း ပရက်ရှာတက်ပြီး အရောင်ပြောင်းချင်သည့် နှစ်ချို့သံယောဇဉ်တွေက သူမအနားမှာမရှိခင်ကတည်းက သိသာလာခဲ့တာဆိုလျှင်..။

ကိုကိုက ကိုင်သူမဲ့၍ အသံမပေးတော့သော ဖုန်းလေးကို တစ်ချက်ငုံ့ကြည့်ပြီးမှ မျိုးဆက်ရဲ့ဖုန်းနံပါတ်တွေကို ပြန်နှိပ်ခေါ်သည်။

"မျိုးဆက်"

"ခွေးကောင်..အိပ်ပျော်နေတာလား၊ ငါတို့ တစ်ချိန်လုံး





ခေါ်နေတာ၊ မင်းကတော့ နေနိုင်တယ်နော်၊ ဒီအချိန်ထိ အအိပ်မပျက်ဘဲ"

"ဘယ်သူပြောလဲ အအိပ်မပျက်ဘူးလို့"

"မသိဘူးလေ၊ ဖုန်းခေါ်တာ ကိုင်မှမကိုင်တာ"

"မကိုင်တာ အိပ်မက်ကိုပြန်တွေးပြီး ရင်ခုန်နေလို့"

"အလဲ့..တယ်ဆိုတဲ့ စာပါလား၊ မင်း ရင်ခုန်တတ်တာ အခုမှပဲသိတယ်၊ ဟေ့ကောင်..စဉ်းစားပြီးပြီလား အဖြေရောထွက်ရဲ့လား၊ ကပေါက်ကချာတွေတော့ မင်း မပြောနဲ့နော်၊ စံစံတို့က ခင့်ဘက်ကကွ"

"သူ့လိပ်စာ ရပြီလား"

မဆီမဆိုင်မေးတာကြောင့် မျိုးဆက်ဘက်က အသံတိတ်သွားပြီးမှ...

"အေး..ငါတို့အားလုံး သူ့တိုက်ခန်းရှေ့က ကော်ဖီဆိုင်မှာ ရောက်နေတယ်"

"ဟေ့ကောင်..မင်း ဒီကို မြန်မြန်လာခဲ့တော့"

အောင်လင်းအသံကိုပါ ဖုန်းထဲက ကြားရကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအနီးနားတစ်ဝိုက် ငါတို့စုံစမ်းထားတာ၊ ခင်က ဒီကို ရောက်စကတည်းက တစ်ယောက်တည်းကွ၊ ယောကျ်ားက နိုင်ငံခြားမှာလို့ ပြောထားတယ်တဲ့၊ စရောက်ပြီး တစ်လနှစ်လလောက်နေမှ ကိုယ်ဝန်ကြီးနဲ့ဆိုပြီး သိရတာနဲ့၊ အခု လနည်းနည်းရင့်လို့ အိမ်မှုကိစ္စတွေ မလုပ်နိုင်ဘဲ ဒီနားက အဒေါ်ကြီးကို ခေါ်ထားတယ်တဲ့၊ အဲဒါ··"

"ငါ အခုထွက်လာပြီ အောင်လင်း၊ နိုင်ငံခြားက ပြန်လာတဲ့ပုံစံမျိုးတော့ ဖမ်းရမှာပဲ"

သူက ဖုန်းကိုမေးဖျားနဲ့ ပခုံးကြားညှပ်ရင်း လစ်ဂေ့ကြီးဆွဲထုတ်၊ ဗီရိုထဲက အင်္ကျီဘောင်းဘီတွေကို ကောင်းနိုးရာရာ ရွေးထည့်လျက်က···

"သူက သူ့ယောကျ်ား နိုင်ငံခြားမှာလို့ ပြောထားတာ မဟုတ်လား"

"အင်းလေ··ဒါပေမဲ့ ခင်ရဲ့ယောကျ်ားအဖြစ် မင်းက"

"အင်း··ငါ့ကိုယ်ငါ သတ်မှတ်တာလေ၊ ဘာလဲ မဖြစ်ဘူးလား"





"အေး··အေး··ဖြစ်ပါတယ်"

အောင်လင်းက ပျာပျာသလဲလက်ခံရင်း လိပ်စာတစ်ခုကို ရွတ်ပြ၏။ ကိုကိုက လေလေး တချွန်ချွန်နှင့် နိုင်ငံခြားပြန်တစ်ယောက်ရဲ့ ပုံစံနှင့်တူအောင် ပြင်ဆင်သထက်ပြင်ဆင်ရင်း··

မင်းတို့ မသိသေးလို့ပါ။ ရင်ဘတ်ဆိုတာ နှလုံးသားရဲ့ အမှန်တရားတိုင်းကို ခြေရာခံနိုင်တဲ့ ဂျီပီအက်စ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကလင်··ကလင်··ကလင်"

ဆူဆူညံညံ လှူခေါင်းဘဲလ်သံကြောင့် ခင်က မှန်ထဲမှ ကိုယ့်ပုံရိပ်ကိုပြန်ကြည့်ရင်း နှုတ်ခမ်းလေးတွေ ကော့တက်သွားအောင် ပြုံးမိတာ သဘောတကျ။ ဂရုတစိုက် အရိပ်တကြည့်ကြည့်ကြားမှ ပင် ခင့်ရဲ့မိုက်ကလေးက ရှေ့သို့အတော်ချွန်ထွက်လာချေပြီ။ ဂါဝန်က ဒူးကျရုံဖြစ်ကာ ဆွဲသားအနက်ရောင်မို့ မိုက်က လုံးဝန်းပြီး ပိုပေါ် လွင်သည်။ ခင်က အားရကျေနပ်အောင် မှန်ကို ကြည့်ပြီးမှ···



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ခြာကျော့စင်မိုက် ငါးလတုန်းကလည်း ဒီလောက်ပါပဲ"

ကိုယ့်မိုက်ကိုယ်ငုံ့ကြည့်ကာ ရေရွတ်ပြီး အိမ်ရှေ့ဆီထွက်ခဲ့၏။

"ကလင်…ကလင်"

"လာပြီ"

ထပ်မံထွက်ပေါ်လာသော ဘဲလ်သံကြောင့် အသံပြန်ပေးရင်း တံခါးဆွဲဖွင့်တော့ သံပန်းအပြင်ဘက်၌ရပ်နေသူက…

"အစ်မ"

ရေသန့်ဘူးကြီး ပခုံးတစ်ဖက်ပေါ် ထမ်းထားသည့် ရေသန့်ပို့နေကျ ကောင်လေး။

"အေး··အေး၊ ငါ သော့ဖွင့်ပေးမယ်"

သံပန်းသော့ လှမ်းယူခြင်း၊ သော့ဖွင့်ပေးခြင်းတွေကို သူမက မြန်မြန်ဆန်ဆန် ပြုလုပ်ရင်း··

"ငါ ဆေးကပ်ရပ်ပေးမယ်နော်၊ မိုက်ကို ဝင်တိုက်သွားမှာစိုးလို့"





အရှုန်းဖောက်တာကို တကယ်ပြောတယ်ထင်ပြီး ကောင်လေးက ဟိုဘက်နံရံဆီကပ်ကာ ကိုယ်ကိုယ့်ပြီး ဝင်သွား၏။ ခင်က ထိုကောင်လေးနောက်ဘက်မှ မိုက်ကြီးကော့ပက်ဖြင့် လိုက်သွားရင်း…

"ရေဘူးတွေကို လှယ်ပေးသွားပါဦးဟယ်၊ အနည်တွေပါတဲ့ရေဆို မသောက်ချင်ဘူး၊ ကလေး ထိခိုက်မှာစိုးလို့"

"ဟုတ်··အစ်မ၊ ဒါနဲ့ မိုက်ထဲက ဘာလေးလဲ၊ သိပြီလားဟင်"

"မသိသေးပါဘူး"

"အစ်မက ဘာဘာညာညာတွေ ရိုက်မကြည့်ဘူးလား"

"မရိုက်ရသေးပါဘူးဟယ်၊ ငါက ဘာလေးမွေးမွေးချစ်မှာဆိုတော့ ကြိုမသိချင်တာလည်း ပါတာပေါ့၊ ကလေးလေးကျန်းမာဖို့က အဓိကအရေးကြီးတာပါ"

ခင်က စူမို့မို့ မိုက်ကလေးကို ငုံ့ကြည့်ရင်း လက်ဖဝါးလေးနှင့် ဖွဖွပွတ်ကာ ပြောပုံက တယုတယ။ ရေသန့်ကောင်လေးကခင် ခိုင်းတဲ့အတိုင်း ရေဘူးတွေလှယ်၊ ရေ ဖြည့်ပေးပြီး ရေသန့်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ယူကာ မီးဖိုချောင်မှထွက်သည်။ ခင်က သူနောက်လိုက်ထွက်တာ အိမ်တံခါးပိတ်ရန်အတွက်ပါ။ သို့ပေမဲ့ တံခါးက မပိတ်လိုက်ရ အိမ်ရှေ့ခန်းရှိ ဆိုဖာမှာထိုင်ကာ အကျအန ဖိနပ်ချွတ်နေသည့် လူတစ်ယောက်ကြောင့် ခင်က ရုတ်တရက်လန့်သွားကာ…

"ရှင်··ဘယ်သူ"

မေးခွန်းမဆုံးခင် မော့လာသော မျက်နှာကြောင့်…

"ကိုကို"

အံ့ဩစိတ်က ရင်သို့ ဝုန်းခနဲဆောင့်တက်သည်။ လူ ကြက်သေသေကာ နေရာမှမရွေ့နိုင်တော့ဘဲ ခြေစုံရပ်နေရတဲ့အ ရေသန့်ကောင်လေးက ခင့်ကိုတစ်လှည့်၊ သူ့ကိုတစ်လှည့်ကြည့်ပြ မှ··

"ဩော်··ဒါ အစ်မပြောတဲ့ နိုင်ငံခြားမှာ အလုပ်သွားလု နေတဲ့ အစ်မယောက်ျားလား၊ အထုပ်အပိုးတွေနဲ့ ပြန်လာတာနဲ့ တယ်"

ဒီတော့မှ အိမ်တံခါးမှာ ထောင်ထားသော အနက်ရော လက်ဂွေ့ချ်အကြီးစားရယ်၊ စီးတီးမော့ခ်လို အိတ်မျိုးထဲမှာ အိုဗာ





တွေ၊ အားဆေးပုလင်းတွေရယ်ကို ခင်က မျက်လုံးတွေဝိုင်းနေအောင် ကြည့်ဆဲမှာပဲ ရေသန့်ကောင်လေးက နှုတ်ဆက်၍ ထွက်သွားပြီ။ သူကတော့ ဖိနပ်ချွတ်ပြီးမှ ဧည့်ခန်းတွေထဲ လျှောက်ကြည့်ကာ…

"အခန်းက ကျဉ်းလွန်းမနေဘူးလား၊ ပြီးတော့ အပေါ်ဆုံးထပ်ကြီး၊ နင့်အတွက် အတက်အဆင်းက ကိုယ်ဝန်ကြီးနဲ့ ဆိုတော့"

ဒီတော့မှ ကိုယ်ဝန်ကို သတိတရရှိသွားပြီး ခင်က ချာခနဲ ကျောခိုင်းကာ သူမဗိုက်ကို ဝှက်ဖြစ်အောင်ဝှက်သည်။ သို့ပေမဲ့ ချက်ချင်း ကိုကိုရှိရာဘက် ပြန်လှည့်လာတော့ စောစောက မှင်သက် နေသော ရုပ်မျိုးမဟုတ်တော့ဘဲ…

"နင် ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ၊ အိမ်လိပ်စာကို ဘယ်က သိတာလဲ၊ ပြီးတော့ ဘာကိစ္စကြောင့်··"

"မေးခွန်းတွေက များတော့ ဘယ်က စဖြေရမှန်းတောင် မသိဘူး၊ အလွယ်ဆုံးနဲ့ အရှင်းဆုံးဖြေမယ်နော်၊ ငါ ဒီမှာနေမလို့"

"ဘာ"

ခင်က ကျုံးအော်တော့ သူက ဘောင်းဘီအိတ်ထဲ လက်စုံ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကာ သက်တောင့်သက်သာပြုံးပြရင်း…

"ဒေါသ သိပ်မထွက်နဲ့၊ ကလေးရုပ်ဆိုးတတ်တယ်"

ပြောပြီး အနားက ဖြတ်သွားတော့ ရင်းနှီးဖူးသော ရေမွှေး နံ့အီအီက ခင့်ကို ကျီစယ်သွားသလို။ လူက အံ့သြတာရော ထူးဆန်း နေတာတွေရော ပေါင်းကာ သူ့ကျောပြင်ကိုသာ လည်ပင်းလိမ် ကြည့်ရင်း ပြောစရာစကားတို့က နှုတ်ဖျားမှာ ရှားပါးခြင်းအဖြစ်သို့ ရောက်လေသည်။

သူကတော့ သူ့အိမ် သူ့ယာနှယ် အခန်းတွေ တစ်ခန်းပြီး တစ်ခန်း ဝင်ကြည့်ရင်း…

"ဘုရားခန်းက တော်တော်သပ္ပာယ်တာပဲ၊ ဒါပေ ဖယောင်းပုဆိုးတွေ ခင်းထားတာ မကြိုက်ဘူး၊ မင်းက ကိုယ်ဝန်ကြီး နဲ့ဆိုတော့ သိပ်အအေးခံလို့မဖြစ်ဘူး၊ ကော်ဇောတစ်ထပ်ခင်းမှ"

"ဒီမှာ"

သူ့နောက်ကလိုက်ပြီး ခင်က သံပြတ်နှင့် ခေါ်ပေမ ကိုကိုက လှည့်မကြည့်ဘဲ…

"အိပ်ခန်းက နှစ်ခန်းတောင်ပါတာလား၊ မဆိုးဘူ





ကလေးအတွက် တစ်ခန်းသီးသန့်ပြင်ထားရမယ်"

"ကိုကို"

ဆောင့်အောင့်ခေါ်တာကို သူက နားဝင်တွေချိုနေသလို ပခုံးစွန်းမှာ မေးဖျားကပ်တဲ့အထိ လှည့်ကြည့်ရင်း…

"ပြောလေ၊ မင်း စိတ်တိုင်းကျ ဖြည့်ဆည်းပေးဖို့ ရောက် လာခဲ့တာ၊ လိုချင်တာဖြစ်ချင်တာ မျက်စိတစ်မှိတ်အတွင်း ရောက် လာဖို့ ကို တာဝန်ယူတယ်"

"မင်းတွေ ကိုယ်တွေ သုံးစရာမလိုပါဘူး၊ နင်နဲ့ငါပဲ ပြောစမ်းပါ၊ နင်နဲ့ငါ ပတ်သက်မှုက အဲဒီလိုသုံးဖို့ မထိုက်တန်ဘူး"

"ဒါပေမဲ့ အခြေအနေက"

စကားမဆက်ဘဲ သူက ခင့်ဗိုက်ကို အဓိပ္ပာယ်ပါပါကြည့် ပြီးမှ…

"နင်နဲ့ငါ သုံးလို့မကောင်းတဲ့ အခြေအနေ"

"နင် ရူးနေသလား ကိုကို"

"အဟွန်း"

ခင့်ဘက် တည့်တည့်လှည့်ကာ ရယ်ပြတော့ ချိုသာ



www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်သွားတဲ့ သူ့မျက်နှာမှာ သူမက ဝိဉာဉ်အနုတ်ခံရသူလို

ငေးခနဲ။ ပတ်သက်ဖူးသည့် ကာလတစ်လျှောက်မှာ သူ့အရယ်

သူ့အပြုံးက ခင့်အတွက် ရှားပါးပစ္စည်းမို့။

ကိုကိုက နှုတ်ခမ်းတွေကို တည်ပစ်လိုက်ပေမယ့် မျက်ဝန်း

ထဲ၌ ရယ်မြူးရိပ်တွေက ကျန်နေဆဲနှင့်…

"ရှူးတော့ မရှူးဖူးဘူး၊ အတိတ်တော့ မေ့ဖူးတယ်၊ ဒါပေ

အခုတော့ အားလုံး သတိရပါပြီ၊ တန်ဆောင်တိုင်လပြည့်ည

ကိုယ့်ဆီမှာကျန်ခဲ့တဲ့ နားကွင်းလေးရဲ့ ပိုင်ရှင် အကြောင်းရော"

မျက်နှာရှေ့ အရောက်ဖြန့်ပြတဲ့ လက်ဖဝါးထဲမှာ ငွေရော

နားကွင်းဝိုင်းကြီး ကယ်ပါယူပါတစာစာ အော်ဟစ်နေသလို။ ခင်

နားကွင်းဝိုင်းကိုကြည့်ရင်း ရှက်စိတ်က ငယ်ထိပ်အထိ တက်ဆော

ကာ မျက်ဝန်းတွေ အနီအပြာတွေ ရောင်စုံသွားသလို။ ပူခြင်

အေးခြင်း နှစ်ရပ်က ခန္ဓာကိုယ်ပေါ် ဖြတ်သန်းစီးဆင်းသွားတဲ့အတိုင်

ခြားနားခြင်းတွေ လိုက်ခံစားရင်း လူက ချက်ချင်းငြိမ်ကျသွား

ကိုကိုကတော့ မျက်တောင်ရှည်ကြီးတွေ စိုက်ချအောင် ငြိမ်သက်

တဲ့ သူမမျက်နှာထက်က အရောင်ရင့်ဆေးသားတွေကို စူးစိုက်

စိုးမိုး ၁၁၃၀ပ



ရင်း ရင်ခုန်သံက မတိုင်ပင်ဘဲ ကစုန်ပေါက်မြန်ဆန်လာ၏။

"နားကွင်းတွေမှာ မင်းနာမည်စာလုံး ထွင်းပြီး အော်ဒါ

အပ်တတ်တယ်ဆိုတာ ပိုးပိုးတို့ဆီက ကြားထားပြီးသား"

"ဟုတ်တယ်၊ အဲဒါ ငါ့နားကွင်း"

ငြင်းမရ၍ ခြောက်ကပ်စွာဝန်ခံပြီး နားကွင်းကို လှမ်းယူ

ပေမယ့် သူက ဖျတ်ခနဲ လက်ပြန်ဆုပ်ကာ သိမ်းလိုက်သည်။

ခင်က အလိုမကျသလို သူ့ကိုကြည့်ရင်း…

"ဒါပေမဲ့ နင့်ဆီကို ဘယ်လိုရောက်နေမှန်း ငါ မသိဘူး"

"အင်..မင်းမသိရင် ကို ပြောပြမယ်လေ"

"ကိုကို"

အလန့်တကြားအော်ပြီးမှ သူ့မျက်နှာထက်က အပြုံးရိပ်တွေ

ပြီး ဘရိတ်အုပ်ရန်ကြိုးစားပေမယ့် ကျုံပြီးသားနှုတ်က ပြန်သိမ်း

မလွယ်။ သူကတော့ ပခုံးစုံတွန့်ရင်း နောက်အိပ်ခန်းဆီ ဆက်

ရောက်သွားကာ…

"ဒီနာမည်ပေးတဲ့ အမေ့ကိုတောင် ပြေးကန်တော့ချင်ပြီ၊

ပါဘူး၊ ဒီလိုခေါ်ပါလို့ မသင်ရဘဲ ခေါ်တိုင်းက ကိုယ်ကြား

စိုးမိုး ၁၁၃၀ပ

www.burmeseclassic.com

www.burmeseclassic.com



ချင်သလို ဖြစ်နေတော့"

"လဲသေလိုက်"

"ကလေးတောင် မရသေးဘူး၊ နေပါဦး၊ ကိုယ့်ကလေး မြင်ပြီးမှပဲ"

"ဒါ..ငါ့ကလေး"

ခင်က စကားကို ဖြတ်အော်တော့ သူက အခန်းတံခါးမဖွင့်သေးဘဲ ငဲ့ကြည့်ကာ...

"မဆိုင်တာတွေပြောပြီး အံကြိတ်ပြိုင်နေတဲ့အချိန်တွေ ကုန်သွားပြီ ခင်၊ ရှေ့မှာ မင်းနဲ့ကိုယ်က ဒီထက် ပိုသက်ဆိုင်ကြ တော့မှာ၊ ကိုယ်လိုချင်တာ မင်းဆီက နူးညံ့မှု"

"အဟွန်း..မသေမချင်း စောင့်လေ၊ နင် သေတောင် ငါက မပေးဘူး၊ အဲဒါ မှတ်ထား"

အံကြိတ်ပြီး သူ့မျက်နှာနား ကပ်ပြောတော့ ကိုကို ဖွေမယူသလို ပြုံးပြကာ...

"စောင့်နေဖို့မလိုပါဘူး၊ ကိုယ်က ရအောင်တိုက်ယူမှာ ကိုကို့ရာဇဝင်မှာ စောင့်ဆိုင်းတာတွေ မရခဲ့တာတွေ မရှိခဲ့ဘူး"





စကားမဆုံးခင် အခန်းတံခါးဖွင့်ပြီး ဝင်သွားတာ အိပ်ခန်းထဲ အထိ တောက်လျှောက်။ ခင်မှာ တားမနိုင်နှင်မရနှင့် အံကြိတ် လက်ပိုက်ပြီး ကြည့်နေရတဲ့ဘဝ။ သူကတော့ ခင့်အခန်းကို လှည့်ပတ်ကြည့်ရင်း...

"ခုတင်က တစ်ယောက်အိပ်ဆိုရင် ကိုယ်နဲ့မဖြစ်ဘူး ခင်၊ ကို နှစ်ယောက်အိပ်ခုတင်နဲ့ မွေ့ရာလှမ်းမှာမှ ဖြစ်မယ်၊ ပြီးတော့ ကလေးမွေးပြီးမှပဲ မင်းနဲ့ကိုယ် မင်္ဂလာဆည်ခံပွဲ"

"ဒီမှာ နင်နဲ့ငါ မပတ်သတ်ဘူးလို့ ပြောထားပြီးပြီနော်၊ ဒီကလေးက ငါ့ကလေး၊ ဒီတော့ နင် ပိုင်စိုးပိုင်နင်းလုပ်ရပ်တွေ ဒီနေရာမှာရပ်ပြီး လာလမ်းအတိုင်းကြွ၊ ငါ သည်းမခံနိုင်တော့ရင် မင်းနိုင်းနိုင်းကို ဖုန်းဆက်ပြီး.."

"ခေါ်လေ..ခေါ်ပေါ့၊ မင်းနဲ့ ကိုယ့်ကြားက ပတ်သက်မှု အတွက် အတည်ပြုလို့ရတာပေါ့"

သူက ခုတင်စွန်းမှာ တင်ပါးလွှဲဝင်ထိုင်ရင်း လက်နှစ်ဖက် ကို နောက်ပြန်ထောက်ထားလျက်က...

"ဖြစ်ခဲ့သမျှ အနိုင်ကျင့်သလိုဖြစ်သွားရင် ဆောရီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အမှန်တရားကို သိသွားတဲ့အချိန်မှာ ကိုယ့်မနက်ဖြန်တွေက ကိုယ့်လက်ထဲမှာပဲ ရှိချင်တော့တယ်၊ ကိုယ့်အနာဂတ်မှာ အမှန်း အပြုံးကင်းတဲ့ သာယာမှုတွေ ရှိရမယ်လို့ ကိုယ်မျှော်လင့်ထားတယ်။ ဒါကြောင့် မဆိုင်တာတွေ ထပ်မပြောပါနဲ့ ခင်၊ မင်း စဉ်းစားရမှာက အတူဖြတ်သန်းမယ့် ကိုယ်တို့ရဲ့ မနက်ဖြန်အတွက်"

ပြောသမျှထဲမှာ ခင့်အတွက် ဘယ်လို ပေးဆပ်သွားမယ် ဆိုတာ မပါဘဲ သူ လိုချင်တာတွေချည်း စာရင်းပြုစုထားပုံရသည်။ ခင်သည် သက်သောင့်သက်သာ အပြုံးတွေနှင့် အတ္တတွေပြည့်နေသော သူ့မျက်နှာအား ချဉ်ချဉ်တူးတူးကို စိုက်ကြည့်ရင်း...

လိုချင်တာမရဘဲ မလိုချင်တာတွေပေးလာတဲ့ ကိုယ့်ဘဝမှာ ခေါင်းခါခွင့်တောင် မရှိတော့ဘူးလား။

❖ ❖ ❖



## အခန်း (၂၉)

"ဘယ်လိုလဲ..စားကောင်းရဲ့လား"

ခင်က မကြားချင်ယောင်ဆောင်ကာ ရှေ့တီဗီဆီပဲ အာရုံစိုက်နေတာ သည်းကြီးမည်းကြီး။ မခေါ်ဘဲ ရောက်လာကာ နှင်တော့ မပြန်သည့် သူနှင့် စကားတွေ အသွားအပြန်လုပ်စရာမလိုဟု ခင် ယူဆထားသည်။

မနက်ကမှ သူ ဒီအခန်းဆီရောက်တာ နှစ်ဆယ့်လေးနာရီ မပြည့်ခင်မှာဘဲ ကိုယ့်အခန်းဟာ ကိုယ့်ပိုင်ဆိုင်မှု မဟုတ်တော့ သလို။ အိပ်ခန်းထဲက ဒက်ကရေးရှင်းတွေ ပြောင်းပစ်တာများ အိပ်ခန်းထဲ ခြေချရဲစရာမရှိ။ နှစ်ယောက်အိပ်ခုတင်ကြီးနဲ့ မွေ့ရာ



www.burmeseclassic.com

www.burmeseclassic.com



တခမ်းတနားကြီးက လှုကို မျက်စပစ်နေသယောင်။

ခင့်မှာ သူ့ အလုပ်သမားတွေနဲ့ ပစ္စည်းနေရာချထားတုန်းမှာပဲ သူ့မမှာ ရေချိုးခန်းထဲဝင်တာတောင် ကတိုက်ကရိုက်။ သူ့ပဲ လက်ညှိုးတညွှန်ညွှန်၊ အသံကျယ်လောင်လောင်နဲ့ စီမံခန့်ခွဲနေတာ တကယ့် အိမ်ထောင်ဦးစီးအတိုင်း။

"အဒေါ်ကြီးက ဒီနားက ရပ်ကွက်မှာနေတာဆို"

ပရိဘောဂတွေ နေရာချရင်း ခင် အကူခေါ်ထားသော ဒေါ်ချောနှင့်လည်း စကားလက်ဆုံကျသေးသည်။

"အေးကွဲ့..ဟိုဘက်က ရပ်ကွက်လေးမှာ"

"ဒါဆို သွားလာဖို့ မဝေးဘူးပေါ့"

"မဝေးပါဘူး လူလေးရယ်၊ လမ်းလျှောက်သွားရင် နီးနီးလေး"

"မိသားစုရော ရှိတယ်မဟုတ်လား"

"ရှိတယ်၊ ကလေး သုံးယောက်နဲ့"

"ဒါဆို အဒေါ်ကြီး ဒီမှာ လာအိပ်တော့ ကလေးတွေက"

"သူ့အဖေနဲ့ပဲ အိပ်ရတာပေါ့ကွယ်"

"ဖအေနဲ့ဆို မအေနဲ့အတူ အိပ်ရတာလောက် ဘယ်အေး





ပြေပါ့မလဲနော်"

သိုင်းဝိုင်းလှည့်ပတ်ပြီး ပြောနေတဲ့ စကားဦးတည်ချက်ကို ဒေါ်ချောနှင့် ခင်က မရိပ်မိတာမို့...

"အေးပေါ့ကွယ်၊ ဒါပေမဲ့ အလုပ်က အရေးကြီးတော့လည်း အလုပ်ပဲ ဦးစားပေးရတာပေါ့၊ အဒေါ်တို့က မိသားစုများတော့ ယောကျ်ားလုပ်စာ-တစ်ခုတည်းနဲ့လည်း မလောက်ဘူးလေ၊ ပြီးတော့ တူမကြီးက ကိုယ်လေးလက်ဝန်ကြီးနဲ့ဆိုတော့ ညရေးညတာ"

"ကျွန်တော် ပြန်ရောက်လာပြီလေ၊ အဒေါ်ကြီး ညဘက် စောင့်ပေးဖို့ မလိုတော့ဘူး"

"အို..လိုတာပေါ့၊ ဘာမလိုဘူးလဲ"

သူ့အကြံကို အခုမှသိရတာမို့ ခင်က ကြားကြားချင်း ဦးအောင် ထကန့်ကွက်တော့...

"မိန်းမရာ ကိုယ်ချင်းစာစမ်းပါ အဒေါ်ကြီးလည်း ညဘက် သူ့မိသားစုနဲ့သူ နေချင်မှာပေါ့ မိန်းမနား ကိုယ် ရှိနေပြီပဲ"

မိန်းမချင်း မိုးမွှန်အောင်ခေါ်ပြီး အဒေါ်ကြီးကို ပထုတ်ချင်တာအသိသာကြီး။ ခင်မှာ ထပ်အထွန့်တက်လျှင် ဒီတစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က မပြောရဲမဆိုရဲတာ ဘာမှမရှိတာမို့ ရှေ့နှုတ်ပိတ်နေလိုက်ရပေမယ့် စိတ်ထဲက မကျေလည်တာအမှန်။ အခုလည်း အခေါ်ကြီးလက်ရာ ညစာတဝတပြဲစားပြီးမှ စားကောင်းလား ဘာလားနှင့် လောကွတ်ချော်နေသောဒင်းကို အဖက်လုပ်ပြီး စကားမပြောချင်တာကြောင့်...

"ဒီမှာ..နွားနို့ပူပူလေး၊ သောက်လိုက်ဦး၊ ကိုယ်ဝန်ဆောင်ဆိုတာ အချိန်မှန်အိပ်ရမယ်၊ အာဟာရဖြစ်တဲ့ အစားအသောက်တွေကို..."

"ဒီမှာ"

သည်းမခံနိုင်တော့သဖြင့် ခင်က သူ့ကို ဆတ်ခနဲလှည့်ကြည့်ကာ...

"နေရာတကာ ဝင်မပါနဲ့၊ ဆရာကြီးအထာတွေ လာမလုပ်နဲ့၊ နင်နဲ့ငါ"

စကားမဆုံးလိုက်ဘဲ သူက ဖဲကြိုးနီနှင့် လိပ်စည်းထားသော စာရွက်လိပ်ကို ထောင်ပြကာ...

"မသက်ဆိုင်ဘူး ပြောမလို့လား၊ မဆိုင်ဘူး ခဏခဏအော်မနေနဲ့၊ ကိုယ့်ဗိုက်ကိုယ် အားနာ"





ဗိုက်ကို စာရွက်လိပ်နှင့် လှမ်းပုတ်ပြီးမှ...

"သတို့သားနေရာမှာ လက်မှတ်ထိုးထားပြီးပြီ၊ မင်းအလှည့်ပဲ ကျန်တော့တယ်၊ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း စာချုပ်လေ"

"ငါက လက်မှတ်ထိုးရမယ်"

မဲ့ပြုံးနှင့်မေးသော မျက်နှာလေးကို ကိုကိုက ဒီတိုင်းစိုက်ကြည့်နေမိသည်။ ညမီးရောင်အောက်မှာမို့ အသားလေးတွေနှစ်နေအောင် ဝင်းနေတာလည်းတွေ့ရသည်။ မျက်ခုံးတန်း သွယ်သွယ်အောက်က စူးရှနက်မှောင်သော ဒေါသမျက်ဝန်းတွေကြောင့်ပဲ မျက်လုံးဟာ အလုကြီးမဟုတ်ဘဲ ပေါ်လွင်သွားတာမျိုး။ နှာတံပေါ်သည်။ နှုတ်ခမ်းတွေက နီမြန်းပြီး ခပ်ထော်ထော်လေးမို့ ရန်တွေ့ကောင်းမည့်သူလို့ သက်သေထူနေသလို။ မျက်နှာတစ်ခုလုံး ဆောင်ခတ်ထားသည့် မေးရိုးတွေက လေးထောင့်ဆန်ချင်ချင်မို့ ပြုံးနေတာပဲဖြစ်ဖြစ်၊ စူပုပ်နေတာပဲတွေ့တွေ့ ချစ်စရာကောင်းနေတာ သေချာ၏။

ကိုကိုက အဲဒီမျက်နှာလေးအား တစိမ့်စိမ့်ကြည့်ရင်း ရန်စွာတာကိုပဲ သဘောကျကာ ဟိုတစ်ချိန်က ရန်စခဲ့တာလားလို့ ကိုယ့်ကိုယ်ကို ပြန်မေးချင်လာသည်။ အတိတ်က မသင့်မြတ်ခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးပြီး သူက ကြည်နူးစွာပြုံးနေမိသလောက် သူမကတော့ အသက်ပါတော့မတတ် ဒေါသတွေ ထွက်နေသောမျက်နှာနှင့်…

"ငါက ဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးရုံနဲ့ နင်နဲ့ငါ့ကြား ထဲက ဖြစ်ခဲ့သမျှ ကျေအေးသွားပြီလို့ မျှော်လင့်ချင်တာလား"

ကိုကိုက ဆိုဖာမှာ ခါးဆန့်ကျောမှီရင်း…

"ကိုယ်တို့က စစ်ပြေငြိမ်းရေးစာချုပ် ချုပ်နေတာမဟုတ် ဘူးလေ၊ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခိုင်းနေတာ"

"နင် ငါ့ကို ပြောခဲ့တာ မှတ်မိလား ကိုကို"

"ပြောတာတွေများတော့ ဝါးတားတားပဲ"

ခင် လေးနက်သမျှ သူက ခပ်ပေါ့ပေါ့လေး ပြောပစ်ဖို့ အစီအစဉ်ထားသလားမသိ။ ခင်က အခဲမကျေစွာ သူ့ကို ခပ်စိမ်းစိမ်း ကြည့်ရင်း…

"ငါက မစားကောင်းတဲ့ အသီးဆို"

"အဟွန်း"

အခက်တွေ့သွားသလို ကိုကိုက မျက်ခုံးရိုးကို လက်မနှင့် ဖွဖွခြစ်၏။ ခင်က ချောင်ပိတ်သွားသော သူ့ကို အားရစွာကြည့် ရင်း…





"အချစ်တွေနဲ့ သိမ်မွေ့တဲ့ ဘဝနှစ်ပေါင်းစပ်ချင်တာဆို၊ နင့်ကို ပခုံးချင်းယှဉ်ပြီး တိုက်ခိုက်မယ့်မိန်းမမျိုးကို ဆောရီးဆို"

"အင်းလေ"

"အခု အဲဒီမိန်းမကို နင် လက်ထပ်ချင်လာတာ မဟုတ် လား၊ နင် ပြောတဲ့စကားအတိုင်း ပြန်ပြောလိုက်မယ်၊ စိတ်ကူးတွေနဲ့ လာခလုတ်မတိုက်နဲ့၊ ငါက နင့်ကို တစ်သက်လုံးစာ ဆောရီးပဲ"

ဆတ်ခနဲ မတ်တပ်ထရပ်ရင်း ခင်က သူ့ရင်ခွင်ထဲသို့ စာချုပ်ကို ပစ်ပေါက်ကာ ဧည့်ခန်းထဲမှ ဖိုးဖိုးဖတ်ဖတ်ထွက်တော့…

"ဟော့…ဟော့…ဖြည်းဖြည်း၊ အထဲမှာ ကလေးရှိတယ်ကွ၊ မင်းလုပ်လိုက်ရင် အရမ်းအရမ်းပဲ"

"အရမ်းဖြစ်တော့ နင်က ဘာလုပ်ချင်လဲ၊ ငါ့ဗိုက်ထဲ ထည့်ထားတာ ငါ့သဘော၊ နင့်သဘောဖြစ်ချင်ရင် နင့်ဗိုက်ထဲ ပြောင်းထည့်"

"ပြောင်းလို့ရလဲ မထည့်ပါဘူး၊ ဒီဗိုက်ရှိတော့ မင်း စိတ်ထင်တိုင်း ကိုယ့်ကို တိုက်ခိုက်လို့ မရတော့ဘူးပေါ့"

ကြည့်စမ်း…မကြားတကြား ပြောတဲ့စကားကြောင့် ခင့်မှာ ဒေါသတွေ အတောမသတ်နိုင်ပေမယ့် ရင်ထဲ လုံးထွေးပြီးချကာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတံခါးကို ဆွဲဖွင့်တော့…

"ဟိတ်··အဲဒါ ကလေးအတွက်အခန်း၊ မင်းနဲ့ကိုယ်က ဟိုဘက်အခန်း"

"သေလိုက်"

ကျကျနနပြောပြီး ဒီဘက်အိပ်ခန်းဆီဝင်လာကာ တံခါးကို ဒုန်းခနဲမြည်အောင် ဆောင့်ပိတ်သည်။ ဒင်းနဲ့ တစ်ခန်းတည်းအိပ်ရအောင် ခင်နဲ့သူက။ ခင်က ခေါင်းရမ်းရင်း မျက်ဝန်းတွေပါ မှိတ်ပစ်ကာ အတိတ်၊ ပစ္စုပ္ပန်တွေ မမြင်လို၊ မကြားလို၍ပါ။ အခုတော့·· ခင့်အဖြစ်က ကိုယ်ဖောက်သည့်လမ်းမှာ ရှေ့ဆက်သွားရန် လမ်းပျောက်နေသူနှယ်။ ဒေါသတွေ မာနတွေနဲ့ စမ်းတဝါးဝါးဖြစ်နေဆဲမှာပဲ…

တစ်ခါတစ်ရံသူစိမ်းဆန်သော အချစ်ရဲ့ရင်ခုန်သံအကြောင်း သိချင်နေမိသေးတာမို့…

ခင့်အတွက် အနိုင်ဆိုတာ မရှိတော့ပြီလား။

❖ ❖ ❖



## အခန်း (၃၀)

"ဟိတ်··ဒါ ဘာလဲ"

မေးခွန်းနှင့်အတူ ရင်းနှီးသော ချိုအီအီရေမွှေးနံ့က အရင် အနားသို့ လွင့်လာ၏။ ခင်က နဖူးခေါင်းကို သိသိသာသာရှုံ့ရင်း··

"ယောကျ်ားဖြစ်ပြီးတော့ အမွှေးနံ့သာ ကြိုက်တာလည်း လွန်ပါရော"

မျက်နှာကို တစ်ဖက်လွှဲကာ နှုတ်ခမ်းလှုပ်ရုံပြောတာ ဖြစ်ပေမယ့်…

"အေးလေ၊ ယောကျ်ားဖြစ်နေလို့ မေးတာပေါ့၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ဘယ်သွားမလဲဆိုတာ''

''နင် ဘာတွေ ပြောနေတာလဲ''

ဆတ်ခနဲ ချက်ချင်းလှည့်မေးတော့ နားဆွဲရှည်တွေရမ်းခါသွားတာ လေပွေမွှေ့သွားတဲ့အတိုင်း။ ကြားသားပဲ။ သူမ ဘာပြောလဲဆိုတာ၊ ဒါပေမဲ့ ကိုကိုက ကိုယ်ပြောချင်ရာပြောတာမို့ သူမ ဆွေ့ဆွေ့ခုန်သွားပုံကိုကြည့်ရင်း ရယ်ချင်သည့်အစအနကို မျက်ဝန်းထက်မှ သိမ်းကာ…

''မင်း ပြောတာလေ၊ ယောကျ်ားဖြစ်ပြီး မိန်းမကို ဂရုမစိုက်တာလဲ လွန်ပါရောဆို''

''အေး…ကြားချင်ရာကြားပြီး ထင်ချင်ရာထင်နေတဲ့ နင်တော့ ရှာသာကြီးနဲ့ တော်တော်နီးနေပြီ''

''အင်း…အဲဒီဘက်မှာ စီးပွားရေးတက္ကသိုလ်ရှိတယ်မဟုတ်လား၊ ဒါပေမဲ့ ဟိုခေတ် အဲကိုကျောင်းသူတွေက လှသလောက် ဒီခေတ် လှတဲ့သူက ရှားသွားပြီကွ''

''သေချာတယ်၊ ဆေးမှားသောက်လာပြီ''

ခပ်ရွှံ့ရွှံ့ပြောရင်း ခင်က သံပန်းကို ဆွဲဖွင့်တော့ သူပါ





မရမက လိုက်တိုးထွက်ကာ…

''မင်းကိုလည်း ဆေးတိုက်ရဦးမယ်''

''ဘာဆေးလဲ''

''မေးတိုင်း ပြန်ဖြေတဲ့ဆေး''

မျက်တောင်တွေ ပိတ်ကျအောင် ခင်က မျက်စောင်းကို အားပါးတရပိတ်ထိုးရင်း လှည့်ထွက်သည်။ သူက…

''ဒေါ်ချော…အိမ်တံခါးပိတ်ဦး''

လှမ်းခေါ်ပြီး ခင့်နောက်သို့ အမောတကော ပြေးလိုက်လာကာ…

''ဒါ ဘယ်လဲ''

''လမ်းလျှောက်မလို့''

လှည့်မကြည့်ဘဲဖြေကာ လှေကားတွေကို သွက်သွက်ပြေးဆင်းတော့လည်း သူကပါ အနားမှာ အရိပ်လိုကပ်ပါလာရင်း…

''ဖြည်းဖြည်းဆင်း''

''နင် လိုက်ရင် မြန်မြန်ဆင်းမှာပဲ၊ ဖြည်းဖြည်းဆင်းစေချင်ရင် နင် နေခဲ့''



www.burmeseclassic.com

www.burmeseclassic.com



ခင်က ကိုယ့်အကြံနဲ့ကိုယ်။ သူ ဒီတိုက်ခန်း စရောက်လာတဲ့နေ့ကတည်းက လွတ်လွတ်လပ်လပ် မနေရတာ ဘယ်လောက်ကြာပြီလဲ။ ထိုင် ဖြည်းဖြည်း၊ ထ ဖြည်းဖြည်းနဲ့ ဟာသကားကြည့်ပြီး အားပါးတရ ရယ်တာတောင်··

"ဖြည်းဖြည်းရယ်၊ ကလေးက ဗိုက်ထဲမှာ မင်းရယ်သံကြောင့် လျှောင်လှုပ်တယ်ထင်ပြီး လန့်သွားလိမ့်မယ်"

ထို့ကြောင့် သူ မမြင်ကွယ်ရာသို့ ထွက်တာတောင် ဘေးက အမိအရ လိုက်လာတာကိုလည်း စိတ်တိုချင်သည်။

"ကဲ··ဘယ်လိုလဲ၊ နင် နေခဲ့မှာလား၊ ငါ မြန်မြန်ဆင်းရမလား"

"နေလည်း မနေခဲ့ဘူး၊ မြန်မြန်ဆင်းစရာလည်း မလိုဘူး၊ ဒီမှာ…"

ဖျတ်ခနဲ လာဆုပ်ကိုင်တဲ့ သူ့လက်ထဲမှာ ခင့်လက်ဖဝါး တစ်ဖက် အငိုက်မိသွားသည်။ နူးညံ့သည့် အထိအတွေ့ကြားထဲက နွေးထွေးသော သူ့လက်ဖဝါးပြင်တွေက ခင့်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်သည့်အချိန်မှာ ထုတ်နုတ်သိမ်းဖယ်မရအောင် ရင်ခုန်





သံက ဝုန်းဒိုင်းကြဲဆူညံလာ၏။

"ကဲ··အဆင်ပြေတယ် မဟုတ်လား"

ရှပ်တည်ကြီးနှင့် မေးဆတ်ပြောပေမယ့် ရယ်မြူးရိပ်သမ်းတဲ့ မျက်ဝန်းတွေကို ဖျတ်ခနဲ တစ်ဖက်မှိတ်ပြတော့ ခင်မှာ ရှန်းကန်ရင်းအင်အားမဲ့လေပြီ။ ဘာကြောင့်ရယ်မှန်းမသိ။ အကြည့်ချင်းဆုံတိုင်း နွေးထွေးရီဝေသော မျက်ဝန်းတွေကြောင့် ရင်ခုန်သံက ဆုံးမ မရအောင် ရိုင်းစိုင်းခဲ့တာကြာပြီ။

အမှတ်မထင် ကြည့်မိတိုင်း ငေးခနဲဖြစ်သွားအောင် ချောမောလွန်းသည့် သူ့မျက်နှာကို အကြည့်လွဲပစ်သည့်တိုင်အောင် မျက်ဝန်းထဲက ထုတ်မရဖြစ်တတ်၏။ တကယ်ဆို ငြိုးခဲ့သော အမုန်းတွေက ပြေစပျောက်စဆိုပြီး ဉာဏ်မှုန်းလောက်အောင် မလွယ် ခဲ့မှန်း သိသိကြီးနှင့်…။

"တစ်ခါတစ်ခါ ကို စဉ်းစားမိတယ်"

ဖဝါးချင်းထပ်ညပ်အောင် ဆုပ်ကိုင်ထားသဖြင့် ပခုံးချင်း ထိတ်လျက်ရှိရင်းကလည်း ခင်က ပစ္စုပ္ပန်ကို မေ့သွားတာ အကြိမ် များစွာ။ သူ့အသံကြားမှ စိတ်တို့ကို လိုက်ဖမ်းရတဲ့အဖြစ်မို့··။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ဘာကြောင့် ရန်ဖြစ်ခဲ့ရသလဲဆိုတာ"

"အဟွန်း‥သိချင်ရင် မှန်ကြည့်ပြီး မေးပေါ့"

ခင်က ရွှဲ့တဲ့တဲ့ဖြေတော့ သူက ခြေစုံရပ်ပြီး သူမကို

ငဲ့ကြည့်ကာ‥

"မှန်ကြည့်ပြီး မေးဖူးတယ်"

"အဲဒီတော့"

ညစ်ကျယ်ကျယ်မျက်နှာပေးနှင့် ခင်က မော့မော့လေး

စကားထောက်သည်။ တကယ်တမ်း ခင့်မျက်နှာကို သူ စေ့စေ့

စပ်စပ်ကြည့်သောအခါတွင်လည်း ရင်ဆိုင်ရန် စွမ်းအားမဲ့လျက်

မျက်နှာကို ဟိုဒီလွှဲရင်း‥

"မေးနေတာ မဖြေသေးဘူးနော်"

သူက ခင့်လက်ဖဝါးကို ဆွဲယူကာ သူ့ပါးပြင်မှာကပ်

တော့ မျှော်လင့်မထားသည့် အထိအတွေ့ဆန်းတစ်ခုမှ ခင့်ရင်ခုန်သံ

တွေက ဒိန်းခနဲ။

"ခက်တာက မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်မမြင်ဘဲ

မင်းကိုပဲ မြင်ယောင်နေလို့"





"ပြန်ကြရအောင်"

ခင်က လက်ကိုရုန်းပြီး လာလမ်းအတိုင်း ပြန်လျှောက်ရန်

ခြေဦးလှည့်ပေမယ့် သူက သူမကိုလွှတ်မပေးဘဲ‥

"တကယ်ပြောတာ၊ မင်း ကိုယ့်ကို နာကျင်အောင်လုပ်ပြီး

တဲ့နောက်မှာ ကိုယ့်စိတ်တွေ ပြောင်းလဲသွားတာ"

"နာကျင်အောင်"

ဖွဖွလေးရွတ်ရင်း စိတ်က အတိတ်ဆီ ပြန်ရောက်သွားတာ

ကို သူက ရိပ်မိဟန်တူသည်။

"သတိရစေချင်လို့ ပြောတာမဟုတ်ဘူးနော်၊ ဒါပေမဲ့

ကိုယ့်ဘဝမှာ အမှတ်တရဖြစ်နေလို့၊ အဟွန်း‥ကိုယ့်ကို နာကျင်

အောင် လုပ်ခဲ့တဲ့သူကိုမှ ကြင်နာချင်သွားတာမျိုးဆိုတော့‥"

တွန့်ကုတ်ထားခဲ့သော မျက်ခုံးနှစ်ဖက်က ပြေကျသွား

လျက်။ ခေါင်းငုံ့နေပေမယ့် ခင့်မျက်ဝန်းထဲ ဘာကိုမှမမြင်။ ထစ်ခနဲရှိ

ရှူးခနဲ ဒိုင်းခနဲ ပေါက်ကွဲတတ်သော ဒေါသတွေလည်း ဘယ်ရောက်

သွားပုန်းနေမှန်းမသိဘဲ ရင်ခုန်သံက ရင်ဘတ်ထဲ မချိမဆန့် ဖိသိပ်

သားရသော အချိုးအဆမျှားစွာနှင့် ရှိရင်းက‥‥



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တကယ်လိုချင်တာ မင်းနဲ့ သင့်သင့်မြတ်မြတ် နေသွားဖို့ပါ"

လက်နှစ်ဖက်စလုံး ဆွဲကိုင်ပြီး သူက တောင့်တောင့်တတ ပြောသည်။ လူတကာပြောသော လေးနက်ခမ်းနားသည့် ရင်ခုန်သံ အဓိပ္ပာယ်ကို လှောင်ပြောင်ပြုံးပစ်ဖို့ ကြိုးစားပေမယ့် နှုတ်ခမ်းတွေ ဟာ အမိန့်ကို မနာခံတတ်ဘဲ ရှက်ရိပ်တို့စွန်းထင်းကာ...

လေညင်းတွေကတောင် အလိုက်တသိ ဖြည်းညင်းစွာ တိုက်ခတ်ပေးနေပုံက ခင့်နှလုံးသား အရည်ပျော်တော့မယ့်အဖြစ်ကို သိနှင့်နေတဲ့အတိုင်း...။

❖ ❖ ❖



## အခန်း (၃၁)

တိမ်စိုင်တစ်ဆုပ်က ခင့်အနားမှ ဖြတ်သွားသည်။ ဟိုး အရှေ့ကို မျှော်ကြည့်တော့ ပြာလဲ့လဲ့မိုးသားကို ကျယ်ပြောစွာ တွေ့ရ၏။

"ငါ ဘယ်ရောက်နေတာလဲ"

ကိုယ့်ကိုယ်ကို ပြန်မေးရင်း သိချင်စိတ်ကြောင့် ဘေးဘီ ငဲ့ကြည့်တော့ ခင့်နှာခေါင်းဝမှာ ရင်းနှီးသောရနံ့တစ်မျိုး။ ချိုအီ ပေမယ့် လတ်ဆတ်သည့်ရနံ့။ ပြီးတော့ တငြိမ့်ငြိမ့်လှုပ်ရှားနေသည့် ထိတွေ့ခြင်း တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူရယ်..ဗိုက်ကြီးသည်ကို မွေ့ချီလာရသလား၊ မတော် ပြုတ်ကျမှဖြင့်"

ဒါ..ဒေါ်ချော အသံ။

"နေ့ခင်းကြီး ဆိုဖာပေါ် အိပ်နေတာ ဒေါ်ချောက မပြော ဘူးလား"

ဝေဝေဝါးဝါးဖြစ်နေသော အသိစိတ်က ငေါက်ခနဲနိုးကြား သွားသည်။ ဘုရားရေ..ဒါ အိပ်မက်မဟုတ်ဘူး။ အိပ်မက်ထဲကလို တိမ်တွေစီးနေတာ မဟုတ်ဘူးဆိုတဲ့အသိက ရင်ကိုဖျတ်ခနဲ လင်း သွားစေတဲ့အတိုင်း။

"တီဗီကြည့်ရင်းနဲ့ အိပ်သွားတယ် ထင်ပါရဲ့၊ အိပ်ခန်းထဲ ရွှေ့မှာလား"

သူ့ထံမှ ဘာအဖြေစကားမှ မကြားရတော့ဘဲ ခင့်ကို နှစ်ယောက်အိပ်ခုတင်ကြီးပေါ် ချသည်ဆိုတာ သိလိုက်ရသည်၊ မျက်လုံးဖွင့်မကြည့်ဘဲ အိပ်ချင်ယောင်ဆောင်နေသောအဖြစ်က ဟန်ဆောင်ရခဲယဉ်းကြောင်း ပြောမယုံကြုံမှ သိသည်။ ခင့်ရဲ့ ရင်ဘတ်တစ်ဝက်နားလောက်အထိ စောင်ပါးလေး ဆွဲခြုံပေးတာ





လည်း သိနေပြီးမှ...

ဘုရား..ကယ်တော်မူပါ။ သူ ခင့်မျက်နှာနား ထိုင်ချ လိုက်သလား။ ထွက်သက်လေငွေ့နွေးနွေးက ခင့်မျက်နှာကို နီး ကပ်စွာ ထိခတ်လျက်ရှိပြီး...

"နှစ်ကိုယ်တူဘဝကို ဘယ်တော့များမှ ကို ပိုင်ဆိုင်ခွင့် ရမှာလဲ ခင်ရယ်"

သပ်လျှိုထားခဲ့သောအချစ်ဟာ သူ သတိထားမိတဲ့ အချိန် မှာ ရင်ထဲ အမြစ်တွယ်သော သက်ရင့်သစ်ပင်ကြီးတစ်ပင်လို။

ကိုကိုက ဆွေးကြောစိမ်းတွေ ယှက်သမ်းနေသော ပါးပြင် လေးကို လက်ခုံနှင့် ဖွဖွပွတ်သပ်ရင်းက...

ထောင့်ချိုးညီသော နှုတ်ခမ်းပြည့်ပြည့်လေးဆီမှ ခေတ္တ မေ့မူးစွာ နားခိုရင်း။ အနမ်းသူခိုးသည် ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိဘဲ သူမမျက်နှာလေးအနှံ့ကို တိုးတိုက်နမ်းရှိုက်ကာ ကော့စင်း ပူးယှက်နေသည့် မျက်တောင်ဖျားတွေမှာ သူ့အနမ်းကို ရပ်တန့်စေ သည်။

သူမအနားမှာ မတ်တပ်ထရပ်ချိန်မှာ အကြည့်တို့က ဆို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးထက်မှာပဲ ထင်ကျန်ရစ်ရင်း…။ သူ အိပ်ခန်းထဲမှ ထွက်သွားသောခြေသံကို ခင် နားစွင့်နေခဲ့၏။

တစ်ခန်းလုံး တိတ်ဆိတ်ခြင်း မင်းမူသွားသည်။ ဖျတ်ခနဲ ပွင့်လာသော မျက်ခွံတို့အောက်မှာ မျက်ရည်ကြည်တို့က မခေါ်ဘဲ ရောက်လာကြ၏။ ခင်က ပူနွေးဆဲနှုတ်ခမ်းတွေကို လက်ခုံဖြင့် ဖိပိတ်ရင်း အင့်ခနဲ တိုးတိုးလေးရှိုက်သည်။ ရင်ဘတ်တစ်ခုလုံး ရိုက်ပုတ်ထုထောင်းခံထားရသလို နာကျင်နေခြင်းဟာ သူ့အချစ်ကို သိခွင့်ရ၍လား။ ကိုယ့်အချစ်ကို မပေးနိုင်တော့၍လား။

နူးညံ့ပြောင်းလဲလွယ်သော နှလုံးသားကို ဘယ်ဆီဖြစ်ဖြစ် လွှင့်ပစ်လိုက်ချင်သည်။ ခင်တော့ ခင်ပါပဲ။ ဒါပေမဲ့ အချစ်ရဲ့ ဘုရင်မတော့ မဖြစ်လို။

တကယ်ဆို ခင်က အသည်းခွဲဘုရင်မ။

❖ ❖ ❖



## အခန်း (၃၂)

"မြန်မြန်လာ..အဲ့..ဖြည်းဖြည်း၊ ဖြည်းဖြည်း၊ ဟင်း.. ငါ့နှယ်နော်၊ ဘယ်လို ပြောရမှန်းကို မသိတော့ဘူး"

ရှေ့မှ ပြေးတက်သွားကာ နောက်နားတွင် ကျန်ခဲ့သော ခင့်ကို လာပြေးဆွဲရတော့မလိုလို၊ အခန်းဆီအရင်ပြေးကာ တံခါး ကိုဖွင့်ရင်း ကိုကို ပြန်ရောက်မရောက် ပြေးကြည့်ရတော့မလိုလိုနှင့် ဗျာများနေသော ဒေါ်ချောကိုကြည့်ပြီး ခင်က လှေကားထက်ဝက်မှာပဲ ဟက်ဟက်ပက်ပက် ရယ်သည်။ ဒါကိုပဲ ဒေါ်ချောက မျက်လုံးကြီး ပြူးကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး..မယ်မင်းကြီးမရယ်၊ ရပ်ပြီး ရယ်တော်မူမနေစမ်းပါနဲ့၊ လာပါ..မြန်မြန်"

"အဲဒီလောက်ထိ ကြောက်ပြမနေစမ်းပါနဲ့ ဒေါ်ချောရာ"

"အလိုတော်..မကြောက်ရဘူးလား၊ ဟိုက ဒီလှေကားအမြင့်ကြီးကို အတက်အဆင်းမလုပ်ပါစေနဲ့လို့ အတန်တန်မှာထားတာလေ"

"အဲဒီလောက် အဖြစ်သည်းနေလည်း သီးသန့်ဓာတ်လှေကား တပ်ထားလိုက်လို့ ဒေါ်ချောက ပြောလိုက်ပေါ့"

"ငါက..သူ့ကို"

ရင်ဘတ်ဖိပြီး မျက်လုံးကြီးပြူးကာ အလန့်တကြားဖြစ်သွားတဲ့ ဒေါ်ချောပုံကိုကြည့်ပြီး ခင်က အားပါးတရရယ်ကာ ဗိုက်ကြီးကော့ပက်ကော့ပက်နှင့် လှေကားထစ်တွေကို ကျော်ဖြတ်ရင်း...

"အဲဒီလောက် ကြောက်ပြမနေပါနဲ့ ဒေါ်ချောရာ၊ သူပြောသွားသားပဲ၊ ညနေ သုံးနာရီမှ ပြန်ရောက်မယ်လို့၊ အခု နှစ်နာရီတောင် မထိုးသေးဘူး၊ ဒီမှာ ကြည့်"

လက်မှနာရီအား ဒေါ်ချော မြင်သာအောင် မြှောက်ပြသည်။





အစိမ်းရင့်ရောင် ဂါဝန်က လည်ပင်းဗီရှိတ်ကို ရင်အစပ်မှာ ခါးပတ်ပြားအနီဖြင့် စည်းထားပြီး ဒူးကျရုံအသားကပ်ဘောင်းဘီက အစိမ်း။ နားဆွဲအရှည်အစိမ်းနှင့် ဆံပင်တိုတိုကို လှန်သိမ်းတင်ထားသည့် ဘီးကုပ်ပြားကြီးကလည်း အစိမ်းမို့ တစ်ကိုယ်လုံး စိမ်းချင်တိုင်းစိမ်းနေသော ခင့်ကို ဒေါ်ချောက မသက်မသာနှင့် ကြည့်သည်။

ဒီနေ့ခေတ်လူငယ်တွေနှင့် ခေတ်အဝတ်အစားတွေက လိုက်တော့လိုက်သားလို့ ကြည့်ရင်းက တွေးမိတာသပ်သပ်။ အကျင့်ပါနေသော လက်က ခင့်လက်မောင်းရင်းကို ဖေးမထိန်းရင်း အခန်းဆီ လျှောက်လာ၏။ ဂါဝန်တွေက ဗိုက်ကြီးသည်တွေ ဝတ်ရသလို ဗိုက်မရှိသော အပျိုလေးတွေလည်း ဒါမျိုးဝတ်နေကြတာပဲ။ ခင်ကတော့ ရယ်ရယ်မောမောနှင့်ပင်...

"အဲဒါ ဒီဇိုင်နာတွေကို ကျေးဇူးတင်ဖို့ကောင်းတာပေါ့ ဒေါ်ချောရဲ့၊ ဗိုက်ဖုံးအင်္ကျီဆို ဗိုက်ကြီးတုန်းပဲ ဝတ်လို့ရမှာ၊ ခုတော့ ကလေးမွေးပြီးလည်း ဝတ်လို့ရပြီ၊ အကုန်အကျတောင် သက်သာသေး"

"ဒါဖြင့် ခင် ဝတ်နေတဲ့ ဘောင်းဘီကျပ်ကျပ်တွေကရော၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆံ့တာပဲလားဟင်"

"အဲဒါလည်း ဗိုက်ကြီးသည်တွေ ဝတ်ဖို့ ထုတ်ထားတဲ့ ဘောင်းဘီ"

သူ့ဟာနဲ့သူတော့ ကွက်တိ။ ဒေါ်ချောက ကိုယ်ဝန်ဆောင်သည်တွေရဲ့ ဇဟုသုတကို အဲဒီလိုသင်ယူရင်း ဒီလင်မယားအနားမှာ နေရတာ ပျင်းရိတယ်လို့မှ မရှိတာ။

"ကဲ..တွေ့လား၊ မရောက်သေးပါဘူးလို့"

ခင်က သံပန်းအပြင်မှာ ခတ်ထားဆဲသော့ကို မျက်စ်ပြပြီး ပြောသည်။

"အေးပါအေ၊ တော်ပါတယ်..ညည်းကလေ"

သော့ဖွင့်ရင်း ဒေါ်ချောက မဲ့ရွဲ့ချီးမွမ်းသည်။ သံပန်းတစ်ထပ်ဖွင့်ပြီးမှ အိမ်ထဲခြေချကာ တံခါးမကြီးကို နောက်ထပ်ဖွင့်ပြီး ခင်က ညှော်ခန်းထဲအလျှင်စလို အဝင်မှာပဲ..

"သားကောင်းရတနာလေးကို ထိန်းသိမ်းပေးထားတဲ့ မိခင်လောင်းအတွက်"

"ရန်ဖြစ်ရင်း ပြန်ချစ်သွားတဲ့ အချစ်တွေအတွက်"





"ကိုကိုနဲ့ ခင် ချစ်ခြင်းအားဖြင့် အသက်ရာကျော် ရှည်ပါစေသော်ဝ်"

ဆုတောင်းသံတွေ၊ တဝေးဝေးတဝါးဝါး အသံတွေနှင့် ခေါင်းပေါ် ပစ်ဖောက်တဲ့ ကြိုးဘူးတွေကြောင့် ခင်က အံ့သြတကြီး ညှော်ခန်းဆီ အကြည့်ရောက်တော့...

"နင်တို့တွေ"

"ဟုတ်ပ၊ နင့်ရဲ့ အချစ်ဆုံး သူငယ်ချင်းတွေလေ"

ခင်သည် ထိုလူစုဝေးကြီးအား မင်သက်စွာကြည့်ရင်းကပဲ.. အံ့သြခြင်းတွေ၊ ထိတ်လန့်ခြင်းတွေက ဘယ်လိုအရောင်ကွဲပြားပြီး ခန္ဓာကိုယ်အနှံ့ စီးဆင်းသွားလဲမသိ။

"ငါတို့ခင်က ဗိုက်ကြီးနဲ့မှ ပိုလှလာတာယော့"

"ဒီမိန်းမ..ရှက်တာလား၊ ကြောက်တာလား မသိဘူး၊ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်တဲ့အဖြစ်"

"ဒိုင်လျှိုထားတာတွေ ပေါ်ကုန်ပြီဆိုပြီးလေ"

တစ်ယောက်တစ်ပေါက် စကားသံတွေကြားမှ ခင် လက်ဗဝါးတစ်ဖက်ဆီမှ နူးညံ့သောအထိအတွေ့နှင့်အတူ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့က ငါတို့ရဲ့ အိမ်ထောင်သက် ခြောက်လတင်းတင်း ပြည့်တဲ့နေ့၊ ပြီးတော့ ငါတို့ကလေးရဲ့ ကလေးအသက် ခြောက်လ ပြည့်တဲ့နေ့၊ နော်··ဘောဘီလေး"

ကိုကိုက ခင့်ဗိုက်စူစူနားသို့ ကိုယ်လေးကို ကိုင်းချပြီး ပြောကာ ခင့်ဗိုက်ဆီ ဖျတ်ခနဲ ငုံ့အနမ်း··

လက်ခုပ်သံတွေက ကမ္ဘာကြီးတုန်သွားမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာတာလား။ ခင့်ရဲ့သီးသန့်ကမ္ဘာကြီး တုန်သွားတာလား ကွဲကွဲပြားပြား မသိရဘဲ··။

ခင့်မှာ နေ့ခင်းကြီး ကြယ်တွေလတွေ မြင်ရတဲ့အထိ ရှော့ခ်အကြီးကြီးတစ်ခုရလျှက်။

ကိုကိုက အမြဲဒီလိုချည်းပဲ။ လုပ်ချင်တာရှိရင် မတိုင်ပင်မဆွေးနွေးဘဲ ဖွတ်တရွတ်။

❖ ❖ ❖



## အခန်း (၃၃)

"ဘာပဲဖြစ်ဖြစ် ကိုကို စီစဉ်တာ ကောင်းသားပဲ ခင်ရယ်၊ နှစ်ဦးသဘောတူ လက်ထပ်ထားတယ်ဆိုပေမယ့် မိဘတွေက ဘာမှ သိသေးတာမှ မဟုတ်တာ"

"ငါ့စိတ်ထင် နင့်မိဘတွေရော၊ ကိုကို့မိဘတွေရော နင်တို့ ဒီလိုပြေလည်သွားတာသိရင် ဝမ်းသာသွားမှာ၊ ငါတို့တောင် ကြားထဲက ပျော်နေတာ"

ပိုးပိုးနှင့် ယမင်းက တစ်အိမ်လုံး လှည့်ပတ်ကြည့်။ ကိုကိုနှဲ့ သူမရဲ့ဆက်ဆံရေးကို အကဲခတ်ကြည့်နှင့် ဝမ်းသာအားရ ပြန်ခေါ်


www.burmeseclassic.com

www.burmeseclassic.com



တာက ဆွေပြမျိုးပြအဖြစ် မြို့ကလေးသို့ပြန်ရန်။ ကိုကိုကတော့ သူမ ပခုံးကိုဖက်ထားလိုက်၊ လက်ဖျားဖွဖွဆွဲထားလိုက်နှင့် အနား မခွာစတမ်းရှိကာ…

"လူကြီးတွေပြောသမျှ အပြစ်တွေအားလုံး ကိုယ်ပဲခံမယ် ကွာ…စိတ်ချ၊ ခင့်အပြစ် မကျစေရဘူး၊ လိုအပ်ရင် တန်ဆောင်တိုင် ည ကိစ္စပါ"

"အို…အဲဒီလောက်ထိ ပြောစရာမလိုပါဘူး"

ထစ်ခနဲရှိ ဒီကိစ္စကိုချည်း ဆွဲထည့်နေသော ကိုကို့ကို ခင်က မျက်စောင်းရွယ်ပြီး ထငြင်းတော့ သူက ခေါင်းမော့ပြီး ရယ်တာ ဘာမဆိုလိုက်လျောမည့်ရုပ်ကြီးနှင့်…။

"ဒီကောင် တော်တော် ပြောင်းလဲသွားတာဟ၊ ကိုယ်ဝန် ကြီးနဲ့ဆိုပြီး သတင်းလည်းရရော ငါတို့တောင်မခေါ်ဘဲနဲ့ နှင့်ဆီ တန်းပြေးလာတာကြည့်"

"ပြေးတာ မပြေးတာထက် ဒေဝီတို့က အရင်ကလို တကျက်ကျက်နဲ့ ရန်ဖြစ်နေမှာစိုးတာ"

"ရုပ်တွေကို ကြည့်စမ်းပါ ဒေဝီရာ၊ ရန်ဖြစ်မယ့်ရုပ်လား၊





အိပ်ခန်းထဲက မထွက်မယ့်ရုပ်လားဆိုတာ"

"ဟယ်…ကြည့်စမ်း၊ မိုးပြည့်…နင် ရိုင်းလှချည်လား"

မယ်က အရင်ထအော်တော့ အနီးရှိဒေဝီက မိုးပြည့်လက် မောင်းကို တဘုန်းဘုန်း ရိုက်သည်။ ဒီတော့မှ မိုးပြည့်က တဟီးဟီး တဟဲဟဲနှင့်…

"ငါပြောတာက ခင်က ကိုယ်ဝန်ကြီးနဲ့လေ၊ အဲဒါ သက် သောင့်သက်သာဖြစ်အောင် အိပ်ခန်းထဲမှာ အနားယူတယ်၊ ဒါကို ပြောတာ"

"ကိုကို…မင်း အဲဒီလို အနားပေးထားတဲ့ အဓိကလျှို့ဝှက် ချက်လေး ငါ့ကို နည်းနည်းမျှစမ်း၊ ပိုးပိုးနဲ့ လက်ထပ်ပြီးတဲ့အခါ ငါ အသုံးပြုရအောင်"

"တင်ကို…သေနာ၊ အစုတ်ပလုတ်၊ နှာဘူး"

ပိုးပိုးက ထဆဲတော့ အောင်လင်းက ကြားဝင်ကာ…

"ဟွန်း…နောက်မှ အဲဒီ နှာဘူးကောင်းမှန်း နင်သိမှာ"

"အောင်လင်း ပြောစမ်း၊ ဘာကောင်းတာလဲ"

နောက်ပါးမှ ဒေဝီက သူ့လူကို နားရွက်ဆွဲပြီးမေးတော့



www.burmeseclassic.com

www.burmeseclassic.com



အောင်လင်းမှာ မအိမလည် မျက်နှာကြီးနဲ့…

"အဟီး..လူကောင်းလူတော်လို့ အဲဒါ ပြောတာပါ ခေဝီ
ရဲ့"

လျှော့ချတာ အသိသာကြီး။ ပစ်နေကုန် ရှေးဟောင်း
နှောင်းဖြစ်တွေ ပြောလိုက်၊ စားလိုက်သောက်လိုက်နှင့် တိုက်ခန်း
တစ်ခန်းလုံး ဆူညံသမျှက ညည့်နက်မှ နှစ်ပါတီကွဲထွက်သွားတ
က ယောကျာ်းလေးတွေက အိမ်ရှေ့ဧည့်ခန်းမှာ အသောက်ဝိုင်းလေ
ဖွဲ့ပြီး ခင်တို့တစ်တွေက အိပ်ခန်းထဲမှာ။

"အဲဒါကြောင့် နင်က တစ်ယောက်တည်း ခွဲထွက်ပြ
နေတာကိုး၊ မကြီကောင်းမစည်ရာ ခင်ရယ်၊ မတော် ဗိုက်ကြီး
တစ်ခုခုဖြစ်နေမှဖြင့်"

အတိတ်ကို ပြန်မျှော်ကြည့်ရင်း ယမင်းက စိုးရိမ်ကြီး
ပြောသည်။ ပိုးပိုးကတော့ တွေးတွေးဆဆလေးနှင့်…

"အဲဒီတုန်းက နင် တစ်ခုခုတော့ လွဲနေပြီဆိုတာသိတ
ဒါပေမဲ့ ဘာလွဲနေမှန်း မသိခဲ့ဘူး၊ ငါတို့ တော်တော်ညံ့တာ"

"ညံ့တာတော့ တရားလွန်၊ သူတို့နှစ်စုံတွဲကို ကိုက်





န်းဆက်ခေါ်ပြီး ငါတို့ အဆေးပြေးဂိတ်မှာ သွားကြိုတဲ့အထိ သူတို့က
င်နဲ့ကိုကိုရဲ့အဖြစ်ကို မယုံသေးဘူး၊ ရှင်းပြတဲ့သူတွေ အာပေါက်
တတ်ကို မနည်းကြီးပြောပြပြီး ဒီကို ခေါ်လာရတာ"

တစ်ချိန်လုံး စကားနည်းပြီး ငြိမ်သက်စွာ နေတတ်သည့်
က အဲဒီလိုဝင်ပြောတာတောင် ယမင်းက ခင့်ထံလှမ်းကြည့်ရင်း..

"ယုံချင်စရာကိုး၊ သူတို့က အမေရိကန်နဲ့ အယ်လ်ကေးဒါး
တ်ဆိုးတဲ့ အငြိုးတွေနဲ့ဥစ္စာ"

"အခုလို အငြိုးတွေပြေပြီး ကြင်ကြင်နာနာ မြင်ရတော့
ဖြင့် ပျော်လည်းပျော်၊ စိတ်ချမ်းသာတဲ့ခံစားမှုမျိုးနဲ့ သူတို့ကို
ည့်ပြီး အလိုလို ပီတိဖြစ်နေတာဟဲ့"

ပိုးပိုးရဲ့ အားပါးတရအပြောကို ခင်က နားထောင်ရင်း
အပျော် သူတို့ပီတိကို လိုက်ပါမခံစားနိုင်ဘဲ လက်မှိုင်ချနေရတဲ့
အဖြစ်က..

ကိုယ့်အကြောင်းနဲ့ ကိုယ်..။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဖျတ်ခနဲ အခန်းတံခါးဖွင့်လိုက်တာနှင့် ညှော်ခန်းဆီက ဟောက်သံတွေက တခူးခူးတခေါ်ခေါ်။ ခင်က အခန်းပြင်သို့ ခြေချရင်း အိပ်ခန်းဆီ ခေါင်းငုံ့ကြည့်တော့ စည်သွပ်ဘူးထဲက ငါးသေတ္တာတွေလို။ အိပ်ခန်းကျဉ်းကျဉ်းလေးထဲ တိုးဝှေ့ကျပ်သိပ်စွာ အိပ်နေကြပုံက တကယ့်နှစ်နှစ်မြိုက်မြိုက်။

"ဆောရီးပါဟယ်၊ အားလုံးအတွက် ငါ တကယ် စိတ်မကောင်းတာပါ"

အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံလေးပြောကာ ညှော်ခန်းဆီ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့၏။ ဆိုဖာပေါ် ခြေတစ်ဖက်တင်ပြီး အိပ်ပျော်နေတဲ့သူနဲ့ တစ်ယောက်ရင်ဘတ်ကို တစ်ယောက်က လှမ်းခွထားသူ။ တီဗီရှေ့ ဖင်ဘူးတောင်းထောင်ပြီး အိပ်နေသူ··အစရှိသဖြင့် ဖရိုဖရဲဘီယာဘူး ခွံတွေ၊ စီးကရက်တိုတွေကြားထဲ ခင်က ခြေဖျားထောက်ပြီး ဖြတ် ကျော်လာခဲ့တာ အသံတစ်ချက်မှ မထွက်စေရ။

တစ်ညလုံးလိုလို စကားတွေပြော၊ သီချင်းတွေဆိုနှင့် မအိပ် သော ဒီလူစုက မိုးလင်းခါနီးမှ အသံတွေတိတ်သွားတာမို့ အရက် တက်စ နံနက်ငါးနာရီမှာ ဘယ်လိုမှမနိုးနိုင်။

ခင်မှာ ပန်းနုရောင် ထက်အောက်ဆင်တူ ညအိပ်အင်္ကျီ တောင် မလဲနိုင်။ အင်္ကျီက ကြိုးပြားကြီးနှင့် ပခုံးချိတ်ရှုံ့ဖြစ်က အောက်ဖျားနားမှာ အတွန့်အဖတ်တွေနဲ့မို့ ပွပွကားကားလေး ဘောင်းဘီကလည်း ခြေသားလုံးတစ်ဝက်ခန့်ကို အတွန့်လေးတွေနှင့် မို့ ကိုယ်ဝန်ဆောင်တွေ ဝတ်လို့ရသည့် အဆင်အပြင်မျိုး။

အခန်းတံခါးဖွင့်ထွက်ပြီးတာနှင့် ခင်က လက်မှကိုင်လာ သော လည်သာအိတ်ကို ပခုံးမှာလွယ်ကာ ဓာတ်လှေကားဆီ ခပ်သွက်သွက်လျှောက်ဝင်သည်။ ဒီအိတ်ထဲမှာ ပိုက်ဆံနှင့် ဘဏ်





စာအုပ်ပါသည်။ ခရီးတစ်ခုသွားရန်အတွက်ဆို ငွေက နံပါတ်တစ် အလိုအပ်ဆုံးအရာ။ ဒုတိယလိုအပ်တာက ကားသော့လို့တွေးပြီး ဓာတ်လှေကားပွင့်တာနှင့် ကားပါကင်ထဲရှိ သူ့မကားဆီ အပြေး သွား၏။

တိတ်ဆိတ်နေသော ကားပါကင်ဝင်းထဲ သူ့မ ခွာမြင့် ဖိနပ်သံ တဒေါက်ဒေါက်က ကျယ်လောင်စွာထွက်နေတာကိုပဲ ခင်က ချောက်ချားချင်နေသေးသည်။ ကားကို အဝေးထဲက ရီမုတ်ခ် နှင့် သော့လှမ်းဖွင့်၊ ကားထဲဝင်ထိုင်ပြီး စက်နှိုးခြင်းတွေကို တရစပ် လုပ်ဆောင်ပြီးမှ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။

ခင့်ရဲ့ ဗိုက်နေရာက စူစူမို့မို့လေးရှိဆဲ။ ခင်က ထိုဗိုက်လေး ပေါ် လက်ဖဝါးဖွဖွတင်ရင်း··

"ဆောရီးပါပဲ၊ အားလုံးကို လည့်စားခဲ့တဲ့အတွက်"

အင်္ကျီနောက်ကျောဘက်မှနေ၍ ခါးနားဆီက ကပ်ခွာကို ဆွဲဖြုတ်သော စူမို့မို့ဗိုက်က လျှောက်ခနဲပြုတ်ကျခြင်းအဖြစ်သို့ ရောက် လေသည်။ ခင်က အင်္ကျီအောက်မှ ဗိုက်အတုကို ဆွဲထုတ်ရင်း···

"အဟွန်း··ရယ်ရတယ်၊ ကလေးရှိမှ မိန်းမတော်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ၊ ဗိုက်ကြီးပါတယ်ဆိုမှ လင်မယားတော်ဖို့ အတင်းချွေမျိုးစပ်တဲ့ သူ၊ နေခဲ့တော့ ကိုကို၊ နင့်ရဲ့ဝတ္တရားဆန်တဲ့ ကြင်နာခြင်းတွေနဲ့ ငါ လှည့်စားခဲ့မှန်းသာသိရင် ချစ်တာတွေ မေတ္တာတွေပျောက်ပြီး အဲဒီနေရာမှာ အစားထိုးရောက်လာမယ့် နင့်ဒေါသတွေကို မခံစားနိုင်လွန်းလို့ ငါ ထပ်ပြီး ထွက်ပြေးပါရစေ''

ဝေ့ခနဲ ပြေးတက်လာတဲ့ မျက်ရည်ကြည်တွေကို ခင်က မျက်တောင်ဖျားတွေနဲ့ ပုတ်ခတ်သိမ်းဆည်းရင်း ကားမောင်းထွက်ခဲ့သည်။ အားလုံးအတွက် တကယ်စိတ်မကောင်းခြင်းတွေ ဖြစ်ရသည့်အထဲ သူနဲ့အတူနေ နေ့ရက်တွေ ပြန်တွေးကြည့်တော့ ရင်ထဲမှာ လွမ်းတာလိုလို ကြေကွဲတာလိုလိုနှင့်။

"ကိုယ့်ကို နာကျင်အောင် လုပ်ခဲ့သူကိုမှ ကြင်နာချင်သွားတာမျိုး"

"ကိုယ် တကယ်လိုချင်တာ မင်းနဲ့ သင့်သင့်မြတ်မြတ်နေသွားဖို့ပါ"

ခင်က ကားကို မြို့ပြင်ထွက်သည့် လမ်းမပေါ် ဦးတည်ပေးရင်း နာနာကျင်ကျင် ပြုံးမိသည်။ ပြောသမျှစကား၊ ကြားသမျှ





မျက်ဝန်းတွေအားလုံးက ခယခဲ့သည် ရှိမှုးလား။ အထက်စီးဆန်ဆန် ခြွေချပေးခဲ့တာကို ကြေကျချင်တဲ့ နှလုံးသားအား စိတ်နာသည်။ ဒေါသ ထွက်သည်။ အချစ်ဆိုတာ ဘာမှန်းမသိသေးခင်မှာပင် မြည်းစမ်းကြည့်သော အရသာက ခါးသက်သက်ရယ်။

"သွားစမ်းပါ၊ နင်နဲ့ငါ ဒီဘဝ ဒီမျှပဲ ကိုကို၊ နင် အရှုံးအမှူး သည်းပြုသမျှ နင် ပြောင်းလဲပါပြီလို့ ကြွေးကြော်ထားသမျှ နင့်ပတ်ဝန်းကျင်မှာ အရှုံးတွေနဲ့ နေခဲ့တာမျိုး ငါ လိုချင်တာ၊ လူဆိုတာ တစ်သက် တစ်ခါတော့ ရှုံးကြတာပဲ"

"အဟွန်း..နင် ရှုံးတာက"

"ကိုယ် မရှုံးပါဘူး"

အသံက ခင့်ကားထဲက ထွက်လာတာ။ ရုတ်တရက်မို့ ခင်က ထိတ်ထိတ်ပျာပျာနှင့် နောက်ကြည့်မှန်ဆီ လှမ်းအကြည့်..

"အနိုင်ရတဲ့သူကလည်း မျက်ရည်တွေနဲ့ပါလား ခင်"

"ကိုကို"

တအံ့တသြကြီးရေရွတ်ပြီးမှ ခင် ကားရပ်ဖို့ သတိရသည်။ မနက်စောစောလည်းဖြစ်၊ မြို့ပြင်ထွက်သော လမ်းမပေါ်မို့ ကား



www.burmeseclassic.com

www.burmeseclassic.com



အသွားအလာ ကျဲပါးဆဲ။ ခင်က ကားရပ်ပြီးသည်နှင့် အလျင်စလို ဆင်းကာ နောက်ခန်းတံခါးကိုပါ ဆွဲဖွင့်ရင်း…

"နင် ဘယ်လိုဖြစ်ပြီး ငါ့ကားပေါ် ရောက်နေရတာလဲ"

"အင်း"

သံရှည်ဆွဲညည်းညူသူက ကားအောက်ဆင်းကာ ခါးကို ဘယ်ညာလှည့်ချိုးသည်။ ပြီးမှ ကားဘော်ဒီကို မှီရပ်ရင်း…

"သိတယ်လေ၊ မင်း ကိုယ့်ဆီက ထွက်ပြေးတော့မယ် ဆိုတာ၊ ပြီးတော့ မင်းကိုယ်ဝန် အတူကြီးဆိုတာလည်း ကို သိထား တယ်"

"ဘာ..ဘယ်လို၊ နင် အားလုံးကို သိ"

ချက်ချင်း ပန်းသွေးရောင်လွှမ်းတက်သွားတဲ့ မျက်နှာလေး ကို ကိုကိုက ရယ်မြူးရိပ်များဖြင့် ခေါင်းညိတ်ဖြေသည်။

"မင်းနားကို စရောက်ကတည်းက အဲဒါ အတူကြီးဆိုတာ ကို သိပြီးသား"

"ဒါဆို..နင်က"

"မင်း စွပ်စွဲခဲ့သလို ဝတ္တုရားဆန်တဲ့ အကြင်နာတွေနဲ့





ရောက်လာခဲ့တာ မဟုတ်ပါဘူး ခင်"

အံ့သြခြင်းတွေကြောင့် မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက် ကာ မျက်တောင်ကော့ကော့တွေက မျက်ခုံးရိုးနားအထိ ကော့တက် ပြန့်ကားနေ၏။ သိလိုစိတ်ရှိပေမယ့် မေးခွန်းတွေရှားပါးခြင်းသို့ ရောက်အောင် မင်သက်ခြင်းက အနိုင်ယူထားသဖြင့် နှင်းဆီရောင် နှုတ်ခမ်းတို့က တဆတ်ဆတ် တုန်ရီနေပေမယ့် စကားသံတို့ ထွက် မလာခဲ့။

ကိုကိုက ကိုယ်ကို မတ်မတ်ပြင်ရပ်ရင်း ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ သူမကို ကျကျနန စီးမိုးကြည့်တော့လည်း ဒေါသ ထွက်ဖို့ သတိမရ။ ရန်တွေ့ဖို့ မေ့နေလောက်တဲ့အထိ သူ့မျက်နှာ ပေါ်က ကောက်ကြောင်းတွေမှာပဲ စိတ်ဝင်တစားရှိလှကာ..

"မင်း ကိုယ်ဝန်ကြီးနဲ့လို့ စသိရတဲ့အချိန်မှာ ကို စိတ် လှုပ်ရှားသွားတာ ဝန်ခံပါတယ်၊ ကို မှားခဲ့ပြီလားလို့ပြန်တွေးတိုင်း နောင်တနဲ့အတူ ရင်ခုန်သံတွေ မြန်မြန်လာတယ်၊ တကယ်တော့ ကို နောင်တရနေတာလို့ ထင်နေတာ အမှားကြီးကွ၊ အဲဒီနောင်တကို သေချာခွဲခြမ်းစိတ်ဖြာကြည့်မှ…မင်း ကိုယ့်နားမရှိတော့တဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေကတည်းက ကို ကြိတ်လွမ်းနေခဲ့ရတာ”

“အမိပွာယ်မရှိတာ၊ ရန့်ဖြစ်ဖော်မရှိလို့ ပျင်းသွားတာပါ၊ အလွမ်းလို့ ခေါင်းစဉ်မတပ်နဲ့၊ အလွမ်းဆိုတာ အချစ်ရဲ့နောက်ဆက်တွဲ”

ခင်က စကားစကိုဖြတ်ကာ သူ့ကို မော့ကြည့်ပြီးမှ နှုတ်ခမ်းတွေ ဆောင်ဘင်ခတ်အောင် မဲ့ပစ်ရင်း...

“ပုံမှားလာမရိုက်နဲ့၊ ဟွန်း..မချစ်တတ်ဘဲ လွမ်းလို့မရဘူး”

သူက ပြုံးလိုက်သလိုလိုနှင့် ရီဝေစွာစူးစိုက်ငေးကြည့်တာက ပန်းနုရောင်နှုတ်ခမ်းဖျားနဲ့ မျက်တောင်ကော့ကော့တွေထံမှာသာ ဖြစ်ပြီး...

“ချစ်ပြီးမှ လွမ်းတာလို့ ဝန်ခံရင်ရော”

“မဖြစ်နိုင်တာ”

ခင်က တိုးတိုးလေးရေရွတ်တော့ သူက ကြည်နူးရိပ်သမ်းသော မျက်ဝန်းတွေနှင့် သူမမျက်နှာပေါ် အကြည့်တွေဖြန့်ကျက်ထားရင်း..

ဝိုးမိုး၈၁၄၀



“ဖြစ်ခဲ့တဲ့ အချစ်တွေအကြောင်း ကို ပြောပြနိုင်ရင် မင်း ကိုယ့်ကို ပြန်ချစ်မလား”

“အံမယ်”

မယုံသလို မျက်စောင်းရွယ်တော့...

“တကယ်ပြောတာ၊ မင်း ရေကန်ထဲကျသွားပြီး သတိလစ်နေတဲ့ညက”

စိတ်ဝင်စားခြင်းတွေကြောင့် ခင့်မျက်ဝန်းတွေ အရောင်တဖျတ်ဖျတ်တောက်လာသည်။ အဲဒီညက ရေမွှန်းကာ နောက်ပိုင်းဘာကိုမှ အမှတ်မရခဲ့တဲ့ ည။

“ရေတွေအန်အောင် ကို လုပ်ပေးပေမယ့် မင်း သတိပြန်မရဘူးလေ၊ မင်းကို နိုးရိမ်တဲ့စိတ်နဲ့ သတိပြန်ရစေချင်တဲ့စေတနာနဲ့ ကို မင်းနှုတ်ခမ်းတွေကတစ်ဆင့်..”

“တော်ပြီ..ကိုကို၊ ငါက အကောင်းမှတ်လို့ နားထောင်နေတာ”

“ရော်..ဒီကလည်း အကောင်းပြောနေတာပါ၊ ဘာစိတ်ရိုင်းမှ မပါဘဲ မင်းကို ကယ်တင်ခဲ့ပေမယ့် အဲဒီနှုတ်ခမ်းတွေရဲ့

ဝိုးမိုး၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ တကယ်သေဆုံးသွားခဲ့တာ ကိုယ့်မာနတွေဆိုရင်"

"တော်ပြီ..ငါ သွားတော့မယ်"

သူ့ဘေးကဖြတ်ပြီး ခင် ကားတံခါးကို ဆွဲဖွင့်ပေမယ့် သူ့ရဲ့ ဆွဲခေါ်မှုထဲ ခင့်လက်ကောက်ဝတ်မှတစ်ဆင့် တစ်ကိုယ်လုံးက ရင်ခွင်ထဲ ပြိုလဲကျသွားရင်း...

"သွားခွင့်မပြုဘူး ခင်၊ ကို ထပ်မလွှမ်းချင်လို့ မင်းနောက် လိုက်လာတာ၊ လွှမ်းနေရတာကို မုန်းတယ်"

"လွှတ်နော်..ကိုကို၊ လမ်းမကြီးပေါ်မှာ၊ လွှတ်..နင် ငါ့ကို အနိုင်မကျင့်နဲ့"

"မင်းပဲ အနိုင်ကျင့်ခဲ့တာပါ၊ သူ့အိမ်ပေါ်တက်လာတယ် ဆိုပြီး ဟောက်လိုဟောက်၊ အနားလည်း အကပ်မခံ၊ လင်မယား ဖြစ်ပြီး အတူ တစ်ခန်းတည်း အိပ်ခွင့်မရ"

"ဘာလင်မယားလဲ၊ အဲဒါ အတု"

"အတုဆိုတာ အစစ်ရဲ့နောက်ကမှ ပေါ်တာပါကွာ၊ ကိုက မင်းကို အချစ်စစ်နဲ့ချစ်ပြီး အကြင်နာမေတ္တာအစစ်တွေပဲ ပေးခဲ့တာ၊ ကိုယ့်ဘက်က စစ်မှန်လွန်းလို့ မင်းနှလုံးသားမှာ ရောင်ပြန်ဟပ်ပြီး





ကိုယ့်ကို ပြန်ချစ်နေတာလည်း ကို သိတယ်"

"အယ်..ဘယ်သူက ချစ်တယ်ပြောလို့လဲ"

ရင်ခွင်ထဲမှ အတင်းခေါင်းထောင်ထကာ မေးနေတဲ့ သူမ လေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖိုက်ထားရင်း...

"မပြောနဲ့၊ ကို သိတယ်"

"ဟင်...ခွတ်ကြီးပဲ"

"အင်း..ဒီထက် ခွတ်တရွတ်တွေလုပ်ဖို့ ရှိသေးတယ်"

မျက်ခမဲ ငုံ့ကျလာတဲ့မျက်နှာရဲ့နောက်မှာ မွှေးတွေးသိုသိပ် သော အနမ်းတွေက သူမမျက်နှာအနှံ့အပြားမှာ ဖြန့်ခင်းလျက်။ ရင်ခုန်ခြင်း၊ ရှက်ခြင်း၊ ကြည်နူးခြင်းတွေနှင့် မငြိမ်မသက် အတင်း ဖိပိတ်ထားသော မျက်တောင်ဖျားတွေကို သူက အနမ်းတွေနှင့် စိုစွတ်ထိကပ်ရင်း...

"တကယ်ပြောတာ၊ မင်းက ကိုကို့ရဲ့ အချစ်ဘုရင်မ"

နူးညံ့တိုးတိတ်သော ထိုအသံက ခင့်နှလုံးသားဆီ တိုးခွဲ စီးဆင်းသွားတာက ချိုမြိန်တဲ့ ပျားရည်မြစ်တစ်စင်းအဖြစ်...။

တကယ်ဆို အချစ်ကြောင့် နူးညံ့တတ်ခဲ့သော ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com

နှင့် မုန်း၍ ချစ်တတ်ခဲ့သော ကောင်မလေးတို့၏ ပန်းနုရောင် လွှင်ပြင်သည် အသစ်ဖြစ်သော အနမ်း၊ အစစ်ဖြစ်သော ချစ်ခြင်း များနှင့်…

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာဖြင့်
မြပုလဲသွယ်

BURMESE CLASSIC .com

ဒိုးမိုးစာပေ

www.burmeseclassic.com